# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၁၈၄)

# နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ ဆောလျင်စွာ ဆောင်ရွက်မည်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော်  မတ်  ၃၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**ကို အဆိုတင်သွင်းခြင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ကတိသစ္စာပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဗိုလ်ကြီးမင်းမင်းသိန်းက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳

## နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နဲ့ မြန်မာ့အဆင့်နေရာ

စာမျက်နှာ - ၆

## သတင်းစာ ပြောင်း မပြောင်း

စာမျက်နှာ - ၇

ရာပြည့်® အမှတ်တံဆိပ် ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည်

ကြက်လည်ဆံလက်ဖက်ခြောက် ရေနွေးကြမ်းမွှေးမွှေးကလေး အရသာကို စံစားရင်း ဆီးချိုရောဂါ၊ ဆီးပူညောင်းကျခြင်း၊ ဆီးကျောက်တည်ခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း သွေးတိုးခြင်း၊ ဖက်ကြောတက်ခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်လက်လေးလံ ထိုင်းမှိုင်းခြင်း၊ လန်းဆန်းခွန်အား ဖြစ်စေခြင်းတို့အတွက် စိတ်ကျေနပ်မှုရစေပါမည်။ ယင်းရောဂါများ မဖြစ်ပွားစေရန် ကြိုတင်၍ ကာကွယ်မှုအဖြစ် အမြဲသောက်သုံးနိုင်ပါသည်။

" ကြက်လည်ဆံလက်ဖက်ခြောက်၊ အဖန်ရည်အမြဲသောက်ပါက .... ဆီးချို၊ သွေးတိုးနဲ့ ဆီးရောဂါ ဖုန်အမှု၊ အဝေးရောက်ပေလိမ့်, အကြိမ်ကြိမ်သောက်သလောက် ကောင်းတဲ့ရည် (ရေ) .. "

ပင်ရင်း– ရာပြည့်ဆေးဝါးထုတ်လုပ်ရေး yarpyaenine@gmail.com

မြေအမှတ် ၃၄ အီး+၂၊ ကျောက်ကုန်းလမ်း၊ ၁၄ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း–၀၉ ၂၅၀၃ ၅၃၀၅၃၊ ၀၉ ၂၅၉၂ ၈၆၇၂၃၊ ၀၉ ၂၅၉၂၈၆၇၂၈။ ဖြန့်ချီရေး – ကိုဝင်းမြင့် +မဒေဘီ

ကမ်းနားလမ်းနှင့်၁၅လမ်းထိပ်၊ရန်ကုန်မြို့။ ၀၁–၂၂၆၃၈၂၊ လှုထူမေတ္တာစတိုး၊ ၂၄လမ်း၊ ရန်ကုန်မြို့။ ၀၁–၂၅၁၇၀၃၊ ဦးစံရင်ဆေးဆိုင်၊ မော်လမြိုင်မြို့။ ၀၅၇ ၂၃၁၁၄၊ မတူးမစူး ဈေးချို မန္တလေးမြို့။ ၀၂–၃၁၄၄၄၊ Super One နှင့် ဈေးဆိုင်ကုန်တိုက်များအားလုံး

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့က ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ထူးခြားသောဥပဒေကြမ်းတစ်ရပ် တင်သွင်းသည်။

ဥပဒေကြမ်းအမည်က "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း"

ဥပဒေကြမ်းတွင် ဖော်ပြထားချက်အရ၊ ဤဥပဒေကြမ်းက ရည်ညွှန်းသော အတိုင်ပင်ခံပုဂ္ဂိုလ်ဟူသည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက်ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။

အတိုင်ပင်ခံပုဂ္ဂိုလ်အား ပေးအပ်သည့်တာဝန်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ "နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အကြံပြုချက်များ" ပေးရန်ဖြစ်သည်။

နိုင်ငံတော်- နိုင်ငံသားအကျိုးစီးပွားဟူသည်ကို ဥပဒေကြမ်းထဲတွင် "ရည်ရွယ်ချက်များ" ခေါင်းစဉ်အောက်၌ တိကျစွာဖော်ပြထားသည်။ (က) ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ (ခ) ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ (ဂ) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေးနှင့် (ဃ) ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

ဤရည်ရွယ်ချက်များ သို့မဟုတ် နိုင်ငံ့အကျိုးစီးပွားများကို အောင်မြင်စွာ ဆောင်ကြဉ်းနိုင်ရန်အတွက် အတိုင်ပင်ခံပုဂ္ဂိုလ်အား "အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်" ပေးအပ်ထားသည်။

ထို့ပြင် ဥပဒေကြမ်း၌

"အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်" ဟူ၍လည်းကောင်း၊

"ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ ကာလအတွက်သာဖြစ်စေရမည်" ဟူ၍လည်းကောင်း ဖော်ပြထားရာ ခြုံငုံသုံးသပ်သော် ဤဥပဒေကြမ်း သို့မဟုတ် ဤဥပဒေကြမ်းကို လွှတ်တော်အရပ်ရပ်က အတည်ပြုပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာမည့် "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ" သည် ပြည်သူလူထုတစ်ရပ်လုံး လေးစားအားထားကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ သယ်ပိုးထမ်းရွက်ရန် ယုံကြည်ကိုးစား အပ်နှံလိုက်သော သဘောဖြစ်သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံတွင် မရှိခဲ့ဖူးသော၊ အခြားအခြားသောနိုင်ငံများတွင်လည်း တစ်ထပ်တည်းတူညီစွာ ရှိလိမ့်မည်မဟုတ်သော "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်" ဟူသည့် ထူးခြားလှသော ရာထူးနေရာ၌ ဒေါ်အောင်ဆန်းစုကြည်အား တင်မြှောက်ရန် ဥပဒေကြမ်း တင်သွင်းရခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ဤဥပဒေသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၁၇)တွင် ဖော်ပြသတ်မှတ်ထားသည့် ပြည်ထောင်စုလွှတ်တော်၏ ဘောင်အတွင်းကဖြစ်ကြောင်း တင်ပြသည်ကို တွေ့ရသည်။

အဆိုပါပုဒ်မ (၂၁၇)တွင်

"ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်။ ဤစကားရပ်ကြောင့် ပြည်ထောင်စုလွှတ်တော်သည် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်အားလည်းကောင်း၊ အာဏာပိုင်ပုဂ္ဂိုလ် တစ်ဦးဦးအားလည်းကောင်း တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းမပြုနိုင်ဟု မမှတ်ယူရ။ ထို့ပြင် ယင်းစကားရပ်ကြောင့် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်အားဖြစ်စေ၊ သက်ဆိုင်ရာအာဏာပိုင်ပုဂ္ဂိုလ် တစ်ဦးဦးအားဖြစ်စေ၊ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နိုင်ငံတော်သမ္မတအား လွှဲပြောင်းပေးအပ်သည်ဟုလည်း မမှတ်ယူရ။"

ဟူ၍ ဖော်ပြထားကြောင်း တင်ပြအပ်ပါသည်။



## သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု လျှော့ချရေး အသိပညာပေး

**ကျိုင်းတောင်း မတ် ၃၁**

လင်းခေးခရိုင် ကျိုင်းတောင်းမြို့နယ်ရှိ အမှတ်(၅)ရပ်ကွက် ဓမ္မာရုံ၌ မတ် ၃၁ ရက် နံနက် ၉ နာရီခွဲက သင်္ကြန်ကာလအတွင်း ဒေသခံပြည်သူများ အေးချမ်းစွာ ပျော်ပျော်ရွှင်ရွှင် ရေကစားနိုင်စေရန် ကျိုင်းတောင်းမြို့နယ်စခန်းမှူး ရဲအုပ်ကျော်ဇေယျက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုမရှိစေရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စခန်းမှူး ရဲအုပ်ကျော်ဇေယျက ယခုနှစ်ကျရောက်မည့် သင်္ကြန်ကာလအတွင်း ဒေသခံပြည်သူများအနေဖြင့် ပျော်ပျော်ရွှင်ရွှင် ရေကစားနိုင်စေရေး၊ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်မဖြစ်စေရေး၊ ပြည်သူလူထုကို စိတ်အနှောင့်အယှက် မဖြစ်စေရေးနှင့် သင်္ကြန်ကာလအတွင်း ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖြင့် ပတ်သက်၍ အသိပညာများဆွေးနွေးပြီး စည်းကမ်းလိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

## သင်္ကြန်ကာလအတွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရေး ယာဉ်ထိန်းအင်အား တိုးမြှင့်ချထားမည်

**မုံရွာ မတ် ၃၁**

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်တိုက်မှုအန္တရာယ်များ မဖြစ်ပွားစေရေးအတွက် ယာဉ်ထိန်းရဲအင်အား တိုးမြှင့်ချထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(စစ်ကိုင်း)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"သင်္ကြန်ကာလမှာ ယာဉ်ကြောပိတ်ဆို့မှုနဲ့ ယာဉ်တိုက်မှုအန္တရာယ်များ မဖြစ်ပွားစေရေးအတွက် ယခင်နှစ်ကထက်ပိုပြီး ယာဉ်ထိန်းရဲအင်အား တိုးမြှင့်ချထားမှာဖြစ်ပါတယ်။ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွေနဲ့ အိတ်ဇောစက်သံဆူညံတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေ၊ သရုပ်ပျက်ပြုပြင်ထားပြီး နံပါတ်ပြားတပ်ဆင်ထားခြင်းမရှိတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေကိုလည်း စစ်ဆေးအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သင်္ကြန်ကာလမှာ မလိုလားအပ်တဲ့ ယာဉ်တိုက်မှုများ မဖြစ်ပွားစေရေးအတွက် အရက်သေစာသောက်စားမူးယစ်ပြီး မောင်းနှင်တဲ့ ယာဉ်မောင်းတွေကိုလည်း စစ်ဆေးအရေးယူသွားမှာဖြစ်ပါတယ်"ဟု အမှတ်(၁၇) ယာဉ်ထိန်းရဲမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးခင်ဇော်မြင့်က ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၄-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၃၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၉၁၀၀၀/၉၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၀၀၀၀/၁၀၂၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၅.၇၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၃၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၇၄ |
| တရုတ် | တစ်ယွမ် | ၁၈၆.၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၄၉ |

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့မှုရှိနိုင် ငွေကြေးဖောင်းပွမှုအတန်အသင့်မြင့်မားဆဲ

ရန်ကုန် မတ် ၃၁

**မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံရေးဖြစ်စဉ်များနှင့် စနစ်ကျနသော ပြုပြင်ပြောင်းလဲမှုအစီအမံများသည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB)က ယနေ့ထုတ်ပြန်သော အစီရင်စာတွင်ဖော်ပြထားသည်။**

အာရှဖွံ့ဖြိုးရေးဘဏ်၏ နှစ်စဉ်ထုတ်ပြန်သော အာရှ၏ စီးပွားရေးအစီရင်ခံစာ ၂၀၁၆ ၌ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၆ ဘဏ္ဍာနှစ် (၃၁ ရက် မတ်လ ၂၀၁၇ခုနှစ်တွင် ကုန်ဆုံး) တွင် ၈ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ နိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ရေကြီး မြေပြိုမှုများကြောင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်းခန့်သာ ရှိခဲ့ကြောင်း သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် ဗင်းဖရက်ဗစ်ကလိုင်းက "၂၀၁၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေက အပြုသဘောရလဒ်တွေ ဖြစ်ထွန်းနေပေမယ့် မြန်မာနိုင်ငံရဲ့ အစိုးရအသစ်အနေနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာပိုမိုရှေ့ရောက်ဖို့ အခြေခံအဆောက်အအုံနဲ့ လုပ်သားလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့၊ ငြိမ်းချမ်းရေးနဲ့ လူမှုအသိုက်အဝန်းတွေ အချင်းချင်း သွေးစည်းချစ်ကြည်ကြဖို့ စတဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင်ကျေးလက် ဒေသတွေအနေနဲ့ ဈေးကွက်နဲ့ ဝန်ဆောင်မှုတွေကို ပိုမိုလက်လှမ်းမီစေပြီး စီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ထုတ်ဖော်ရရှိစေဖို့ ကျေးလက်ဒေသတွေနဲ့ချိတ်ဆက်မှုရရှိအောင် ပိုမိုကြိုးပမ်းအားထုတ်နေဖို့လည်းလိုအပ်နေပါတယ်" ဟုပြောသည်။

အခြားဒေသတွင်းနိုင်ငံများ၏ သယ်ယူပို့ဆောင်ရေးစနစ် စံနှုန်းများကိုလိုက်မီစေရန် မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်အထိ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း အစီရင်ခံစာ၌ဖော်ပြထားသည်။

**မွန်းဦးနဒီ**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်



နေပြည်တော် မတ် ၃၁

၂၀၁၄-၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ Myanmar Event Park ၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (News Channel)နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့ ညနေ ၃ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပ

**နေပြည်တော် မတ် ၃၁**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (မြန်မာဂုဏ်ထူး)ကို တိုင်းဒေသကြီးနှင့် ပြည်နယ် စာဖြေဌာန ၅၁ ဌာန၌ လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(မြန်မာဂုဏ်ထူး) ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း အပါး ၇၂၀ အနက် ၃၉၃ ပါးဖြေဆိုကြသဖြင့် ၅၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြေဆိုကြပြီး ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၅၃၁၄၅ ပါးအနက် ၄၁၅၇၆ ပါးဖြေဆိုကြသဖြင့် ၇၈ ဒသမ ၂၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။ **(သတင်းစဉ်)**

# အစိုးရပါဠိပထမပြန်စာမေးပွဲ အမြို့မြို့အနယ်နယ်၌ကျင်းပ

**ဟားခါး**

၂၀၁၆ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲကို မတ် ၃၁ ရက်က ချင်းပြည်နယ် ဟားခါးစာဖြေဌာန အမက- ရဲကုန်းကျောင်း၌ ကျင်းပရာ ပထမငယ်တန်း၌ ရဟန်းတစ်ပါးနှင့် သီလရှင်နှစ်ပါး၊ ပထမလတ်တန်း၌ ရဟန်းနှစ်ပါးနှင့် သီလရှင်နှစ်ပါး ပထမကြီးတန်း၌ ရဟန်းလေးပါးနှင့် သီလရှင်တစ်ပါး၊ စုစုပေါင်း ရဟန်းခုနစ်ပါးနှင့် သီလရှင်ငါးပါးဖြေဆိုလျက်ရှိကြပြီး ပါဠိပထမပြန် စာမေးပွဲကို မတ် ၃၁ ရက် မှ ဧပြီ ၆ ရက်အထိ ခုနစ်ရက်ကြာ ဖြေဆိုကျင်းပသွား မည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

**လွိုင်လင်**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ပါဠိပထမပြန်စာဖြေပွဲတော်ကို မတ် ၃၁ ရက်က မြို့လယ် ကျောင်းတိုက်၌ကျင်းပရာ အခြေပြု ၉၅ ပါး၊ ပထမငယ် ၈၈ ပါး၊ ပထမလတ် ၁၄ ပါးနှင့် ပထမကြီး ၂၃ပါး ဖြေဆိုတော်မူ မည်ဖြစ်ပြီး စာဖြေပွဲတော်ကို ဧပြီ ၆ ရက်အထိ ကျင်းပမည် ဖြစ်သည်။ **မိုးလွင်ဦး(လွိုင်လင်)**

**သနပ်ပင်**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အကြိမ်(၃၀) မြောက် ပါဠိပထမပြန်စာမေးပွဲကို သနပ်ပင်မြို့ မြို့မပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ပထမကြီးတန်း ကိုးပါး၊ ပထမလတ်တန်း ကိုးပါး၊ ပထမငယ်တန်း ၁၃ ပါး၊ စုစုပေါင်း စာဖြေသံဃာတော် ၃၁ ပါး ဖြေဆိုကြသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲများကို သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပပြီး ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၃၁ မှ မေ ၆ ရက်အထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၈ ဌာန၌ကျင်းပလျက်ရှိကြောင်း သိရသည်။

**တင်အောင်ဆန်း(သနပ်ပင်)**

❒ ***ကျောဖုံးမှ***

ယခုကာလသည် မြန်မာပြည်သူများ၊ အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းစွာအတူတကွ အာဏာလွှဲပြောင်းရေးအတွက် လုပ်ဆောင်ခဲ့ကြသည့် ခေါင်းဆောင်များအားလုံး၏ ကြိုးပမ်းမှုသက်သေပင်ဖြစ်ကြောင်း၊ မြန်မာ့နိုင်ငံရေးမှာ ၂၀၁၁ခုနှစ်မှစတင်ကာ ပြောင်းလဲလာခဲ့ပြီး ယခုအောင်မြင်မှုသည် ပြုပြင်ပြောင်းလဲရေးများ၏ သိသာထင်ရှားမှုပင်ဖြစ်ကြောင်း ဖော်ပြထားသည်။

"မြန်မာနိုင်ငံအနေနဲ့ ရှေ့ခရီးဆက်ရာမှာ ပိုမိုကျယ်ပြန့်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့နဲ့ အမျိုးသားရင်ကြားစေ့ရေးကို တိုးတက်ဖော်ဆောင်ဖို့၊ နိုင်ငံသားတွေအတွက် အခွင့်အရေးနဲ့ လွတ်လပ်မှုတွေကို တိုးမြှင့်ပေးဖို့ စတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်သွားရနိုင်ပါတယ်"ဟု အဆိုပါကြေညာချက်တွင် အမေရိကန်သမ္မတ အိုဘားမားက ပြောကြားထားသည်။

မြန်မာနိုင်ငံသည် အားလုံးပါဝင်သည့် ငြိမ်းချမ်းသော၊ စည်ပင်ဝပြောသော အနာဂတ်ကို ဖော်ဆောင်သွားကြမည်ဟု အမေရိကန်ပြည်ထောင်စုက မျှော်လင့်ကြောင်းကိုလည်း အိုဘားမားက ဆက်လက်ပြောကြားထားသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာအစိုးရသစ်နှင့် မြန်မာနိုင်ငံသားများအတွက် မိတ်ဆွေမွန်၊ မိတ်ဖက်ကောင်းအဖြစ် ရပ်တည်သွားရန် အိုဘားမားက မျှော်လင့်ကြောင်း အိမ်ဖြူတော်၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**ခင်ရတနာ**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၆ ခု အပြီးသတ်ဆောင်ရွက်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး မတ် ၃၁**

မန္တလေးတိုင်း ဒေသကြီးအတွင်း ဧရာဝတီမြစ်၊ ပန်းလောင်မြစ်နှင့် ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးမှ ကျေးရွာများ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၆ ခုကို ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၃၇၄၅ ဒသမ ၁၀ သုံးစွဲ၍ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မန္တလေး)မှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို မတ် ၃၀ ရက်က တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် ဌာနတာဝန်ရှိသူများက သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြသည်။

"ကမ်းပြိုကာကွယ်ရေးနဲ့ ရေလမ်းကောင်းမွန်ရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေ ပြည်ထောင်စုရန်ပုံငွေတွေအပြင် ဖြည့်စွက်ရန်ပုံငွေတွေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အရေးပေါ်သောင်တူးလုပ်ငန်းတွေလည်း ပြီးခဲ့တဲ့လတွေက ဆောင်ရွက်ခဲ့တဲ့အတွက် အခုလို ရေနည်းချိန်မှာ ရေယာဉ်တွေ အန္တရာယ်ကင်းစွာသွားလာနိုင်မှာပါ"ဟု ညွှန်ကြားရေးမှူးက ပြောသည်။ ယင်းဌာနအနေဖြင့် နွေရာသီရေနည်းချိန်ကာလတွင် ရေယာဉ်များဘေးကင်းစွာ သွားလာနိုင်ရေးအတွက် ရေစူးကန့်သတ်ချက်များ ထုတ်ပြန်ပေးထားသဖြင့် ရေယာဉ်များကလိုက်နာမောင်းနှင် ကြရန်လိုအပ်ကြောင်း၊ ရေလမ်းညွှန်အမှတ်အသားများကိုလည်း အချိန်နှင့်တစ်ပြေးညီ စိုက်ထူအသိပေးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်း ၂၆ ခုတွင် တိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၂၉၂၄ ဒသမ ၃၀ ဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၂ ခု၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေကျပ်သန်းပေါင်း ၈၂၀ ဒသမ ၈၀ ဖြင့် လုပ်ငန်းလေးခုတို့တွင် ငွေကျပ်သန်းပေါင်း ၃၇၄၅ ဒသမ ၁၀ သုံးစွဲဆောင်ရွက်ခဲ့သည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၃၄၆ ဒသမ ၇၃ သန်းဖြင့် ဧရာဝတီမြစ် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းငါးခု ဆောင်ရွက်ခဲ့ရာ ယင်းလုပ်ငန်းအားလုံးအတွက် စုစုပေါင်း ကျပ်သန်းပေါင်း ၄၀၉၁ ဒသမ ၈၃ သုံးစွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။



# အမျိုးသမီးများကိုယ်ဝန်ဖျက်ချလျှင် အပြစ်ပေးမည်ဟူသော ဒေါ်နယ်ထရန့်၏ ပြောကြားချက် ဝေဖန်မှုအမြောက်အမြားကြုံရ

**ဝါရှင်တန် မတ် ၃၁**

ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်ထရန့်၏ အမျိုးသမီးများ ကိုယ်ဝန်ဖျက်ချလျှင် အပြစ်ပေးမည်ဟူသော ပြောကြားချက်ကြောင့် ဝေဖန်မှုအမြောက်အမြား ရင်ဆိုင်နေရကြောင်း သိရသည်။



အမ်အက်စ်အင်န်ဘီစီရုပ်သံက ပြုလုပ်သော အခမ်းအနားတွင် ထရန့်က ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။ တရားမဝင် ကိုယ်ဝန်ဖျက်ချခြင်းပြုလုပ်ပါက အပြစ်ပေးမည်ဖြစ်ကြောင်း၊ အမျိုးသမီးများအတွက် ပြစ်ဒဏ်ပုံစံများရှိကြောင်း ၎င်းကပြောဆိုခဲ့သည်။

အမျိုးသမီးထုနှင့် အခြားသူများက ၎င်း၏မှတ်ချက်အပေါ် မဆိုင်းမတွ ပြင်းထန်စွာဝေဖန်လိုက်သည်။

ထရန့်၏ မဲဆွယ်စည်းရုံးရေးရုံးက ၎င်း၏ ကနဦးအမြင်အပေါ် ပြောင်းပြန်ဖြစ်စေသော ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်။

ယင်းကြေညာချက်တွင် ကိုယ်ဝန်ဖျက်ချခြင်းသည် တရားမဝင်ကိစ္စဖြစ်ကြောင်း၊ ကိုယ်ဝန်ကိုဖျက်ချသည့် ဆရာဝန်များကိုသာ အပြစ်ပေးမည်ဖြစ်ပြီး အမျိုးသမီးများကို အပြစ်ပေးမည် မဟုတ်ကြောင်း ဖော်ပြပါရှိသည်။

ထရန့်၏ပြိုင်ဘက်များကလည်း ၎င်းကို ဝေဖန်မှုပြုလိုက်သည်။

ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်ကလည်း တုန်လှုပ်ဖွယ်ကောင်းပြီး အန္တရာယ်ရှိသော သတင်းထုတ်ပြန်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထရန့်၏ ပြိုင်ဘက်တစ်ဦးဖြစ်သူ ကိုယ်ဝန်ဖျက်ချခြင်းကို ဆန့်ကျင်သည့် ရီပတ်ဘလီကန် တဒ်ခရုက အမျိုးသမီးများကို ပြစ်ဒဏ်မပေးသင့်ကြောင်း ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## နျူကလီးယားလုံခြုံရေးဆိုင်ရာအစည်းအဝေးတက်ရောက်ရန် ကမ္ဘာ့ခေါင်းဆောင်များ ဝါရှင်တန်ရောက်ရှိ

**ဝါရှင်တန် မတ် ၃၁**

ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်မှခေါင်းဆောင်များသည် နျူကလီးယားလုံခြုံရေးအစည်းအဝေးတက်ရောက်ရန်အတွက် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ရောက်ရှိနေကြပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးနှင့် အခြားခေါင်းဆောင်များသည် ဝါရှင်တန်အပြင်ဘက်ရှိ ဂျိုင့်ဘေ့စ်အန်ဒရူးလေဆိပ်သို့ ရောက်ရှိလာကြသည်။

အစည်းအဝေးကျင်းပချိန် နှစ်ရက်အတွင်း အကြမ်းဖက်မှုများကို ကာကွယ်ရန် ခေါင်းဆောင်များတည်းခိုရာဟိုတယ်များနှင့် အစည်းအဝေးကျင်းပမည့်နေရာများတွင် လုံခြုံရေးများတင်းကျပ်ထားကြောင်း သိရသည်။

အစည်းအဝေးအစီအစဉ်များတွင် အိုင်အက်စ်အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကို မည်သို့ကာကွယ်ရမည်ဆိုသည့်နည်းလမ်းများ ပါဝင်ကြောင်း အိမ်ဖြူတော်အရာရှိများက ပြောခဲ့သည်။

အစည်းအဝေး၏သီးခြားအစီအစဉ်များအနေဖြင့် အမေရိကန်သမ္မတ အိုဘားမားသည် ဝန်ကြီးချုပ်အာဘေးနှင့် သမ္မတပတ်တို့နှင့် သုံးဦးဆိုင်အစည်းအဝေးတက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် အမေရိကန်သမ္မတသည် တရုတ်သမ္မတရှီကျင့်ဖျင်နှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားအရေးကိစ္စနှင့် တောင်တရုတ်ပင်လယ်အငြင်းပွားမှုများသည် ဆွေးနွေးမည့်အကြောင်းအရာများတွင်ပါဝင်မည်ဟု မျှော်လင့်ရသည်။

**(အင်န်အိတ်ချ်ကေ)**

## ဆိုမာလီတွင် အသေခံပုံးခွဲတိုက်ခိုက် ဘဏ္ဍာရေးအကြီးအကဲ သေဆုံး

**မိုဂါဒစ်ရှူး မတ် ၃၁**

ဆိုမာလီနိုင်ငံ မြောက်ဘက်အလယ်ပိုင်းရှိ မူဒက်မြို့ ဂယ်ကယ်ဆိုင်ယိုရှိ ဟိုတယ်တစ်လုံး၌ အသေခံပုံးခွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူရှစ်ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

အန်လေးဟိုတယ်တိုက်ခိုက်မှုတွင် ပန့်တ်လန့်ဒ်ပြည်နယ် ဘဏ္ဍာရေးအကြီးအကဲနှင့် ၎င်း၏ကိုယ်ရံတော် ငါးဦးသေဆုံးသွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။

ဒေသဆိုင်ရာ အာဏာပိုင်များက ခိုင်လုံသောသတင်းထုတ်ပြန်ချက် မပြုလုပ်သေးသော်လည်း အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဒေါ်နယ်ထရန့်၏ နျူကလီးယားမှတ်ချက်အပေါ် အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ပြင်းထန်စွာဝေဖန်

**ဝါရှင်တန် မတ် ၃၁**

ဂျပန်နှင့် တောင်ကိုရီးယားက မြောက်ကိုရီးယားကို ရင်ဆိုင်ရန် ၎င်းတို့၏ နျူကလီးယားလက်နက်များကို အဆင့်မြှင့်တင်မှုလုပ်ထားရန် တိုက်တွန်းနှိုးဆော်ခဲ့သည့် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်ကို အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူက ပြင်းထန်စွာဝေဖန်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မတ် ၃၁ ရက်က ဖော်ပြခဲ့သည်။

ဒေါ်နယ်ထရန့်၏အကြံပြုချက်များသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အမေရိကန်တို့ကျင့်သုံးသော လမ်းစဉ်နှင့် ဆန့်ကျင်နေကြောင်း ဂျိုးရှ်အားနက်က သတင်းထောက်များကို ဗုဒ္ဓဟူးနေ့က ပြောခဲ့သည်။

၎င်း၏မှတ်ချက်အပေါ် စိတ်ကူး ရန်ပင် မဖြစ်နိုင်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက ဆက်လက် ပြောကြားသည်။

အမေရိကန်သည် မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုကို ရင်ဆိုင်ရန် ဂျပန်နှင့် တောင်ကိုရီးယားတို့နှင့်ဆက်ဆံရေး ကောင်းမွန်အောင် ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။

အကယ်၍ထရန့်က ၎င်းသာ သမ္မတအဖြစ် ရွေးချယ်ခံရပါက ဂျပန်နှင့် တောင်ကိုရီးယားတို့တွင်တပ်ဖြန့်ထားသော အမေရိကန်တပ်သားများအတွက် ယင်းနိုင်ငံများက ကုန်ကျစရိတ်ကျခံခြင်းမရှိပါက တပ်များပြန်လည်ဆုတ်ခွာမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## ဗီယက်နမ်လွှတ်တော်က ပထမဆုံး လွှတ်တော်ဥက္ကဋ္ဌအဖြစ် အမျိုးသမီးတစ်ဦးကိုတင်မြှောက်

**ဟနွိုင်း မတ် ၃၁**

ဗီယက်နမ်အမျိုးသားလွှတ်တော်ကကြာသပတေးနေ့တွင် ငုယင်သီကင်နန်ကို နိုင်ငံ၏ပထမဆုံး အမျိုးသမီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ နန်သည် အမျိုးသားလွှတ်တော်တွင် မဲပေးခွင့်ရှိသူ အရေအတွက် ၄၈၁ဦးရှိသည့်အနက် ထောက်ခံမဲ ၄၇၂မဲရရှိကာ ၁၃ ကြိမ်မြောက် အမျိုးသားလွှတ်တော် ၁၁ ကြိမ်မြောက်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ထို့အပြင် ၎င်းသည် အမျိုးသားရွေးချယ်ရေးကောင်စီတွင် မဲပေးခွင့်ရှိသူပေါင်း ၄၇၇ ဦးရှိသည့်အနက် ထောက်ခံမဲ ၄၆၈ မဲရရှိခဲ့ကာ ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရသည်။ နန်သည် ဒုတိယအမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ၂၀၁၁ခုနှစ်ကတည်းကတာဝန်ထမ်းဆောင်ခဲ့ကြောင်းသိရသည်။ **(ဆင်ဟွာ)**



## အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် ဆောက်လက်စမိုးပျံတံတားတစ်စင်းပြိုကျမှုဖြစ်

**နယူးဒေလီ မတ် ၃၁**

အိန္ဒိယအရှေ့ပိုင်းရှိ ကိုလ်ကတ္တားမြို့၏ လူစည်ကားသောဒေသတွင် ဆောက်လက်စမိုးပျံတံတားတစ်စင်းပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးပြီး အများ အပြားဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက မတ် ၃၁ ရက်က ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြိုကျသွားသောမိုးပျံတံတား အပျက်အစီးများကြားမှ သေဆုံးနေသော လူ၁၀ဦးကို ဆွဲထုတ်ခဲ့ရပြီး တခြားဒဏ်ရာရသူများကို ကယ်ဆယ်ရေးသမားများက နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ ကျန်ရှိနေသော လူများကိုလည်း ဆက်လက်ကယ်ဆယ်နေရကြောင်း၊ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်သားများဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ကျယ်လောင်သောအသံကြီးကြားပြီး ပြိုကျသွားခဲ့ကြောင်း၊ ပြိုကျသွားသောနေရာမှ မီးခိုးလုံးကြီးများထွက်လာကြောင်း မျက်မြင်တွေ့သူတစ်ဦး၏ပြောကြားချက်ကိုကိုးကား၍ ဒေသတွင်းရုပ်သံက ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# ပြည်သူတင်မြှောက်သည့် အစိုးရပေါ်ပေါက်လာသဖြင့် မြန်မာနိုင်ငံအနှံ့တွင် စတုဒိသာကျွေးခြင်းနှင့် ယာဉ်လိုင်းတချို့ ခရီးစဉ် အခမဲ့ပို့ဆောင်လျက်ရှိ

**မန္တလေး မတ် ၃၁**

မန္တလေးတိုင်း ဒေသကြီးအတွင်း အပါအဝင် မြန်မာနိုင်ငံအနှံ့အပြား၌ ပြည်သူတင်မြှောက်သည့် အစိုးရ ထောက်ခံဂုဏ်ပြုပွဲများ၊ စတုဒိသာ ကျွေးခြင်းနှင့် ယာဉ်လိုင်းတချို့က အခမဲ့ပို့ဆောင်ပေးလျက်ရှိသည်ကို မတ် ၃၁ ရက်ကတွေ့ရသည်။

"ယနေ့ ဖေ့စ်ဘွတ်စ်ပေါ်မှာတော့ သမ္မတ ဦးထင်ကျော်ကို ထောက်ခံကြိုဆိုပွဲတွေနဲ့ ယာဉ်တချို့ကအခမဲ့ပို့ဆောင် ပေးတာတွေအများဆုံး တွေ့ရတယ်။ အခုလို ပြည်သူတွေလုပ်နေတာဟာ သူတို့လိုလားတဲ့အစိုးရ ပေါ်ထွက်လာလို့ဘယ်ပါတီ ဘယ်အဖွဲ့ အစည်းကမလုပ်မနေရဆိုပြီးလုပ်နေတဲ့ပွဲ မဟုတ်ပါဘူး။ သူတို့အသိစိတ်ဓာတ်နဲ့လုပ်ကြတဲ့ပွဲတွေပါ"ဟုမန္တလေး ဒေသခံတစ်ဦးက ပြောသည်။



ထို့အပြင် မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်များက ၎င်းတို့၏ ဆိုင်ထိုင်နေကျ မိတ်ဆွေများကို လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ခုကျွေးခြင်း၊ လူငယ်များစုကာ အအေးတိုက်ခြင်းနှင့် မြို့နယ်အလိုက် အင်န်အယ်လ်ဒီရုံးများက စတုဒိသာ၊ ထမင်းဟင်းများ ချက်ပြုတ်ကျွေးခြင်းတို့ကို ဧပြီ ၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့ကို ဆက်သွယ်တည်ဆောက်ထားသော ငမိုးရိပ်တံတား(ဗိုလ်မှူးဗထူး) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသွားသဖြင့် မတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့ရာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။ (အဆိုပါ တံတားသည် မော်တော်ယာဉ် တစ်စီးချင်း ခံနိုင်ဝန် ၇၅ တန်ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ၁-၇-၂၀၁၅ ရက်က စတင်တည်ဆောက်ခဲ့ရာ ငွေကျပ် ၅ ဒသမ ၅၇ ဘီလီယံကုန်ကျခဲ့ကြောင်း သိရသည်။)

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍အသိပညာပေး

**စစ်ကိုင်း မတ် ၃၁**

စစ်ကိုင်းမြို့နယ်အတွင်း ပြည်သူအများသွားလာသည့်နေရာဖြစ်သော မြို့မဈေးအရှေ့ဘက်လမ်းမပေါ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှေ့ မြေစိုက်ဘုတ်၌ မတ် ၃၀ ရက်က အယ်လ်နီညို ရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးစာတမ်းပါ ဗီနိုင်းကို ပြည်သူအများ ကြိုတင်သိရှိနိုင်ရန် ကြော်ငြာထားသည်ကို သိရသည်။



အဆိုပါ စာတမ်းသည် ယခုကာလမှာ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း များနေသဖြင့် နေရောင်ခြည်သည် လူ၏ခန္ဓာကိုယ်အား တိုက်ရိုက်ထိတွေ့ပါက ပြည်သူအများ ကြုံတွေ့လာမည့် ကျန်းမာရေး ပြဿနာများနှင့်ပတ်သက်၍ ကြိုတင်သိရှိနားလည် နိုင်စေရန်အတွက် လည်းကောင်း၊ ပြည်သူအများသွားလာရင်းကိုယ်တွေ့ကြုံလာပါက ဆက်လက်လုပ်ဆောင်ရမည့် အသိပညာပေးအကြောင်းအရာများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အပူဒဏ်ကာကွယ်ရေး နှိုးဆော်သတိပေးချက်များအား ပြည်သူများ သိရှိရန် ၁၁ ပေနှင့် ၄ ပေ ဗီနိုင်း ထုတ်ကာ ကြော်ငြာထားခြင်း ဖြစ်ကြောင်းနှင့် တွေ့မြင်ဖတ်ရှုပြီး တစ်ဦးနှင့်တစ်ဦး တစ်ဆင့်စကား ပြန်လည်ပြောကြားပါက လက်ဆင့်ကမ်းကျန်းမာရေး အသိရရှိစေရန် အတွက် ရည်ရွယ်၍ လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး အရာရှိက ပြောပြသည်။

**မျိုးဝင်း (စစ်ကိုင်း)**

# ဧရာဝတီမြစ်အထက်ပိုင်း လက်ရှိရေမှတ်ထက် မြင့်တက်နိုင်

**နေပြည်တော် မတ် ၃၁**

ဧရာဝတီမြစ်ရေသည် မတ် ၃၀ ရက်က မြစ်ကြီးနားမြို့၌ ၁၈ နာရီအတွင်း ခြောက်ပေခွဲခန့် မြင့်တက်ခဲ့ပြီး မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ နှစ်ပေခန့် ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါ မြစ်ရေသည် ဗန်းမော်မြို့၌ ၁ ရက်အတွင်း နှစ်ပေခန့် မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ နှစ်ပေမှ ငါးပေခန့်၊ နောက်သုံးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ နှစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများ၌ စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့် မြစ်ရေ ရုတ်တရက် တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၃၀ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ အထိမ်းအမှတ်ပြခန်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် ဧည့်သည်တော်များ ကြည့်ရှုကြစဉ်။

သန်းဝင်း(သန်လျင်)



# အယ်နီညိုအခြေအနေနှင့် ဧပြီလ-မေလ-ဇွန်လတို့တွင် မြန်မာနိုင်ငံ၌ကြုံတွေ့လာနိုင်သည့် ရာသီဥတုအခြေအနေ

**နေပြည်တော် မတ် ၃၁**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မတ် ၃၁ ရက် ထုတ်ပြန်သည့် အယ်နီညိုအခြေအနေနှင့် ၂၀၁၆ ခုနှစ် ဧပြီလ-မေလ-ဇွန်လတို့တွင် မြန်မာနိုင်ငံ၌ ကြုံတွေ့လာနိုင်သည့် ရာသီဥတုအခြေအနေမှာ-

**အယ်နီညိုဖြစ်စဉ်အခြေအနေ**

၂၀၁၅-၂၀၁၆ ခုနှစ်၏ အယ်နီညိုဖြစ်စဉ်သည် အားကောင်းသည့်အခြေအနေမှ ၂၀၁၆ ခုနှစ် မတ်လဆန်းပိုင်းမှစ၍ တဖြည်းဖြည်းအားလျော့ခဲ့ပြီးနောက် မတ်လကုန်ပိုင်းတွင် ဆက်လက်အားလျော့နေသည့် အခြေအနေတွင်ရှိသည်။ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် တဖြည်းဖြည်းနှင့် လျော့ကျလျက်ရှိသဖြင့် အယ်နီညိုဖြစ်စဉ်သည်လည်း တဖြည်းဖြည်း အားလျော့လာနေကြောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လကုန်ခန့်မှစ၍ အယ်နီညိုအခြေအနေမှ ပုံမှန်(ကြားနေ) အခြေအနေသို့ ပြောင်းလဲသွားနိုင်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့ရာသီဥတုအပေါ် အယ်နီညို၏ အကျိုးသက်ရောက်မှုသည် ဆက်လက်ရှိနေနိုင်ကြောင်း အယ်နီညိုဖြစ်စဉ်အား စောင့်ကြည့်လျက်ရှိသည့် နိုင်ငံတကာ မိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

**ဧပြီလ-မေလ-ဇွန်လ မိုးရေချိန်နှင့် အပူချိန် ခန့်မှန်းချက်**

၂၀၁၆ ခုနှစ် ဧပြီလ-မေလ-ဇွန်လ သုံးလအတွက် ယေဘုယျခန့်မှန်းချက်များအနေဖြင့် မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)တို့တွင် ရွာသွန်းမြဲ(ပျမ်းမျှ)မိုးရေချိန်တို့ထက် မိုးပိုမိုရရှိနိုင်ပြီး ဖြစ်နိုင်စွမ်း ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရွာသွန်းမြဲ(ပျမ်းမျှ) မိုးရေချိန်တို့အောက် မိုးလျော့နည်းရရှိပြီး ဖြစ်နိုင်စွမ်း ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိရှိသည့် ဒေသများမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ဖြစ်ကြသည်။ ဖြစ်နိုင်စွမ်း ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထိရှိသည့် ဒေသများမှာ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြသည်။ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ သေချာသည့်ဒေသများမှာ ကရင်ပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ကြောင်း ခန့်မှန်းထားသည်။

၂၀၁၆ ခုနှစ် ဧပြီလ-မေလ-ဇွန်လ သုံးလအတွက် ယေဘုယျခန့်မှန်းချက်များအနေဖြင့် အပူချိန်အခြေအနေမှာ တစ်ပြည်လုံးတွင် ပျမ်းမျှအပူချိန် (ပုံမှန်အပူချိန်)ထက် ပိုနိုင်သည်။ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်မှုဖြစ်နိုင်စွမ်း ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိရှိသည့် ဒေသများမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ဖြစ်ကြသည်။ ဖြစ်နိုင်စွမ်း ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိရှိသည့် ဒေသများမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ဖြစ်ကြသည်။ ဖြစ်နိုင်စွမ်း ၈၀ ရာခိုင်နှုန်းနှင့်အထက်ရှိသည့် ဒေသများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ကြကြောင်း ခန့်မှန်းထားသည်။

**အကြံပြုချက်**

သို့ဖြစ်ရာ အယ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် ၂၀၁၆ ခုနှစ် ဧပြီလ-မေလ-ဇွန်လတို့တွင် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၌သာ ရွာသွန်းမြဲ(ပျမ်းမျှ) မိုးရေချိန်များထက် ပိုမိုနိုင်သော်လည်း ကျန်ဒေသများတွင် မိုးရွာသွန်းမှုလျော့နည်းပြီး ပျမ်းမျှအပူချိန်တို့ထက် ပိုမိုပူနွေးမှုရှိနိုင်သည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်နှင့် တောင်ပိုင်းဒေသများတွင် အခြားဒေသများထက် ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းတို့ကို ပိုမိုကြုံတွေ့နိုင်သည်။ သို့ဖြစ်၍ အစားအစာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍများတွင် သက်ရောက်မှုများရှိနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နဲ့ မြန်မာ့အဆင့်နေရာ

**Z - ဇေဝင်း**

မတ် ၃၀ ရက်မှာ သမ္မတအသစ် ကျမ်းသစ္စာ ကျိန်ဆိုပွဲနဲ့အတူ ပြည်ထောင်စုဝန်ကြီးများပါ ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပပါတယ်။ ပြီးနောက် ၁၁ နာရီ ၄၄ မိနစ်မှာ သမ္မတဟောင်း ဦးသိန်းစိန်က သမ္မတသစ် ဦးထင်ကျော်ကို သမ္မတရွှေစလွယ်နဲ့ သမ္မတမှတ်တမ်းတို့ကို လွှဲအပ်ပါတယ်။ ဒီအချိန်ကစလို့ အစိုးရသစ် အသက်ဝင်လာခဲ့ပါပြီ။ မတ် ၃၀ ရက်ဟာလည်း သမိုင်းဝင်မော်ကွန်းတစ်နေ့ ဖြစ်လာခဲ့ပါပြီ။

ထိုနေ့ကပဲ လွှတ်တော်မှာ အစိုးရသစ်ဖွဲ့နေခြင်း အတွက် နိုင်ငံပေါင်း ၃၀ ကျော်က ပေးပို့လာတဲ့ ဂုဏ်ပြုသဝဏ်လွှာတွေကို ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာခဲ့ပါတယ်။ နိုင်ငံတကာရဲ့ ဂုဏ်ပြုချီးကျူးမှုတွေကတော့ သမ္မတရွေးချယ်ပွဲပြီးတဲ့နေ့ကတည်းက ရရှိနေတာပါ။ ပထမနေ့ ချီးကျူးဂုဏ်ပြုကြတဲ့အထဲမှာ အမေရိကန်၊ တရုတ်နဲ့ ဂျပန်တို့ ပါဝင်တာဖြစ်ပါတယ်။ ဟီလာရီကလင်တန်ရဲ့ မှတ်ချက်မှာ "သူတို့ရဲ့တိုင်းပြည်ကို ပြောင်းလဲဖို့အတွက် ဘယ်တုန်းကမှ လက်မြှောက်အရှုံးမပေးခဲ့တဲ့ ပြည်သူလူထုကြီးနဲ့ ကျွန်မရဲ့မိတ်ဆွေ ဒေါ်အောင်ဆန်းစုကြည်တို့ အတွက် သူမ အလွန်ဂုဏ်ယူကြောင်း" ပြောခဲ့တာဖြစ်ပါတယ်။ တရုတ်ပြောရေးဆိုခွင့်ရှိသူ လုကန် (Lu Kang) ကတော့ တရုတ်တို့အနေနဲ့ မြန်မာနိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးနဲ့ တိုင်းရင်းသားများ ရင်ကြားစေ့ရေးတို့တွင် ဆက်လက်ထောက်ပံ့သွားမှာဖြစ်ကာ နှစ်နိုင်ငံဟာ ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများသာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။


ဒေါ်အောင်ဆန်းစုကြည်


ဟီလာရီကလင်တန်


လုကန်

အခု အစိုးရအသစ်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် နိုင်ငံခြားရေးဝန်ကြီးနေရာကို တာဝန်ယူမှာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတကာအတွက် ကောင်းသတင်းဖြစ်သလို မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက်လည်း ကောင်းတဲ့အလားအလာတွေကို ဆောင်ကြဉ်းပေးမှာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့စကားထဲမှာ "ပါလီမန်ခေတ်က ကျင့်သုံးခဲ့တဲ့ လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို သဘောကျကြောင်း၊ ဒီမူဝါဒမျိုး ကျင့်သုံးမယ်" လို့ ပါဝင်ခဲ့ဖူးပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၆၂ ခုနှစ် ဦးနေဝင်း အာဏာမသိမ်းမီအထိ အရှေ့တောင်အာရှမှာ အလားအလာအကောင်းဆုံးနိုင်ငံအဖြစ် တည်ရှိခဲ့တာအားလုံးအသိပါ။ အဲ့ဒီအချိန်က မြန်မာနိုင်ငံအနေအထားဟာ အခုခေတ် တောင်ကိုရီးယားအနေအထားမျိုးပါ။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် နေရာအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းကြီးတွေမှာ မြန်မာပညာတတ်တွေနေရာရခဲ့ပါတယ်။ အဲ့ဒီအချိန်က ဦးနု၊ ချူအင်လိုင်းနှင့် နေရူးတို့ကို အာရှတိုက်ရဲ့ ကြက်တူရွေး သုံးကောင်ဆိုပြီး နိုင်ငံတကာက အလေးထားဆက်ဆံခဲ့ရတာပါ။ အဲ့ဒီခေတ်ကို နိုင်ငံတကာဆက်ဆံရေး ရွှေခေတ်လို့ဆိုရမှာပါ။ ဦးနုရဲ့ တရုတ်-မြန်မာဆက်ဆံရေး၊ အမေရိကန်နှင့် ဆက်ဆံရေး၊ အိန္ဒိယ၊ ဂျပန်၊ အင်္ဂလန် စတဲ့နိုင်ငံတွေနှင့် ဆက်ဆံရေးတွေ အလွန်ကောင်းမွန်အောင် လုပ်ဆောင်နိုင်ခဲ့တာအပြင် အစ္စရေးလိုနိုင်ငံမျိုးက မြန်မာကို နိုင်ငံတကာဆက်ဆံရေးမှာ အားကိုးတကြီး အကူအညီ

အခုချိန်မှာတော့ နိုင်ငံတကာအဆင့်မှာ အရှိန်ဩဇာရှိပြီး နိုင်ငံတကာ ဂုဏ်ထူးဆောင် ဆုတံဆိပ်ပေါင်း ၁၃၀ ကျော် ရရှိထားသူ နိုဗယ်ဆုရှင်က နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို ထမ်းဆောင်မှာဖြစ်တဲ့အတွက် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍ မြင့်တက်လာမယ်ဆိုတာက မြေကြီးလက်ခတ်မလွဲလို့ ဆိုရမှာပါ။

တောင်းရတဲ့အထိ ရှိခဲ့တာပါ။

၁၉၅၆ ခုနှစ် အောက်တိုဘာလထဲမှာ တရုတ်-ဗမာ နယ်ခြားပြဿနာ ကိစ္စဆွေးနွေးစဉ် ပီကင်းမှာ ဦးနု ပြောသွားတဲ့မိန့်ခွန်းထဲက တစ်ပိုဒ်ကို ကိုးကားဖော်ပြလိုပါတယ်။ "တရုတ်-မြန်မာ ချစ်ကြည်ရေးကို တည်ဆောက်တဲ့အခါမှာ အလိုတူတဲ့အချက်တွေအပေါ်မှာ တည်ဆောက်ရမယ်၊ တရုတ်တွေမှာ သူတို့ရဲ့ အကျိုးစီးပွားအတွက် ဘာအကောင်းဆုံးလဲဆိုတာကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်ရှိပါတယ်။ မြန်မာတွေမှာ ဘယ်ဝါဒဟာ သူတို့အတွက် အကောင်းဆုံးဖြစ်တယ်ဆိုတာကို ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ တရုတ်တွေဟာ သက်ဆိုင်ရာအချက်တွေအားလုံးကို စဉ်းစားပြီး ကွန်မြူနစ်ဝါဒဟာ သူတို့အတွက် အကောင်းဆုံးဝါဒဖြစ်တယ်လို့ ဆုံးဖြတ်ကြတယ်။ ဒီလိုဆုံးဖြတ်တဲ့အတွက် မြန်မာတွေဟာ တရုတ်တွေနဲ့ ရန်ဖြစ်ဖို့မသင့်ဘူး။ ဒီအတိုင်းပဲ ဒီမိုကရေစီဝါဒဟာ သူတို့အတွက် အကောင်းဆုံး ဝါဒဖြစ်တယ်လို့ မြန်မာတွေက ဆုံးဖြတ်လိုက်တဲ့အတွက် တရုတ်တွေဟာ မြန်မာတွေနဲ့ ရန်ဖြစ်ဖို့မလိုဘူး"။ ဒါကတော့ သူ့ခေတ် သူ့အခါက နိုင်ငံတကာဆက်ဆံရေး နယ်ပယ်က အကောင်းဆုံးမိန့်ခွန်း၊ အကောင်းဆုံး သဘောထားတွေပါ။

အခုချိန်မှာတော့ နိုင်ငံတကာအဆင့်မှာ အရှိန်ဩဇာရှိပြီး နိုင်ငံတကာ ဂုဏ်ထူးဆောင် ဆုတံဆိပ်ပေါင်း ၁၃၀ ကျော်ရရှိထားသူ နိုဗယ်ဆုရှင်က နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို ထမ်းဆောင်မှာ ဖြစ်တဲ့အတွက် နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်မှာ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍ မြင့်တက်လာမယ် ဆိုတာက မြေကြီးလက်ခတ်မလွဲလို့ ဆိုရမှာပါ။ အင်္ဂလန်က နန်းရင်းဝန်ဟောင်း ဆာဝင်စတန်ချာချီက ဦးနုနှင့်တွေ့စဉ်မှာ လက်ဆွဲနှုတ်ဆက်ရင်း "တို့ရဲ့ ရန်ဟောင်းတွေကို မြေကြီးထဲ မြှုပ်ပစ်လိုက်ကြပါစို့ (Let us bury our old animosities)" လို့ ပြောခဲ့ဖူးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ အင်္ဂလန်ရဲ့ အထင်ကရ အဆောက်အအုံဖြစ်တဲ့ ဝက်စ် မင်စတာဟောမှာ တက်ရောက် မိန့်ခွန်းပြောကြားခွင့်ရတဲ့ ဒုတိယမြောက် အမျိုးသမီးဖြစ်ခဲ့တာပါ။ ပထမ ပြောခွင့်ရသူက အဲလိဇဘက်ဘုရင်မကြီးပါ။ ဒါကြောင့် ပါလီမန်ခေတ်က နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ ရောက်ရှိခဲ့တဲ့ အနေအထားကို လက်ရှိ မြန်မာ့နိုင်ငံခြားရေး ဆက်ဆံရေးအဆင့်က မှီနေခဲ့ပြီလို့ ဆိုရမှာပါ။

၃၀ ရက်နေ့ကပဲ အိမ်ဖြူတော်က ထုတ်ပြန်တဲ့ ကြေညာချက်မှ မစ္စတာအိုဘားမားက "မြန်မာ့သမိုင်းမှာ အင်မတန်ထူးခြားတဲ့ အခုအချိန်ကာလဟာ နိုင်ငံတွင်း အဖွဲ့အစည်းတွေ၊ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေးဖြစ်ပေါ်စေသည့် အတူတကွ လုပ်ဆောင်ခဲ့ကြတဲ့ ခေါင်းဆောင်တွေရဲ့ ပြယုဂ်သက်သေဖြစ်တယ်" လို့ ဆိုထားပါတယ်။ မိတ်ဆွေနိုင်ငံတစ်ခုအဖြစ် လုပ်ဖော်ကိုင်ဖက်နိုင်ငံတစ်ခုအဖြစ် လက်တွဲလုပ်ဆောင်သွားဖို့ အမေရိကန်ပြည်ထောင်စုက မျှော်လင့်ကြောင်းလည်း ဖော်ပြထားတာဖြစ်တယ်။

မှန်ပါတယ်ခင်ဗျား၊ ရာစုနှစ်တစ်ဝက်လောက် ညှိုးငယ်စွာနေခဲ့ရတဲ့ မြန်မာနိုင်ငံဟာ နိုင်ငံတကာမှာ ပြန်လည်လင်းလက်တောက်ပဖို့ လမ်းကြောင်းပေါ်ကို ရောက်နေပါပြီ။ မြန်မာနိုင်ငံရဲ့ လွတ်လပ်တက်ကြွသော ကြားနေနိုင်ငံခြားရေးဝါဒကောင်းများ အသက်ဝင်လာပါတော့မယ်။ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးဦးတည်တဲ့ အစိုးရသစ်ရဲ့ မှန်ကန်တဲ့ပေါ်လစီများအောက်မှာ မြန်မာနိုင်ငံဟာ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာလည်း ထိုက်တန်တဲ့အသင့်နေရာတစ်ခုရရှိဖို့ တာစူနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

# သတင်းစာ ပြောင်း မပြောင်း

သတင်းစာနေ့စဉ်ဖတ်ခဲ့တာ နှစ် ၄၀ ကျော်ပြီ။ ငယ်ငယ်က မဆလ အာဘော်သတင်းစာဖတ်၊ အရွယ်ရောက်ပြီး အိမ်ထောင်ရက်သားကျ ပြန်တော့ နဝတ၊ နအဖ စစ်အစိုးရအာဘော် သတင်းစာဖတ်၊ ဖတ်စရာ သတင်းစာက ဒါ ဒါပဲရှိတော့ ဒါ ဒါပဲဖတ်ခဲ့ရတယ်။ ဒါလည်း သတင်းစာနေ့စဉ် ဖတ်တာပဲ။ ဟော ၂၀၁၁ ခုနှစ် ဦးသိန်းစိန်အစိုးရတက်လာပြီး ၂၀၁၃ ခုနှစ်မှာ ပုဂ္ဂလိကသတင်းစာတွေထွက်လာတော့ ဒီဘဝ ရခဲလှလို့ကို ဝမ်းမြောက်ဝမ်းသာဖြစ်ရပြီး ပုဂ္ဂလိကသတင်းစာတွေ ဖတ်ဖြစ်ခဲ့တယ်။ ဒါလည်း အစိုးရသတင်းစာနှစ်စောင်ကို အွန်လိုင်းတက်ပြီး ဖတ်တုန်းပဲ၊ ရန်ကုန်နဲ့ နေပြည်တော်ကို ခေတ္တခဏပြန်ရောက်တုန်းကလည်း ရောက်တဲ့ အရပ်မှာ သတင်းစာဝယ်ဖတ်တယ်။ ရန်ကုန်နဲ့ နေပြည်တော် မနက်ခင်းတွေမှာ သတင်းစာဖတ်ပရိသတ်ကြီး သတင်းစာနေ့စဉ်ဖတ်နေကြတာလည်း တွေ့ခဲ့ရတယ်။ ကိုယ်လိုလူတွေ လောကကြီးထဲ အများကြီး ရှိနေသေးမှန်း သိခဲ့ရလို့ ဝမ်းသာမိသေးတယ်။ သတင်းစာနေ့စဉ်ဖတ်တော့ ဘယ်သူလိမ်တာမှ မခံရဘူး။ အထူးသဖြင့် အစိုးရလိမ်တာ မခံရဘူး။ ခေတ်အဆက်ဆက် သတင်းစာနေ့စဉ်ဖတ်နေတော့ သတင်းဖတ်လိုက်တာနဲ့ ဒီအစိုးရတော့ ဘယ်လိုလိမ်နေပြန်ပြီဆိုတာ တန်းသိတယ်။ ပြောရရင် ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှခွေရှိတယ်ဆိုတာ တန်းသိပုံမျိုးနဲ့ကို သိတယ်။ ဖတ်ခဲ့တဲ့ အစိုးရ သတင်းစာတွေ ကြည့်လိုက်ရင်လည်း ဒီလိုပုံ ဒီလိုအချိုးနဲ့ ရိုးဟိုးဟိုးနေပြီ ဆိုတာလိုမျိုး မဲပြာပုဆိုးတွေချည်း မဟုတ်လား။

ပုဂ္ဂလိကသတင်းစာတွေထွက်လာတော့ အစိုးရသတင်းစာတွေ သွားပြီ မှတ်ခဲ့တာ မသွားတဲ့အပြင် အမြတ်ငွေကျပ် သိန်းထောင်ချီတယ်လို့ သိရ တယ်။ အဓိကအကြောင်းရင်းတစ်ခုက ကြော်ငြာရှင်တွေက နာရေးကြော်ငြာ ကအစ အစိုးရသတင်းစာမှာထည့်မှပဲ တရားဝင်သလိုမျိုးဖြစ်နေတယ်။ ကြော်ငြာတွေစုပုံရတဲ့ အစိုးရသတင်းစာက ထောင်မတ်နေပြီး ပုဂ္ဂလိက သတင်းစာတွေ လဲပြိုကုန်တယ်။ အစိုးရကပုဂ္ဂလိကသတင်းစာကို အစိုးရ ပစ္စည်းတွေသုံးပြီး ပြိုင်လို့ ပုဂ္ဂလိကသတင်းစာတွေ လဲပြိုကုန်တယ်ဆိုတဲ့ ဝေဖန်ချက်တွေ အကြီးအကျယ်ထွက်ပေါ်ခဲ့တယ်။ ပြည်သူ့ဘဏ္ဍာနဲ့ အစိုးရ အာဘော်တွေ ရေးသားဖော်ပြနေတာ မလုပ်ကောင်းဘူးဆိုတဲ့ ထောက်ပြ ချက်တွေလည်း ထွက်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်တို့နိုင်ပြီး အစိုးရဖွဲ့ ရင် သတင်းစာမပြောနဲ့ ပြန်ကြားရေးဝန်ကြီးဌာနပါ ဖျက်ပစ်လိမ့်မယ်ဆိုတဲ့ ခန့်မှန်းသုံးသပ်ချက်တွေလည်း တက်တက်စင်အောင် လွဲခဲ့ပြီး ဒေါ်စုအစိုးရ အဖွဲ့မှာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ပါလာခဲ့တယ်။ ပြန်ကြားရေးဝန်ကြီးသစ် စာရေးဆရာဖေမြင့် ဖြစ်ခဲ့တယ်။ မတ် ၃၀ ရက်မှာ အစိုးရအာဏာလွှဲပြီး မတ် ၃၁ ရက်မှာ အစိုးရသတင်းစာတွေထွက်တော့ သတင်းစာဖတ် ပရိသတ်ကြီး ဟာခနဲ ဟင်ခနဲဖြစ်သွားတယ်။ အစိုးရသတင်းစာဆရာ တွေလည်း ဒါမျိုး လုပ်တတ်သားပဲဆိုတဲ့ ပြောဆိုသုံးသပ်ချက်တွေလည်း တစ်ဆက်တည်း ထွက်ပေါ်ခဲ့တယ်။ ပြန်ကြားရေးဝန်ကြီးဟောင်းကတောင် သူတို့လုပ်တတ်တယ်၊ ဦးဆောင်မယ့်သူပဲလိုတာလို့ သူ့ဝန်ထမ်းဟောင်းတွေကို အားပေးခဲ့တာ တွေ့ရတယ်။ သူ့လက်ထက်ကုန်ဆုံးခါနီး ရက်တချို့မှာ သတင်းစာနည်းနည်းပြောင်းခဲ့တာ ပြန်အမှတ်ရတယ်။ သတင်းစာဆိုတာ ဒီလိုလုပ်ရတယ်ဆိုတာသိပေမယ့် လူကြီးတွေနားလည်အောင် အချိန်ယူလုပ် ခဲ့ရတယ်လို့ ပြန်ဝန်ဟောင်းရဲ့ရင်ဖွင့်သံ သူ့ဖေ့စ်ဘွတ်ခ်အင်တာနက်စာမျက်နှာမှာ ရေးသားဖော်ပြခဲ့တာလည်း သတိပြုမိခဲ့တယ်။

ဖတ်ခဲ့ဖူးတဲ့ခေတ်အဆက်ဆက် အစိုးရသတင်းစာတွေမှာ လူကြီး ဘာလုပ်လုပ် ဘယ်သွားသွား သတင်းစာမျက်နှာဖုံးမှာ အမြဲထည့်ကြတယ်။ အလုပ်ထက် လူကြီးကိုပဲ ဦးစားပေးသတင်းရေးပြီး သတင်းစာမှာ ဖော်ပြတယ်။ တကယ်တမ်း အဲ့ဒီလူကြီးသတင်းထဲမှာ ဇောင်းပေးဖော်ပြရမယ့် သတင်း အကြောင်းအရာပါလာလည်း အဲ့ဒါကို ခေါင်းမတင်ဘဲ လူကြီးဘယ်သွား ဘာလုပ်ဆိုတာချည်း ရေးကြ ဖော်ပြကြတယ်။ ပုံစံခွက်ထဲက ရုန်းမထွက်နိုင်ဘဲ အဟောင်းထဲမှာ တလည်လည်ဖြစ်ခဲ့ကြတယ်။ လူကြီးသတင်းဖော်ပြရင်ပြီးရော ဖြစ်ခဲ့ကြတယ်။ လူကြီးတွေကလည်း သူ့သတင်းမျက်နှာဖုံးမှာ အမြဲပါရင်




သဘောတွေ့ကြပုံပါပဲ။ ပြောရရင် ခေတ်အဆက်ဆက် လူကြီးအလိုကျရေးတဲ့ လူကြီးသတင်းစာတွေချည်း ဖြစ်ခဲ့တယ်။ ဦးသိန်းစိန်အစိုးရလက်ထက်မှာ ပြင်ပ က သတင်းပညာရှင်တွေ ပြည်တွင်းသွားပြီး ပြန်ကြားရေးဌာနက ဝန်ထမ်းတွေကို သတင်းရေးသားတင်ဆက်ပုံတွေ သင်ပေးခဲ့တာ တွေ့ရတယ်။ ဒါမျိုးအရင်က မကြားခဲ့ဖူးလေတော့ ပြန်ကြားရေးက သတင်းရေးသားတင်ဆက်ပုံတွေ ပြောင်းလာမလားလို့ စောင့်ကြည့်ခဲ့ပေမယ့် သိပ်ထူးလာတာ မတွေ့ရဘူး။ အထူးသဖြင့် ကျွန်တော် နေ့စဉ်ဖတ်တဲ့ အစိုးရ သတင်းစာတွေ ထူးထူးခြားခြား ပြောင်းခဲ့တာမတွေ့ရဘဲ ထူးချင်မှ တစ်ရက်တလေ ထထူးခဲ့တာပဲ တွေ့ခဲ့ရ ပါတယ်။ ကောင်းတာတစ်ခုလောက် ပြောပါဆိုရင်တော့ အစိုးရသတင်းစာတွေကို မိုးလင်းတာနဲ့ အွန်လိုင်းပေါ်တက်ဖတ်လို့ရတာပဲ ဖြစ်တယ်။

ဦးသိန်းစိန်အစိုးရလက်ထက်မှာ ပြန်ကြားရေးဝန်ကြီးလုပ်ခဲ့ဖူးတဲ့ ဦးအောင်ကြည် တစ်ခါက အခမ်းအနားတစ်ခုမှာ ပြောခဲ့တာ မှတ်မှတ်သားသားရှိနေတယ်။ မြန်မာပြည်မှာ သတင်းစာစောင်ရေ ခြောက်သိန်းကျော် လောက်ပဲရှိပြီး သတင်းစာတစ်စောင်ကို လူ ၁၀ ယောက် ဖတ်တယ်လို့ ယူဆပြီးတော့ တွက်ချက်ရင် အသက် ၁၀ နှစ်နဲ့ အထက် သတင်းစာဖတ်နိုင်တဲ့ လူဦးရေ ၄၉ သန်းမှာ ၄၃ သန်းခန့်ဟာ သတင်းစာ လုံးဝဖတ်ခွင့်မရဘဲ ဖြစ်နေတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ သတင်းစာဝယ်မဖတ်နိုင်လောက် အောင် ဆင်းရဲနေကြလို့ပါတဲ့။ ဆင်းရဲတဲ့သူ ဒီလောက်များနေတာ အစိုးရ သတင်းစာက အမြတ်ငွေကျပ် သိန်းထောင်ချီရနေတာပဲ။ ဆင်းရဲတဲ့ဒေသတွေ ဆီ အလကားဖြန့်ပေးလိုက်ရင် အကျိုးမရှိပေဘူးလားလို့ တွေးမိတယ်။ ဖြန့်ပုံ ဖြန့်နည်းတော့ စနစ်ကျဖို့လိုမယ်။ အရင်စစ်အစိုးရခေတ်က ပြန်ကြားရေး ဝန်ကြီးဌာနကို အလှူရှင်တွေက စာအုပ်တွေလှူတယ်၊ အခမ်းအနားနဲ့ ကြီးကြီးကျယ်ကျယ်ကျင်းပပြီး လှူလိုက်တဲ့ စာအုပ်တွေ ထောင်နဲ့ချီတယ်။ အဲ့ဒီလိုလှူတဲ့သတင်းဖတ်ပြီး တစ်ရက် ရခိုင်ဘက်ခရီးထွက်တော့ မြို့တစ်ခုက ပြန်/ဆက်ရုံးမှာ အခမ်းအနားနဲ့လှူထားတဲ့ စာအုပ်အသစ်စက်စက်ကြီးတွေကို ဂိုဒေါင်ဟောင်းတစ်လုံးထဲ စုပုံပစ်ထားတာတွေ့ရတယ်။ မေးကြည့်တော့ ပြည်နယ်သတင်းထုတ်ဖို့ လိုက်လုပ်နေရတာနဲ့ မအားလို့ ပုံထားရတာလို့ တာဝန်ခံက ပြောတယ်။ မိုးတွင်းကြီး မိုးစိုပြီး ပျက်စီးကုန်မှာပေါ့ဆိုတော့ မတတ်နိုင်ဘူးတဲ့။ ကြုံလို့ ပြောပြတာပါ။

နေ့စဉ်ဖတ်တဲ့အစိုးရသတင်းစာတွေ ပြောင်းစေ ကောင်းစေချင်ပါတယ်။ လူကြီးသတင်းစာမဖြစ်စေချင်ဘဲ ပြည်သူ့သတင်းစာ ဖြစ်စေချင်ပါတယ်။ ဖြစ်စေချင်တာတွေပြောရင်တော့ ဆုံးမှာမဟုတ်လို့ ကောင်းစေ ပြောင်းစေချင် တယ်လို့ပဲ အတိုပြောပါတယ်။ ပုံစံခွက်ထဲရောက်နေတဲ့သူတွေလည်း ပုံစံသစ် ဆီ ရုန်းထွက်ဖို့ တိုက်တွန်းလိုတယ်။ အစ်ကိုကြီး ညီလေးတို့တစ်တွေကြောက်ရ တဲ့ အဘခေတ်လဲမဟုတ်တော့တာမို့ ရဲရဲပြောင်းကြဖို့ အားပေးချင်တယ်။ မြန်မာတီဗွီချန်နယ်တချို့မှာ သတင်းတင်ဆက်ပုံပြောင်းနေတာတွေ့ရလို့ ဝမ်းသာတယ်။ တချို့အစီအစဉ်လေးတွေဆို လူထုနဲ့ တော်တော်နီးစပ် တာတွေ့ရပြီး ဝန်ထမ်းတွေ ရဲရဲတင်းတင်း မှန်မှန်ကန်ကန် ပြောဆိုလုပ်ကိုင် နိုင်အောင် လမ်းဖွင့်ပေးကြပါ။ တီထွင်ဖန်တီးထုတ်လုပ်နိုင်အောင် အားပေး ကြပါ။ အစိုးရသတင်းစာ နေ့စဉ်စောစောဖတ်ရလို့ ကျေးဇူးတင်ကြောင်းပြောပြီး သတင်းစာတွေ တကယ်ပြောင်း မပြောင်း တကယ် ကောင်း မကောင်း စောင့်ကြည့်နေကြောင်း။

**ကိုရွှေအောင်**

**မတ် ၃၁ ရက်မှာ အစိုးရသတင်းစာတွေထွက်တော့ သတင်းစာဖတ်ပရိသတ်ကြီး ဟာခနဲ ဟင်ခနဲဖြစ်သွား တယ်။ အစိုးရသတင်းစာဆရာတွေလည်း ဒါမျိုး လုပ်တတ်သားပဲဆိုတဲ့ ပြောဆိုသုံးသပ်ချက်တွေလည်း တစ်ဆက်တည်း ထွက်ပေါ်ခဲ့တယ်။ ပြန်ကြားရေး ဝန်ကြီးဟောင်းကတောင် သူတို့လုပ်တတ်တယ်၊ ဦးဆောင်မယ့်သူပဲလိုတာလို့ သူ့ဝန်ထမ်းဟောင်းတွေကို အားပေးခဲ့တာ တွေ့ရတယ်။**

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**သထုံ မတ် ၃၁**

၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၃၁ ရက် နံနက်က မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပသည်။

ဒေသခံပြည်သူများ အနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာ နိုင်စေရန်နှင့် တီဘီရောဂါနှင့် ပတ်သက်သည့် သိရှိဖွယ်ရာများကို ပိုမိုနားလည်လာနိုင်စေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ခရိုင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။



"တီဘီရောဂါသည်တွေ အပြင် ပြည်သူတွေကပါ တီဘီရောဂါဟာ ကြောက်စရာကောင်းပြီး ကူးစက်မြန် တဲ့ရောဂါဖြစ်တယ်ဆိုတာ သိဖို့လိုပါ တယ်။ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံတစ်ပုံ လောက်ဟာ ပိုးကူးစက်ခံထားရပြီး နှစ်စဉ် လူတစ်သန်းခွဲလောက် တီဘီကြောင့် သေဆုံးနေပါတယ်။ သထုံမှာတော့ မနှစ်ကထိ တီဘီရောဂါ လူနာသစ် ၄၀၀ လောက် တွေ့ရပြီး ဆေးယဉ်ပါး တီဘီရောဂါသည် ၂၀ လောက် ရှာဖွေတွေ့ခဲ့ရတယ်" ဟု ခရိုင်ကျန်းမာရေးမှူး ဒေါက်တာ ဒေါ်သင်းသင်းအိက ပြောသည်။

တီဘီရောဂါကို အချိန်တိုတွင်း ရှာဖွေနိုင်သည့် ခေတ်မီစက်ကိရိယာဖြစ်သော Gene-Xpert စက်ကို ခရိုင် ပြည်သူ့ဆေးရုံ၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်တပ်ဆင် ထားပြီးဖြစ်ရာ တီဘီလူနာသစ်များ နှင့် ဆေးယဉ်ပါးတီဘီရောဂါသည် များကို ယခုထက် ပိုမိုရှာဖွေတွေ့ရှိကာ ကုသနိုင်တော့မည်ဖြစ်ကြောင်း ၎င်း က ဆက်လက်ပြောကြားသည်။

"မကြာခင်ကာလမှာ မိုဘိုင်းအဖွဲ့ ဖွဲ့ပြီး ကျေးရွာတွေကို ကွင်းဆင်း စစ်ဆေးသွားမယ်။ Microscope နဲ့စစ်လို့ ပိုးမတွေ့ဘူးဆိုရင် သွေး၊ သလိပ်တွေကို အအေးခန်းနဲ့ ဆေးရုံ ကိုနမူနာယူလာပြီး ဒီစက်နဲ့ ပိုပြီး တိကျတဲ့အဖြေကိုရဖို့ စစ်ဆေးမှာပါ။ တီဘီရောဂါကင်းဖို့ဆိုရင် ဆေးကို ညွှန်ကြားချက်တွေအတိုင်း အတိ အကျကုသမှုခံယူဖို့ လိုပါတယ်" ဟု ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူးက ပြောသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင် က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့မိန့်ခွန်းကို ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြား ကာ ခရိုင်တီဘီတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဖြိုးသူရက တီဘီရောဂါတိုက်ဖျက်ရေး ရှေ့ လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြား ခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် တီဘီ လူနာသစ် နှစ်သိန်းဝန်းကျင်ခန့်ဖြစ် ပွားလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ်တွင် တီဘီရောဂါတိုက်ဖျက် ရေးအတွက် နိုင်ငံတော်အစိုးရက ငွေ ကျပ် ၇၂၁၅ သန်း ထောက်ပံ့ပေးထား သည့်အပြင် ကမ္ဘာ့ရန်ပုံငွေအဖွဲ့က လည်း ထောက်ပံ့ပေးထားကြောင်း တီဘီရောဂါပိုးကို စစ်ဆေးတွေ့ရှိပါ က အခမဲ့ ကုသပေးလျက်ရှိကြောင်း ခရိုင် ကျန်းမာရေးဦးစီးဌာနမှ သိရ သည်။

**သက်ဦး(သထုံ)**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် မတ် ၃၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့ တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ် သည်။

**(မြန်မာ့အလင်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ၊ လွှတ်တော်ကိုယ်စားလှယ်သုံးဦး ကတိသစ္စာပြု

**နေပြည်တော် မတ် ၃၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်သုံးဦး ကတိသစ္စာပြု ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ နိုင်ငံတကာလွှတ်တော်ဥက္ကဋ္ဌများကပေးပို့သည့် သဝဏ်လွှာများ မှတ်တမ်းတင်ခြင်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌ ပြောင်းလဲဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသည့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဇီးကုန်းမဲဆန္ဒနယ်မှ ဦးညာဏ်ထွန်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်တို့သည် ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ထိုင်းနိုင်ငံအမျိုးသားဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ၊ တူရကီနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ၊ စင်ကာပူသမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လက်ဘနွန်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်၊ ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ အီရန်အစ္စလာမ္မစ် သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌတို့က ပေးပို့ခဲ့သည့် သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်အစား အဖွဲ့ဝင် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း



အား ဥက္ကဋ္ဌအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်က သဘောတူညီချက်ရယူအတည်ပြုသည်။

ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

---

*** ရှေ့ဖုံးမှ**

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာတွင် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌနှင့် ဥပဒေကြမ်းကော်မတီတို့၏ တာဝန်ပေးချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို အဆိုတင်သွင်းသွားမည် ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များကို ဝေငှထားပြီးဖြစ်သည့်အတွက် အကျဉ်းချုံးတင်ပြသွားမည်ဖြစ်ပါကြောင်း။

ယခုဥပဒေကြမ်းကို နိဒါန်းအပါအဝင် အခန်းငါးခန်းဖြင့် ဖွဲ့စည်းထားကြောင်း၊ အခန်း(၁)တွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) တွင် ဥပဒေ၏ရည်ရွယ်ချက်(၄)ရပ်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပါကြောင်း။

အခန်း(၃) တာဝန်ပေးအပ်ခြင်းတွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှု



**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် အဆိုတင်သွင်းစဉ်။**

ဖြင့် တစ်ခဲနက်ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကိုအတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်ဟု ပြဋ္ဌာန်းတာဝန်ပေးထားပါကြောင်း၊ အခန်း(၄)တွင် အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ပြဋ္ဌာန်းထားပါကြောင်း။

၎င်းနေရာတွင် အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အကြံပြုချက်များပေးခြင်း၊ အကြံပြုချက်များ၊ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရခြင်း၊ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၎င်းဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း။

ထို့ပြင် အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက် လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် အခွင့်အရေးတို့ကို ခံစားခွင့်ရှိကြောင်း၊ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတွင် ခွဲဝေသတ်မှတ်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

အခန်း(၅) အထွေထွေတွင် အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်၊ ၎င်းဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်၊ ပြည်ထောင်စု လွှတ်တော်သည် ၎င်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားပါကြောင်း။

ထို့ကြောင့် ယခုဥပဒေကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်ပြရသည့် ရည်ရွယ်ချက်မှာ နိုင်ငံသူ နိုင်ငံသားတို့၏ မျှော်မှန်းချက်များနှင့် အကျိုးစီးပွားများကို အတိုင်ပင်ခံပုဂ္ဂိုလ်က ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ယခုဥပဒေသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၂၁၇) တွင် ဖော်ပြသတ်မှတ်ထားသော ပြည်ထောင်စုလွှတ်တော်၏ လုပ်ပိုင်ခွင့်ဘောင်အတွင်းက ဖော်ပြခဲ့သည့်အတွက် အမျိုးသားလွှတ်တော်က လက်ခံကြားနာဆွေးနွေးရန်အဆိုကို တင်ပြခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုင်မန်က အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် တင်သွင်းသည့် **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**ကို ထောက်ခံပါကြောင်းဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အဆိုပါဥပဒေကြမ်း**ကို လွှတ်တော်၌ လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ သဘောထားရယူပြီး ဦးအောင်ကြည်ညွန့် တင်သွင်းသည့် **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း** ကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အဆိုပါဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် လွှတ်တော်ဥက္ကဋ္ဌက **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ ဆောလျင်စွာ ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို တစ်ပါတည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ၁၅ ရက်မြောက် ပထမပုံမှန်အစည်းအဝေးကို ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရန် လျာထားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်း၍ လွှတ်တော်ကိုယ်စားလှယ်လေးဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့က ဆွေးနွေးကြမည်ဖြစ်ပြီး အတည်ပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)ကျင်းပ

**မန္တလေး မတ် ၃၁**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ အစီအစဉ် (၁၀)ရပ်ဖြင့် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၅၄ ဦး၊ ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်တစ်ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၁၈ ဦး စုစုပေါင်း ၇၅ ဦး တက်ရောက်၍ ခွင့်ပန်ကြားသူတစ်ဦးရှိသဖြင့် ၉၈ ဒသမ ၆၈ ရာခိုင်နှုန်းတက်ရောက်သည်။

ရှေးဦးစွာ အစည်းအဝေးမတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုတင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တာဝန်ပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက အဆိုပြုထားသော အမရပူရမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်ကို လွှတ်တော်ကကန့်ကွက်သူမရှိ သဘောတူအတည်ပြုခဲ့ပြီးဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၅၁၊ နည်းဥပဒေ ၄၈ အရ သဘောတူအတည်ပြုခဲ့သော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်မြင့်မောင်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ၅၅၊ နည်းဥပဒေ ၆၀ အရ လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ဝန်ကြီးချုပ်အဖြစ် ကတိသစ္စာပြုခြင်း အစီအစဉ်ကို ဆောင်ရွက်သည်။

ဆက်လက်၍ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ထားခြင်းခံရသည့် ရှမ်းတိုင်းရင်းသားဝန်ကြီး ဦးစိုင်းကျော်ဇောက လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင်ကတိသစ္စာပြုခြင်းကို ဆောင်ရွက်သည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လွှတ်တော်သို့မိန့်ခွန်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြားသည့်မိန့်ခွန်းကိုလွှတ်တော်မှမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားပြီး (နဝမနေ့) အစည်းအဝေးကို ဧပြီ ၄ရက်နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ လေ့လာသူ ၁၇ ဦးတို့ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ( /၂၀၁၆)**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း**
**၁၃၇၇ ခုနှစ်၊ လ၊ ရက်**
**(၂၀၁၆ ခုနှစ်၊ လ၊ ရက်)**

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကိုကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်လည်းကောင်း၊ ပြည်သူများလိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်နိုင်ရန် လည်းကောင်း ပြည်ထောင်စုလွှတ်တော်က ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **“နိုင်ငံတော်”** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုလိုသည်။
(ခ) **“အတိုင်ပင်ခံပုဂ္ဂိုလ်”** ဆိုသည်မှာ အခန်း(၂)ပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုလိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ (က) ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး။
(ဂ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး။
(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး။

**အခန်း(၃)**
**တာဝန်ပေးအပ်ခြင်း**

၄။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက်ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်။

**အခန်း(၄)**
**တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ**

၅။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အကြံပြုချက်များ ပေးရမည်။
(ခ) အကြံပြုချက်များ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်။
(ဂ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဤဥပဒေပါရည်ရွယ်ချက်များအောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။
(ဃ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက်ရရှိသည့် လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။
(င) အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

**အခန်း(၅)**
**အထွေထွေ**

၆။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၇။ ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်။

၈။ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သောနည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

---

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ



**ရန်ကုန် မတ် ၃၁**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးနဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၂၀ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် လှည်းကူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖြိုးမင်းသိန်းအား ခန့်အပ်ကြောင်း လွှတ်တော်သို့တင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်ရန် ကြည်း/၂၀၆၈၂ ဗိုလ်မှူးကြီး တင်အောင်ထွန်းအား လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီမှုဖြင့် တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ထူး(ဗိုလ်တထောင် မဲဆန္ဒနယ် အမှတ်-၁) နှင့် အတွင်းရေးမှူး ဦးမန်းအောင်ကိုမင်း (ကွမ်းခြံကုန်း မဲဆန္ဒနယ်အမှတ်-၁)တို့ ပါဝင်သော ကော်မတီဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်ကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီမှုဖြင့် တိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန် (တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်-၁)နှင့် အတွင်းရေးမှူး ဒေါ်စိုးပပလှိုင် (ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)တို့ပါဝင်သော ကော်မတီဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်ကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း တင်ပြသည်။

**(သတင်းစဉ်)**

---

# အခြေခံစာတတ်မြောက်ရေး လှူပ်ရှားမှုဖွင့်

**ထီးချိုင့် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုစခန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။





အဆိုပါအခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ထီးချိုင့်မြို့နယ်အနေဖြင့် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ စာသင်သား ၃၀၁ ဦးကို စာသင်ဝိုင်း ၄၃ ဝိုင်းဖြင့် သင်ကြားသွားမည်ဖြစ်သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စာတတ်မြောက်ရေး သင်တန်းကြီးကြပ်မှု ကော်မတီနာယက ဥက္ကဋ္ဌကိုယ်စား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူနေမျိုးနှင့် ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ်ကိုယ်စား အဖွဲ့ခေါင်းဆောင် သင်္ချာဌာန နည်းပြ ဦးမြန်စာမြင့်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

# ကယန်းစာပေ တိုးတက်ရေးဆွေးနွေး

**လားရှိုး မတ် ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် သဒ္ဓမ္မသိဒ္ဓိစာသင်တိုက် ဆွမ်းစားကျောင်းဆောင်၌ ကယန်းစာပေနှင့် ယဉ်ကျေးမှုတိုးတက်ရေးဆွေးနွေးပွဲကို မတ် ၂၉ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမျိုးသားစာပေဆုရ ဦးကျော်သန်း(ဖယ်ခုံ)က ကယန်းစာပေနှင့် နယ်ချဲ့တော်လှန်ရေးကဏ္ဍ မျက်မှောက်ခေတ် ကယန်းစာပေထိန်းသိမ်းရေးကို လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာ ဗဟိုကော်မတီဝင် ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က ကယားစာပေအမွေအနှစ် စကားပုံဆိုရိုး စကားပုံပြင်များထိန်းသိမ်းရေးကိုလည်းကောင်း တင်ပြဆွေးနွေးကြရာ ကယန်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

အဆိုပါ ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီကို ၂၀၀၀ ပြည့်နှစ် မတ် ၂၀ ရက်မှစတင်ဖွဲ့စည်းပြီး စာပေလုပ်ငန်းများကို စာပေနှင့် ယဉ်ကျေးမှုစီမံချက်အဖွဲ့၊ ဘဏ္ဍာရေးဦးစီးအဖွဲ့နှင့် ဥပဒေအကြံပေးအဖွဲ့ သုံးဖွဲ့ဖြင့် အဖွဲ့ဝင် ၃၀ က လက်ာရကျောင်းတိုက်နှင့် ကုန်းဂူကျောင်းတိုက်နှင့် လဒိတောင်ကျောင်းတိုက်ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ အခြေခံကယန်းစာအုပ်၊ ကယန်းပုံပြင်စာအုပ်၊ ကယန်းအင်္ဂလိပ်-မြန်မာ အဘိဓာန်၊ မူလတန်းကျောင်းသုံး မြန်မာစာတို့ကို ထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# လူထုအစိုးရ၏ အားမာန်

ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုပြီးသွားပါပြီ။ နိုင်ငံတော်တာဝန်တွေကို လွှဲယူပြီးသွားပါပြီ။ တိုင်းပြည်ရဲ့ ဒီမိုကရေစီမုခ်ဦးကို ဖွင့်လှစ်လိုက်ပါပြီ။ အင်တာနက်စာမျက်နှာတွေမှာလည်း ပြုံးပျော်နေတဲ့ ပြည်သူတွေရဲ့ မျက်နှာတွေ၊ ရွှင်မြူးနေတဲ့ အသံတွေ စတဲ့ စတဲ့ မင်္ဂလာသင်္ကေတတွေ ဝေဆာနေပါပြီ။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် မင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံတဲ့အချိန်ဆိုတာ ထုတ်ပြောစရာတောင် မလိုတော့ပါဘူး။

လူထုအစိုးရသစ် ထွက်ပေါ်လာတာကို ပြည်သူလူထုက ဘာလို့ ဒီလောက်ရွှင်မြူးဝမ်းသာနေကြရတာလဲ။ လူထုအစိုးရဆိုတာ ပြည်သူလူထုရဲ့ဘဝကို ထပ်တူခံစားနားလည်ပြီး ပြည်သူလူထုရဲ့ ဒုက္ခတွေ၊ မျှော်လင့်ချက်တွေကို အရေးတယူကိုင်တွယ်ဖြေရှင်းပေးမယ်ဆိုတာ ယုံကြည်လို့ပါ။ ဒီယုံကြည်မှုကလည်း ကောင်းကင်ပေါ်ကကျလာတာမဟုတ်ပါဘူး။ ရှည်လျားလှတဲ့ ဒီမိုကရေစီရေးလှုပ်ရှားရုန်းကန်မှုတွေမှာ ပြည်သူတွေနဲ့အတူ လက်တွဲပြီး ပြည်သူ့အတွက် ဆောင်ရွက်ခဲ့ကြလို့ပါ။ ဒီနေရာမှာ ပြည်သူလူထုရဲ့ ယုံကြည်မှုဆိုတာက ဘာတွေများ စွမ်းဆောင်နိုင်လို့လဲလို့ မေးစရာရှိပါတယ်။ အားလုံးသိတဲ့အတိုင်း တိုင်းပြည်က ရင်ဆိုင်နေရတဲ့ ပြဿနာတွေက အနန္တပါ။ ဒီပြဿနာအနန္တကို ကိုင်တွယ်ဖြေရှင်းရာမှာ တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွားအတွက် အံကြိတ်အားတင်းပြီး ဆောင်ရွက်ရမယ့်ကိစ္စတွေ ရှိပါတယ်။ အံကြိတ်အားတင်းပြီး ဆောင်ရွက်ရမယ့်ကိစ္စတွေမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှု မရခဲ့ဘူးဆိုရင်တော့ မူဝါဒဘယ်လိုပဲကောင်းကောင်း လက်တွေ့မှာ အကောင်အထည်ပေါ်လာမှာ မဟုတ်ပါဘူး။ တစ်ဖက်ကကြည့်ရင်လည်း လူထုအစိုးရဆိုတာမျိုးက တိုင်းပြည်ရဲ့ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းတဲ့အခါ ကိန်းဂဏန်းစာရင်းဇယားတွေက ပုံဖော်ပေးလိုက်သလိုပဲ ရှုမြင်သုံးသပ်တာမဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ဘဝ၊ ပြည်သူလူထုရဲ့ခံစားချက်၊ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကို ဆုပ်ကိုင်ပြီး မဖြစ်ဖြစ်အောင် ဆောင်ရွက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ဆောင်ရွက်တာပါ။ ဒီသန္နိဋ္ဌာန်က တိုင်းပြည်ရဲ့ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ အကြံဉာဏ်စိတ်ကူးသစ်တွေကို မွေးဖွားစေတာပါ။ ပေးတဲ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်မယ်ဆိုတဲ့ ဗျူရိုကရက်စိတ်ဓာတ်သက်သက်နဲ့တော့ တိုင်းပြည်ရဲ့အနာဂတ်ကို ပုံဖော်ဖန်တီးလို့ မရပါဘူး။

ပြည်သူလူထုအကျိုးစီးပွားအတွက် ဆောင်ရွက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်က ဆင့်ပွားမွေးဖွားပေးလိုက်တဲ့ ကောင်းကျိုးတွေက ဒီနေရာမှာတင် ရပ်မနေပါဘူး။ ပြည်သူလူထုအကျိုးစီးပွားသာ ပဓာနလို့ ခိုင်ခိုင်မာမာယုံကြည်ရပ်တည်တဲ့အတွက် ကိုယ်ကျိုးစီးပွား အလိုရမ္မက် လာဘ်လာဘတွေရဲ့ သွေးဆောင်ဖြားယောင်းမှုတွေကို တွန်းလှန်တိုက်ဖျက်ရာမှာ မြဲမြံတဲ့ စိတ်ဓာတ်အင်အားကို ဖြစ်စေတာပါ။ ဒီအချက်က အရေးကြီးပါတယ်။ အာဏာရှင်စနစ်အောက်မှာ နှစ်ပေါင်းများစွာနေခဲ့ရတဲ့ နိုင်ငံတွေ ဒီမိုကရေစီစနစ်ကို ကူးပြောင်းတဲ့အခါ အုပ်ချုပ်ရေးယန္တရားအတွင်းက အခွင့်ထူးခံအလွှာတွေဟာ အပြောင်းအလဲကို မလိုလားပါဘူး။ ဟန့်တားအနှောင့်အယှက်ပေးလေ့ရှိပါတယ်။ ဒီလိုဟန့်တားနှောင့်ယှက်မှုတွေဟာ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးမှာ ပျံ့နှံ့နေတတ်တဲ့အတွက် ခိုင်မာမြဲမြံတဲ့ သန္နိဋ္ဌာန်သာမရှိခဲ့ရင် ကိုင်တွယ်ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ သမ္မတ ဂိုဘာချော့(ဗ်)လက်ထက် ဆိုဗီယက်ပြည်ထောင်စုမှာ ပြုပြင်ပြောင်းလဲမှုတွေ မအောင်မြင်ခဲ့ရတာကလည်း စနစ်ဟောင်းရဲ့ အခွင့်ထူးခံအလွှာက ဆန့်ကျင်ဟန့်တားနေလို့ပါ။ ပြောရရင်တော့ ပြည်သူ့အသည်းနှလုံး သိမ်းကျုံးနိုင်ပြီဆိုရင် မစွမ်းဆောင်နိုင်တဲ့ကိစ္စဆိုတာ မရှိပါဘူး။ လူထုအစိုးရရဲ့ စွမ်းပကားဆိုတာ ပြည်သူလူထုရဲ့ ထောက်ခံမှုအင်အားနဲ့ ရွှေရောင်အနာဂတ်ကို ဖန်တီးနိုင်တာပါ။

**ကိုဝ**

---

❊ *ကျောဖုံးမှ*

နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အချို့သော ဥပဒေများနှင့် လုပ်ငန်းစည်းမျဉ်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည်ဆိုပါက ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်လုံး ပွင့်လင်းမြင်သာမှုရှိလာပြီး ပြည်သူလူထုပိုမိုသဘောပေါက်နားလည်နိုင်စေမည်ဖြစ်ကြောင်း အဆိုပါမစ်ရှင်က သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

"ကြိုတင်မဲပေးခြင်းလုပ်ထုံးလုပ်နည်းတွေကို အခုထက်ပိုကောင်းအောင်လုပ်ဖို့ လိုအပ်ပါတယ်။ စစ်မှန်တဲ့ ရွေးကောက်ပွဲဆိုတာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းတွေနဲ့ညီတဲ့ ရွေးကောက်ပွဲရလဒ်ထွက်ပေါ်ခြင်းဖြစ်ပြီးဒါမှလည်း ရွေးကောက်ခံရတဲ့ အဖွဲ့အစည်းတွေအတွက် ပိုမိုအရောင်တောက်ပလာနိုင်မှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ဦးရေ ၂၅ရာခိုင်နှုန်းကို ခန့်အပ်နေရာပေးတာကလည်း နိုင်ငံတကာစံချိန်စံညွှန်းနဲ့ မလျော်ညီတဲ့အတွက် ပယ်ဖျက်သင့်တယ်" ဟု လိမ်းဒါ့ဖ်က ပြောကြားသည်။

ထို့အတူ နိုင်ငံသားဟုတ်၊ မဟုတ် စိစစ်သတ်မှတ်သည့် စံချိန်စံညွှန်းများသည်လည်း ခွဲခြားရာမရောက်သင့်ကြောင်း၊ တစ်ချိန်က မဲပေးပိုင်ခွင့်ရရှိ ထားသည့် လူအုပ်စုများအပါအဝင် အကျိုးအကြောင်း ခိုင်လုံသူအားလုံးကိုလည်း မဲပေးပိုင်ခွင့်ပေးသင့်ကြောင်း အဆိုပါအစီရင်ခံစာအတွင်း ဖော်ပြပါရှိပြီး အချက်တစ်ခုဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံနိုင်ရန်အတွက် နိုင်ငံအတွင်း ၁၀နှစ်ဆက်တိုက် နေထိုင်ရမည်ဟူသည့် ကန့်သတ်ချက်များသည် အလွန်တင်းကျပ်မှုများဖြစ်ကြောင်း လိမ်းဒါ့ဖ်ကထပ်လောင်းပြောကြားသည်။

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးလေးတဲ့တာဝန်တွေကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လိုအပ်ချက်တွေကို နောင်မှာ ပြုပြင်သွားနိုင်မယ်ဆိုရင် အလွန်ကောင်းမွန်ပါလိမ့်မယ်။ အထူးသဖြင့် ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိမှသာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးအပေါ်မှာ ပြည်သူလူထုက နားလည်လက်ခံပြီး ယုံကြည်မှုရလာမှာဖြစ်ပါတယ်"ဟု ၎င်းက မှတ်ချက်ပေးသည်။

ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များ၊ အယူခံဝင်ချက်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးပြီး တရားမျှတမှုအတွက် ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားပြီး အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် အခြေခံမှုများကို လေးစားလိုက်နာစေခြင်းတို့တွင် ပြည်သူများ ကြားနာခွင့်ရရှိရန်လိုအပ်ပြီး ဆုံးဖြတ်ချက်များကိုလည်း လျင်မြန်စွာထုတ်ပြန်အကြံပြုသင့်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင်မှ အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ နေထိုင်ခဲ့ပြီး အထွေထွေရွေးကောက်ပွဲကို ထောင့်စုံမှ လေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

---

# ပြင်ဦးလွင်မြို့ ပြန်လည်စိမ်းလန်းစိုပြည်သာယာရေး မြို့နေဒေသခံများမျှော်လင့်နေ

**ပြင်ဦးလွင် မတ် ၃၁**

နယ်ချဲ့အင်္ဂလိပ်တို့သည် ပြင်ဦးလွင်(ခေါ်) မေမြို့ကို မြို့ပြအဖြစ်တည်ဆောက်ရာတွင် မြေမျက်နှာပြင်အနေအထား၊ ရေဆင်း၊ ရာသီဥတုအခြေအနေ၊ သဘာဝတောတောင်ရေမြေစိမ့်စမ်းရေတံခွန်အသွယ်သွယ်တို့၏ ဖြစ်တည်တွေ့ရှိမှုတို့အပေါ် မူတည်၍ စနစ်တကျတည်ဆောက်ခဲ့ကြသည်။ ထိုစဉ်က မေမြို့သည် သဘာဝသစ်တောကြီးများ မြို့ပတ်ဝန်းကျင်အနှံ့တွင် အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ဝိုင်းရံတည်ရှိနေသောကြောင့် အေးမြသာယာသော ရာသီဥတုကို တစ်နှစ်ပတ်လုံးခံစားရရှိခဲ့ကြသည်။ မည်သည့်နေရာကိုကြည့်ကြည့် ရောင်စုံပန်းပေါင်းစုံစုံလင်လင်နှင့် တစ်မြို့လုံးမွှေးပျံ့ခဲ့ရသည်။ ထို့ကြောင့်လည်း ပြင်ဦးလွင်၊ မေမြို့၊ ပန်းမြို့တော်၊ နှင်းမြို့တော်၊ တောင်လှေကားမြို့တော်ဟု အမည်နာမငါးမျိုးအပြင် အင်္ဂလိပ်တို့က ဒုတိယအင်္ဂလန်ဟုပင်တရားဝင် မှတ်တမ်းတင်ထားရှိခဲ့သည်။

သို့သော်လည်း ယနေ့ပြင်ဦးလွင်သည် ယခင်ပြင်ဦးလွင်နှင့် လုံးဝလုံးဝ မတူညီတော့ပေ။ သဘာဝသစ်တောအုပ်ကြီးများ ပြုတ်ပြုတ်ပြုန်းကုန်သွားကြသဖြင့် အေးမြမှုတို့ဆိတ်သုဉ်းလျက် ပူလောင်မှုဒဏ်ကိုခံစားနေရပြီး နှစ်စဉ်ရေမခဲတော့သည်မှာ ကြာမြင့်လေပြီ။ သန့်ရှင်းလတ်ဆတ်သောသဘာဝလေတို့ အစား ကြော်နံ့ညှော်နံ့ တသင်းသင်းဖြင့် ယခင်သုံးစွဲရန် စိတ်ပင်မကူးခဲ့ရသော ပန်ကာ၊ အဲကွန်းတို့ကို သုံးစွဲနေရလေသည်။ ပန်းပေါင်းစုံဝေဝေဆာဆာလှလှပပနှင့် ပန်းရနံ့တို့မှာလည်း ပန်းဥယျာဉ်ကြီးများထဲတွင်သာ ရှိတော့သည်။ ယခင်မြို့လယ်စည်ပင်ပန်းခြံ၊ ထောက်ပို့ပန်းခြံတို့မှာ အဆောက်အအုံလူနေအိမ်များနှင့် ဈေးဆိုင်ခန်းတို့ ဖြစ်ကုန်ကြလေပြီ။ လူနေရပ်ကွက်များအတွင်းရှိ မြက်ခင်းစိမ်းစိမ်းတို့သည် ကွန်ကရစ်ခင်းများဖြစ်သွားသလို လွန်စွာလှပပြီး ကျက်သရေရှိလှသောမြို့၏ သင်္ကေတတစ်ခုဖြစ်သည့် Forget me not (ခေါ်) ဗိုလ်ကတော်မျက်ခုံး(ခေါ်) ခြံစည်းရိုးပင်တို့အစား အုတ်တံတိုင်းများဖြစ်သွားကြသည်။

ထိုမျှမကသေးပါ။ မြို့တော်သာယာလှပစေမည့် ဒူးလမ်းကြား(လမ်းမြောင်)တို့မှာ တစ်မြို့လုံးရှိရပ်ကွက်အသီးသီးတိုင်းတွင် ရှိခဲ့ကြသော်လည်း ယခုထိုနေရာတို့တွင် လူနေအဆောက်အအုံနှင့် မိလ္လာကန်တို့က အစားထိုးနေရာဝင်ယူလျက်ရှိနေသည်။ ပွေးကောက်(ခေါ်) BE ရေတံခွန်၏ အသက်သွေးကြောသဖွယ်ဖြစ်သည့် မြို့လယ်ဂဲလောင်းချောင်းအတွင်း အမှိုက်သရိုက်ပေါင်းစုံပြည့်နှက်လျက် ရေဝေရေလဲဧရိယာတို့တွင် အကွက်ရိုက်၊ ခြံစည်းရိုးအုတ်တံတိုင်းခတ်လူတွေနေကုန်ကြလေပြီ။ ထိုကြောင့်လည်း နွေရာသီကာလတို့



သစ်တောများ ပြုန်းတီးမှုဖြစ်နေသော ပြင်ဦးလွင်မြို့တစ်နေရာ

တွင် ၆၇ နှစ်သက်တမ်းရှိ ပွဲကောက်ရေတံခွန်ကြီးမှာ ရေခန်းခြောက်လျက် ကျောက်တုံးကြီးအဖြစ်သာ ကျန်ရှိနေလေတော့သည်။

ထို့အပြင် မြို့နယ်ဝန်းကျင်ရှိ ကျေးရွာကာကွယ်တော၊ ပလပ်မြေ၊ ကျေးရွာသုသာန်မြေ၊ ကြိုးဝိုင်းမြေ စသည့်စသည့် မြေအမျိုးမျိုးတို့မှာလည်း ခေါင်းစဉ်အဖုံဖုံ အတပ်ခံသိမ်းဆည်းခံရကာ လူနေတိုက်တာများ၊ စီးပွားဖြစ်ပြန်လည်ရောင်းချရန် မြေကွက်များအဖြစ် အသွင်ပြောင်းရောက်ရှိခဲ့သည်မှာ ပြင်ဦးလွင်တစ်မြို့ လုံးအကွက်ရိုက်၊ အုတ်တိုင်စိုက်မြေတို့ လက်ညှိုးထိုးမလွဲအောင်မြင်မကောင်းရှုမကောင်းဖြစ်နေသည်မှာ နှစ်ကာလကြာမြင့်ခဲ့ရပြီဖြစ်သည်။

ထိုကဲ့သို့ တစ်မြို့လုံးပျက်စီးဆုံးရှုံးမှုများပြားလာရခြင်းကြောင့် ပြင်ဦးလွင်တွင် ရာသီဥတုခြောက်သွေ့ပူပြင်းလာရသည်။ ရေခန်းခြောက်လာရသည်။ နေရာတိုင်းတွင် စည်းမရှိ ကမ်းမရှိ လူနေထူထပ်များပြားလာခြင်းကြောင့် မြို့မှာ သန့်ရှင်းသပ်ရပ်မှု ကင်းမဲ့လာရသည်။ အများပိုင်နေရာတို့သည် တစ်ဦးပိုင်အဖြစ် ပြောင်းလဲခဲ့ရသည်။ အများဆိုင်နေရာတို့မှာလည်း လွန်စွာရှားပါးလာခဲ့ရသည်။

ဤကဲ့သို့ အလွန်တရာဆိုးရွားလာခဲ့ရသည့် ပြင်ဦးလွင်မြို့သည် ယခင်ကဲ့သို့ သာယာလှပမှုအပေါင်းကို တာဝန်ရှိအဖွဲ့အစည်းများ ဖြေရှင်းလုပ်ကိုင်ပေးနိုင်မည့်အရေးကို မြို့နေလူထုက အားကိုးတကြီးဖြင့် မျှော်လင့်စောင့်ဆိုင်းလျက်ရှိနေပါကြောင်း။

**သက်နိုင်(ပြင်ဦးလွင်)**

---

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် မတ် ၃၁** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# သောက်သုံးရေဖူလုံရေးအတွက် စိမ့်စမ်းရေထွက်ရှိသည့် ရေချိုတွင်းများကိုသာ နှစ်စဉ် အားထားနေရ

**ငါ့သရောက် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်နေသည့်အတွက် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများနှင့် ကျေးလက်နေပြည်သူများသည် နှစ်စဉ် သောက်သုံးရေကို မြေသားမိုးရေလှောင်ကန်များ၊ အဝီစိစက်ရေတွင်းများနှင့် သဘာဝအလျောက် ထွက်ရှိသည့် စိမ့်စမ်းရေ(ရေချိုတွင်း)များကို မှီခိုအားထားနေရကြောင်း သိရသည်။

ယခုကဲ့သို့ ပူပြင်းသည့် နွေရာသီတွင် ယင်းဒေသရှိဒေသခံ ပြည်သူများအတွက် သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်အောင် သဘာဝအလျောက်ထွက်ရှိသည့် စိမ့်စမ်းရေတွင်းများက အမှီသဟဲပြုပေးနေကြောင်း ငါ့သရောက်မြို့ တောပြားကျေးရွာမှ ဒေသခံပြည်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ် တောပြားကျေးရွာသည် အိမ်ထောင်စု ၃၄၀၊ လူဦးရေ ၃၀၀၀ ခန့်ရှိကာ ဒေသခံပြည်သူများသည် မြေယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးလုပ်ကိုင်နေကြကြောင်းသိရပြီး ကျေးလက်နေပြည်သူများသည် သောက်သုံးရေအတွက် မိမိတို့ကျေးရွာရှိ အဝီစိစက်ရေတွင်းကို မှီခိုအားထားပြုနေရကြောင်း၊ ယခုနှစ် ပူပြင်းသည့် ရာသီဥတုဒဏ်ကြောင့် အဆိုပါစက်ရေတွင်းမှ ရေထွက်ရှိမှုပမာဏနှင့် လုံလောက်စွာ သုံးစွဲနိုင်မှုမရှိကြောင်းသိရသည်။

သို့ဖြစ်၍ ယခုလို နွေရာသီအချိန်ရောက်သည့်အခါတိုင်း သဘာဝအလျောက်ထွက်ရှိသည့် စိမ့်စမ်းရေ(ရေချိုတွင်း) များရှိရာ နေရာများသို့ သွားရောက်ပြီး သောက်သုံးရေများ ခပ်ယူနေရကြောင်း ငါ့သရောက်မြို့ တောပြားကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောပြသည်။

"တောပြားကျေးရွာက ဒေသခံပြည်သူတွေအတွက် နှစ်စဉ်သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ဖို့ဆိုရင် သဘာဝအလျောက်ထွက်ရှိတဲ့ စိမ့်စမ်းရေ(ရေချိုတွင်း)တွေကို မှီခိုအားထားနေရပါတယ်။ ဒါ့ကြောင့် ရေချိုတွင်းတွေက ကျွန်မတို့ကျေးရွာအတွက် အဓိကအားထားနေရတဲ့ ရေတွင်းတွေပါပဲ။ ကျွန်မတို့ကျေးရွာမှာ အဝီစိစက်ရေတွင်းနဲ့ ရေမလုံလောက်ဘူးဆိုတာကလည်း ကျွန်မတို့ရွာက မြေယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းတွေကိုလည်း ဒေသခံပြည်သူတွေက တွဲဖက်လုပ်ကိုင်နေတာဖြစ်လို့ ရေသုံးမှုပမာဏက တစ်ရက်တစ်ရက် မနည်းပါဘူး။ နောက်ပြီး ဒီနှစ်နွေရာသီကလည်း အလွန်ပူပြင်းတော့ ရေလည်းပိုကုန်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ဒေသက တစ်ခုကောင်းပါတယ်။ အခုလို သဘာဝအလျောက်ထွက်တဲ့ စိမ့်စမ်းရေ(ရေချိုတွင်း)တွေနဲ့ ရေချိုမဟုတ်တဲ့ ရေတွင်းတွေရှိနေတော့ ကျွန်မတို့ကျေးရွာအတွက် ဒီလိုရေတွင်းတွေကပဲ သောက်သုံးရေလုံလောက်အောင် အကျိုးပြုပေးနေပါတယ်။ ဒါ့ကြောင့် နှစ်စဉ် စိမ့်စမ်းရေ(ရေချိုတွင်း)ကို အားထားနေရတာဖြစ်ပါတယ်။ ဒါ့အပြင် အခုလာရောက်ရေခပ်နေတဲ့ ရေတွင်းဟာ ဆယ့်နှစ်ရာသီ ရေစိမ့်ထွက်နေတဲ့ ရေချိုတွင်းဖြစ်လို့ ကျွန်မတို့ သောက်သုံးရေအတွက် ညနေတိုင်း အလုပ်ကပြန်လာရင် ဒီရေချိုတွင်းကိုပဲ လာရောက်ခပ်ယူနေရတာဖြစ်ပါတယ်" ဟု ငါ့သရောက်မြို့ တောပြားကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ပုဂ္ဂလိကဆေးရုံများ ဝန်ဆောင်မှုမြင့်မားစေရန် အသင်းဝင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

**မန္တလေး မတ် ၃၁**

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပုဂ္ဂလိက ကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များအား ထိရောက်စွာ အသုံးပြုနိုင်စေရေးအတွက် ပုဂ္ဂလိကဆေးရုံများအား မြန်မာနိုင်ငံအနှံ့အပြား တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိရာ ကျန်းမာရေးဝန်ဆောင်မှုနှင့် အရည်အသွေးထိန်းသိမ်းမြှင့်တင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် အသင်းဝင်များအချင်းချင်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း မန္တလေးမြို့၌ ကျင်းပခဲ့သည့် ပုဂ္ဂလိကဆေးရုံများအသင်း၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ပြောသည်။

"ပုဂ္ဂလိကဆေးရုံတွေတည်ထောင်ဖွင့်လှစ်ပေးတဲ့ရည်ရွယ်ချက်က ပြည်သူတွေရဲ့ ကျန်းမာရေးလိုအပ်ချက်တွေကို စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေဖို့နဲ့ ပြည်ပကိုသွားရောက်ကုသမှုကြောင့် ကုန်ကျစရိတ်တွေသက်သာစေဖို့ဖြစ်တဲ့အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတွေကလည်း ပြည်သူတွေအတွက် မျှတတဲ့စရိတ်နဲ့ အရည်အသွေးမြင့်မားတဲ့ ဝန်ဆောင်မှုတွေပေးနိုင်ဖို့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပုဂ္ဂလိကဆေးရုံများအသင်းအနေဖြင့် အသင်းသားများ၏ ဆေးရုံဝန်ဆောင်မှုအဆင့်အတန်းမြင့်မားလာစေရန် ထိရောက်သည့်ကုသမှုများပေးခြင်း၊ ဆေးရုံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ကူညီထောက်ပံ့ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝေးလံသောဆေးရုံများ၏ လိုအပ်ချက်များကို ကူညီခြင်း၊ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ ဆေးရုံများနှင့်အဖွဲ့အစည်းများထံမှ အကူအညီများရယူ၍ အသင်းသားများ၏ အရည်အသွေးမြင့်မားရေးအတွက် သင်တန်းများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အထက်မြန်မာပြည် ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာကြည်ရှင်က ပြောသည်။

"အသင်းကြီးတိုးတက်ဖို့ အသင်းသားတိုင်းမှာ တာဝန်ရှိတဲ့အတွက် တက်တက်ကြွကြွနဲ့ စုစုစည်းစည်း ကူညီပေးဖို့လိုပါတယ်။ နိုင်ငံတော်အပိုင်းကလည်း ပုဂ္ဂလိကဆေးရုံတွေ အဆင့်အတန်းမြင့်မားလာဖို့ သင်တန်းတွေ တက်ခွင့်ပြုနိုင်အောင် စီမံဆောင်ရွက်ပေးစေလိုပါတယ်" ဟု ၎င်းက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နွေရာသီကာလ၌ ကျေးရွာများ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေး

**မံစီ မတ် ၃၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ မိုင်းခေါင်ကျေးရွာနှင့် နောင်ဟူးကျေးရွာတို့၌ ပူပြင်းခြောက်သွေ့သော နွေရာသီကာလတွင် အယ်နီညို ဒဏ်သက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေနိုင်ရေးအတွက် မတ်လနောက်ဆုံးပတ်က မြို့နယ်ဦးစီးမှူး ဦးငွေမြင့်နှင့် ရုံးအဖွဲ့ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးရွာရှိ အိမ်ခြေ၊ လူဦးရေ၊ လက်ရှိသောက်သုံးရေသုံးစွဲမှုအခြေအနေများနှင့် ယိုယွင်းပျက်စီးနေသည့် စက်ရေတွင်း၊ လက်တူးတွင်း၊ တုံကင်နှင့် ရေလှောင်ကန်စသည့် ရေစစ်တမ်းများကို အသေးစိတ်ကောက်ယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင် ၃၁-၃-၂၀၁၆

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**



အယ်နီညိုရာသီဥတုကြောင့် ကျေးရွာများ၌ ရေပြတ်လပ်မှုမရှိစေရန်အတွက် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရေထွက်နည်းပါးသည့်ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေများ လှူဒါန်းလျက်ရှိရာ မတ် ၂၉ ရက်က ရေအေးကျေးရွာအုပ်စု ရေအေးကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ သောက်သုံးရေများ လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

## မတ် ၃၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် မတ် ၃၁ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၄၃၀၀၀ |
| ၂။ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၃၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၅၀၀ မှ ၂၅၅၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၆။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၈၆၀၀၀ |
| ၇။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ အောင်လံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၅ မှ ၅၇၅ |
| ၈။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀ |
| ၉။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၀၀ မှ ၂၉၀၀ |
| ၁၀။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀ မှ ၃၀၀၀ |
| ၁၁။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၀ မှ ၈၀၀ |
| ၁၂။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၆၀၀ |
| ၁၃။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၆၀၀ မှ ၂၅၀၀ |
| ၁၄။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# စိုက်ပျိုးရေး၌ ဆေးဝါးများ၏အရည်အသွေးစိစစ်ရန်လို



**ရေတာရှည် မတ် ၃၁**
လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ အဓိကသုံးစွဲလျက်ရှိသော ဆေးဝါးများနှင့်ပတ်သက်၍ စိစစ်ရန်လိုအပ်နေကြောင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆင်ဝွေကျေးရွာနေ ဒေသခံများက ပြောသည်။

ပဲစိုက်ခင်းများနှင့် နှမ်းပါးစိုက်ခင်းများ၌ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေး၊ အသီးအားဆေး အစရှိသဖြင့် ဝယ်ယူသုံးစွဲလျက်ရှိကြရာ လက်ရှိတွင် ဆေးဝါး များ၏အာနိသင်မှာ ငွေကုန်ကြေးကျများသလောက် အကျိုးရလဒ်နည်းပါးကြောင်း ဒေသခံတောင်သူ ဦးလှမွှေးက ပြောသည်။

"ပိုးသတ်ဆေးတွေက အရင်ကလောက် အာနိသင်မရှိသလိုပဲ။ ကျွန်တော်တို့လည်း ဆေးအညွှန်းအတိုင်း တိတိကျကျသုံးစွဲကြတာပဲ။ တောင်သူတွေအနေနဲ့လည်း ဆေးဝါးသုံးစွဲမှုတွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားပါ" ဟု ၄င်းကပင် ဆက်၍ပြောသည်။ ဓာတုဆေးဝါးအတုများ ဝင်ရောက်နေသည့် သတင်းများလည်းရရှိထားရာ တောင်သူများ အနေဖြင့် စိတ်ချယုံကြည်ရသော ဆိုင်များတွင်သာ ဝယ်ယူကြရန်လိုအပ်ကြောင်း သုံးသပ်ပြောကြားမှုများ လည်းရှိနေသည်။ ရာသီဥတုပြောင်းလည်းမှုနှင့် ရေခံ မြေခံ ဒေသများအလိုက် စိုက်ခင်းသီးနှံခင်းများအပေါ် အကျိုးသက်ရောက်မှု များစွာရှိရာတွင် တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်သင့်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# လူသားချင်းစာနာထောက်ထားမှုဥပဒေအကြောင်း အသိပေးရှင်းလင်း



**မြစ်ကြီးနား မတ် ၃၁**
အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မြန်မာနိုင်ငံ ဌာနေ ကိုယ်စားလှယ်ရုံး(ရန်ကုန်)မှ ကြီးမှူး၍ ကချင်ပြည်နယ်မှ သတင်း မီဒီယာသမားများအား အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ အကြောင်း အသိပေးရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၉ ရက်က မြစ်ကြီးနားမြို့ ဝမ်တော့(ပ်) မိုတယ်ခန်းမ၌ ကျင်းပရာ ဒေသခံသတင်းမီဒီယာသမား ၂၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး (ရန်ကုန်)မှ ပြန်ကြားဆက်သွယ် ညှိနှိုင်းရေးမှူး Mr. Xavier Collard, ဌာနေကိုယ်စားလှယ်ရုံးခွဲ(မြစ်ကြီးနား)မှ တာဝန်ခံ Mr. Jean- Yves နှင့်အဖွဲ့က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ(ICRC)၏ သမိုင်းအကျဉ်းချုပ်နှင့် ဆောင်ရွက်နေသောလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအကြောင်းကို လည်းကောင်း အသိပေး ရှင်းလင်းဆွေးနွေးပြီး သတင်းမီဒီယာသမားများ၏မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(ဝ၆၂)**

# အောင်ပွဲရ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဖူဆယ်ဘောလုံးအသင်းအား ဂုဏ်ပြုဆုချီးမြှင့်

**မန္တလေး မတ် ၃၁**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာဘရူဝါရီလီမိတက်တို့ ကြီးမှူး၍ ရန်ကုန်မြို့၌ ကျင်းပခဲ့သော ပထမအကြိမ် သံလျှောင်အိမ်ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုနှင့် ပူးတွဲတတိယဆုရ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဖူဆယ်ဘောလုံးအသင်းအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမအနီးရှိ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် အောင်ပွဲရအားကစားသမားများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သော ဆုငွေကျပ် ၂၁ သိန်းကို အသင်းအုပ်ချုပ်ရေးနှင့် ခေါင်းဆောင်တို့ထံ ချီးမြှင့်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်

**အရာတော် မတ် ၃၁**
အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ မတ် ၃၀ ရက်က တစ်အိမ်သုံး ဆိုလာနှင့်ဆက်စပ်ပစ္စည်းများကို ကျေးရွာများအရောက် ကွင်းဆင်းပေးအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးလက်မီးလင်းရေးလုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သန်း ၁၅ ဒသမ ၈၉၅၀ ဖြင့် ဆိုလာ ၈၅ ခုကို ချမ်းသာ(၂) ကျေးရွာအား လည်းကောင်း၊ ၁၄ ဒသမ ၀၂၅ သန်းဖြင့် ဆိုလာ ၇၅ လုံးကို တောင်ဘို့ကျေးရွာအား လည်းကောင်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘာသာရပ်ဆိုင်ရာစာပေပွဲတော် ကျင်းပမည်

**ပခုက္ကူ မတ် ၃၁**
ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ ပရဟိတ၊ သဘာဝပတ်ဝန်းကျင် အစရှိသည့် ဘာသာရပ်ဆိုင်ရာများပါဝင်သော စာပေပွဲတော်တစ်ရပ် ပခုက္ကူခရိုင်အားကစားကွင်း၌ ဧပြီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲတော်တွင် ကိုလေး(အင်းဝဂုဏ်ရည်)၊ ဒေါ်သန်းမြင့်အောင်၊ ပန်းချီကျော်သောင်း၊ ကိုဂျင်မီ၊ ကိုမင်းကိုနိုင်၊ ပန်းချီတင်လှဝင်းထင်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဂျူး၊ ဒေါက်တာအောင်မြင့်(အောင်မြင့် ဆေး/မန်း)၊ ဦးထွန်းလွင်(မိုးလေဝသ)၊ ဦးညီပုလေး စသော စာရေးဆရာများနှင့် ပန်းချီဆရာများ လာရောက်ဟောပြောကြမည်ဖြစ်ပြီး အသိပညာဗဟုသုတများဖြစ်စေသည့်ပြခန်းများ ပြသခြင်း၊ ရန်ကုန်-မန္တလေး စာအုပ်တိုက်များမှ စာအုပ်များခင်းကျင်းပြသ ရောင်းချခြင်းနှင့် ပခုက္ကူမြို့ပေါ်ရှိ ပရဟိတအသင်းများမှ ဈေးခန်းများဖွင့်လှစ်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေပွဲတော်ကို စာပေဟောပြောပွဲ၊ ပန်းချီလက်တွေ့ရေးဆွဲပွဲ၊ ယနေ့ ပန်းချီရေစီးကြောင်း ဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပရဟိတအသင်းများ၏ နိဗ္ဗာန်ဈေးရောင်းပွဲ၊ ပညာပေးပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်ကြီး စသည့် အစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကာလ ညစဉ်တိုင်းတွင် စာရေးဆရာ ဆရာမကြီးတို့က သက်ဆိုင်ရာဘာသာရပ်အလိုက် ဟောပြောကြမည်ဖြစ်ပြီး ပွဲတော်ကာလနေ့ခင်းပိုင်းတွင် ပန်းချီလက်တွေ့ရေးဆွဲပွဲ၊ ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# စဉ့်ကူးမြို့တွင် နွေရာသီ အားကစားအခြေခံသင်တန်းဖွင့်



**စဉ့်ကူး မတ် ၃၁**
မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် တိုက်ကွမ်ဒိုသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၈ နာရီက စဉ့်ကူးမြို့ ရွှေရတုခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စဉ့်ကူးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက အမှာစကားပြောကြားပြီး တိုင်းအားကစားနည်း ကာယပညာဦးစီးဌာနကိုယ်စား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်သွယ်သွယ်ရှိန်က နည်းပြဆရာမအား သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုအားကစားသမားများမှ တိုက်ကွမ်ဒိုတိုက်ကွက်ကစားနည်းများကို သရုပ်ပြသကြသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းများတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်နှင့် တိုက်ကွမ်ဒိုအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လတိတိဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်**

# စက္ခုဒါနလှူဒါန်းပွဲ ကျင်းပ

**မိုးကောင်း မတ် ၃၁**
ချယ်ရီမေတ္တာဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်ဇော်ဆွေနှင့် တာဝန်ရှိသူများ၏ဦးဆောင်စီမံမှုဖြင့် မျက်စိအထူးကုသမားတော်ကြီး အငြိမ်းစားပါမောက္ခ ဒေါက်တာဦးကိုကိုတင်နှင့် မျက်စိဆရာဝန်များ၊ သူနာပြုများ၊ မျက်မှန်ကျွမ်းကျင်သူများပါဝင်သောအဖွဲ့သည် ကချင်ပြည်နယ် မိုးကောင်းမြို့တွင် မျက်စိရောဂါဝေဒနာရှင် ၂၂၈၅ ဦးတို့ကို ဒုတိယအကြိမ်မြောက် စက္ခုဒါနလှူဒါန်းပွဲကို မတ် ၂၄ ရက်မှ ၂၉ ရက်အထိ သပြေပင်ကျောင်းတိုက်၌ လည်းကောင်း၊ မတ် ၂၇ ရက်မှ ၂၉ ရက်အထိ မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း ကျင်းပခဲ့သည်။

ယခုအကြိမ်တွင် အခမဲ့မျက်စိစမ်းသပ်စစ်ဆေး၍ မျက်မှန်တပ်ဆင်လှူဒါန်းပေးခဲ့သူ ၂၁၈၈ ဦး၊ အသေးစားခွဲစိပ်ကုသပေးခဲ့သူ ခုနစ်ဦးနှင့် အကြီးစားခွဲစိတ်ကုသပေးခဲ့သူ ၉၀ ရှိကြောင်း သိရသည်။

**ဝင်းအောင်**

# မူဆယ်၌ တပ်ဆင်ပြီးအသင့် မိုင်းနှစ်လုံးအား ပြစ်မှုကျူးလွန်သူနှင့်အတူ ဖမ်းဆီးရမိ

**လားရှိုး မတ် ၃၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့၌ မတ် ၃၀ ရက် ည ၁၁ နာရီက မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ပန်လုံ ၄ လမ်းထိပ် အမှောင်ရိပ်တွင် အမျိုးသားတစ်ဦးအား ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေအတွင်း သင်္ကြန်အကြိုကာလ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် လှည့်ကင်း၊ စစ်ဆေးခြင်းများအား နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ရဲအုပ်စိုင်းရှုအောင် ဦးစီးအဖွဲ့နှင့် ရဲအရာခံဗိုလ်ဘိုဟန် ဦးစီးအဖွဲ့တို့သည် မတ် ၃၀ ရက် ည ၁၁ နာရီက မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ပန်လုံ ၄ လမ်းထိပ် အမှောင်ရိပ်တွင် အမျိုးသားတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရန်ဆောင်ရွက်စဉ် ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ပန်လုံ ၄ လမ်းနှင့် ၃ လမ်းထောင့်တွင် ဖမ်းဆီးရမိ၍ စစ်ဆေးရာ သန်းအောင် (၄၈ နှစ်) အမှတ် ၃၂ ပန်လုံ ၄ လမ်း ကောင်းမှုတုံရပ်ကွက် မူဆယ်မြို့နေသူဖြစ်ကြောင်း သိရှိရပြီး ၎င်းကိုင်ဆောင်ထားသော လက်ကိုင်အိတ်အတွင်းမှ CZECH REPUBLIC စာတန်းပါနှင့် A-01311 နံပါတ်ပါ ၉ မမ ပစ္စတိုတစ်လက်၊ ကျည် ၁၅ တောင့်ပါ ကျည်အိမ်တစ်ခု၊ ယမ်းမှုန့်များ ထည့်ထားသော ကော်ချပ်ပြားနှစ်ခု၊ ဒီတိုနီတာနှစ်ခု၊ ဘက်ထရီကတ်နှစ်ခု၊ ရီမုတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

သန်းအောင်အား စစ်ဆေးခဲ့ရာ SSA ဝမ်ဟိုင်းအဖွဲ့က လူသစ်စုဆောင်းခြင်းခံရပြီး ဝမ်ဟိုင်းဌာနချုပ်တွင် လက်နက်ငယ်ပစ်ခတ်ခြင်း သင်တန်းအား နှစ်လခန့်တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတွင် နယ်ပေါင်းစုံမှ သင်တန်းသား ၂၀၀ ခန့်ရှိပြီး SSA ဝမ်ဟိုင်းအဖွဲ့က စိုင်းနော်အပါအဝင် ခြောက်ဦးတို့အား ပို့ချခဲ့ပြီးနောက် ၎င်းအဖွဲ့၏ပေးအပ်သည့် တာဝန်နှင့် အမိန့်များကို လိုက်နာရန်မှာကြား၍ နေရပ်များသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

သင်တန်းတက်ရောက်စဉ် ကိုင်ဆောင်သည့် ဖုန်းနံပါတ်များကို ဆက်သွယ်ရန် ပေးအပ်ခဲ့ရကြောင်းနှင့် အချိန်မရွေး ဆက်သွယ်နိုင်ရေးအတွက် ၎င်းကိုင်ဆောင်သည့် ဖုန်းအား ပေးအပ်ခဲ့ရကြောင်း သိရသည်။ သန်းအောင်သည် နေအိမ်သို့ပြန်လည်ရောက်ရှိပြီး ၎င်းပိုင်ခြံတွင် နာနတ်စိုက်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့သည်။ မတ် ၃၀ ရက် ညနေ ၄ နာရီခန့်တွင် SSA ဝမ်ဟိုင်းအဖွဲ့ကဟု ပြောဆိုပြီး ၎င်းထံဖုန်းဖြင့်



စွမ်စော်ရပ်ကွက်ရှိ ဘာသာပေါင်းစုံ သုသာန်သို့လာရန် ဆက်သွယ်လာသဖြင့် သွားရောက်ခဲ့ရာ မီးသင်္ဂြိုဟ်စက် အဝင်လမ်းဆုံတွင် ဝမ်ဟိုင်းဌာနချုပ်၌ မြင်တွေ့ဖူးသည့် SSA ဝမ်ဟိုင်းတပ်ဖွဲ့ဝင်အားတွေ့ဆုံခဲ့ပြီး တပ်ဆင်ပြီး မိုင်းနှစ်ခု၊ သေနတ်တစ်လက်နှင့် ကျည်တို့အားပေးအပ်ကာ ယင်းနေ့ည မူဆယ်မြို့လမ်းမကြီးပေါ်တွင် ဖောက်ခွဲဖျက်ဆီးရန်၊ ဖောက်ခွဲမှု မပြုလုပ်ပါက ထိထိရောက်ရောက်အရေးယူမည်ဟုပြောဆိုခဲ့သည်။

ထို့နောက် ၎င်းမှာ မော်တော်ယာဉ်ဖြင့် မူဆယ်မြို့နယ် မန့်မိုင်ရွာဘက်သို့ ထွက်ခွာသွားကြောင်းနှင့် မတ် ၃၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ပန်လုံ ၄ လမ်းနှင့် ပြည်ထောင်စုလမ်းဆုံတွင် ဖောက်ခွဲဖျက်ဆီးရန် နေအိမ်မှ ထွက်လာစဉ် လှည့်ကင်းအဖွဲ့နှင့်တွေ့၍ ဖမ်းဆီးခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ သန်းအောင်အား ရဲအုပ်စိုင်းရှုအောင်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဟန်ငွေး(လားရှိုး)**

# မြဝတီ-ကော့ကရိတ်သွား အာရှလမ်းမပေါ်၌ ကုန်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်

**ကော့ကရိတ် မတ် ၃၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ မြဝတီ-ကော့ကရိတ်သွား အာရှလမ်းမပေါ်တွင် မတ် ၃၀ ရက် နံနက် ၁ နာရီက ခြောက်ဘီးကုန်တင်ယာဉ်တစ်စီး အရှိန်လွန် တိမ်းမှောက်ခဲ့ကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ရက် သန်းခေါင်ကျော်က မြဝတီမြို့မှ ကော့ကရိတ်မြို့သို့ ထိုင်းနိုင်ငံထုတ် ကုန်မျိုးစုံတင်ဆောင် မောင်းနှင်လာသော ခြောက်ဘီးယာဉ် ယာဉ်မောင်း ခင်မောင်ထွန်း(၄၈နှစ်) ဝါးရုံတော ၂ လမ်း ဇမ္ဗူလရပ်ကွက် ဥက္ကံမြို့နေသူမောင်းနှင်ပြီး ယာဉ်အကူ ကောင်းခန့်(၁၉နှစ်) အောင်ရတနာ ၁ လမ်း ဗိုလ်ချုပ်အောင်ဆန်းရပ်ကွက် ဥက္ကံမြို့နေ သူလိုက်ပါလာသော Nissan UD ယာဉ်အမှတ် X/---- လိုင်စင်(စိစစ်ဆဲ) ယာဉ်မှာ မိုင်တိုင်အမှတ် ၁၅၅ နှင့် ၁၆၆ ကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားသဖြင့် ယာဉ်မောင်းခင်မောင်ထွန်းတွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ယာဉ်အကူဖြစ်သူ ကောင်းခန့်မှာ ဒဏ်ရာများရရှိခဲ့ပြီး ကားအတွင်း တစ်နာရီကျော်ကြာ ညပ်ပိနေသဖြင့် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များက အချိန်မီကယ်တင်ကာ ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းခင်မောင်ထွန်းအား ဥပဒေအရအရေးယူပေးပါရန် ရဲအုပ်ဇော်လတ်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မြိတ်မြို့တွင် ခြံဝင်းအုတ်နံရံပြိုကျပြီး ဖိမိသဖြင့် ကလေးတစ်ဦးသေဆုံး

**မြိတ် မတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က ခြံစည်းရိုးအုတ်နံရံ ပြိုကျပြီး (၁၀ နှစ်)အရွယ် ကလေးငယ်တစ်ဦး သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ မြိတ်တောင်နယ်မြေ ရေနံမြေရပ်ကွက် ရွှေမျှော်တိုင်လမ်း အမှတ် ၁၄၅ နေ မောင်မြင့်မြတ်အောင် (၁၀နှစ်) (ပထမတန်းကျောင်းသား)သည် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ၎င်း၏နေအိမ်အရှေ့၌ ဘောလုံးကစားနေစဉ် ဘောလုံးမှာ နေအိမ်ယာဘက်ရှိ ဦးသန်းဌေးပိုင် ကျောက်သဲများထားသော ခြံဝင်းအုတ်နံရံအနီးရောက်သွားရာ မောင်မြင့်မြတ်အောင်မှာ ဘောလုံးအားလိုက်လံကောက်ယူစဉ် ခြံဝင်းအုတ်နံရံမှာ ၎င်းဘက်သို့ ပြိုကျလာပြီး ဖိမိသဖြင့် ၎င်း၏မိဘများမှာတွေ့ရှိ၍ အုတ်နံရံအောက်မှဆွဲထုတ်ကာ မြိတ်ဆေးရုံကြီးသို့ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကလေးမိခင်ကိုရှာဖွေစဉ် ထိုင်းရဲတပ်ဖွဲ့က တားဆီးစစ်ဆေး

**ရနောင်း မတ် ၃၁**

ကော့သောင်းမြို့ ခုနှစ်မိုင်ကျေးရွာမှ အဘွားတစ်ဦး ငါးလသားအရွယ်မိန်းကလေးတစ်ဦးအား ထိုင်းနိုင်ငံ ရနောင်းမြို့တွင် လိုက်လံရောင်းချနေသဖြင့် ရနောင်းမြို့ ရဲများက ဖမ်းဆီးထားရကြောင်း မတ် ၃၀ ရက်က သတင်းများထွက်ပေါ်ခဲ့သည်။

ဖြစ်စဉ်အား ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့သို့ စုံစမ်းရာမှ အဖြစ်မှန်မှာ ကလေး၏ဖခင်သည် ကော့သောင်းမြို့ ခုနစ်မိုင်ကျေးရွာနေကျော်ဆန်းဝင်းဖြစ်ပြီး မိခင်မှာ မဝါဝါဖြူဆိုသူဖြစ်ကြောင်း၊ ၎င်းတို့ဇနီးမောင်နှံမှာ လွန်ခဲ့သည့် လေးလခန့်က ကွဲကွာသွားကြကြောင်း၊ မိခင်ဖြစ်သူ မဝါဝါဖြူက ငါးလအရွယ် သမီးမိန်းကလေးအား ဖခင်ဖြစ်သူထံတွင် ထားရစ်ခဲ့ပြီး ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ထွက်သွားခဲ့ကြောင်း၊ ကျော်ဆန်းဝင်း၏မိခင် ဒေါ်မြင့်သန်းဆိုသူက ၎င်း၏မြေးမလေးအားခေါ်ဆောင်ကာ မိခင်ဖြစ်သူ မဝါဝါဖြူအား ရနောင်းမြို့တွင် လိုက်လံစုံစမ်းရှာဖွေစဉ် ထိုင်းရဲတပ်ဖွဲ့က ခေါ်ယူစစ်ဆေးထိန်းသိမ်းခံရသဖြင့် ကလေးတစ်ဦးအား ထိုင်းနိုင်ငံ ရနောင်းမြို့တွင် လိုက်လံလိုက်ရောင်းနေ၍ ထိုင်းရဲများက ဖမ်းဆီးထားကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထိုင်း-မြန်မာ နယ်ခြားကော်မတီအကူအညီဖြင့် ရနောင်းမြို့တွင်ရောက်ရှိနေသည့် မိခင်ဖြစ်သူ မဝါဝါဖြူအား လိုက်လံစုံစမ်းရှာဖွေ၍ အဘွားဖြစ်သူနှင့် ငါးလအရွယ် ကလေးငယ်တို့ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ကာ မိသားစုပြန်လည်ပေါင်းစည်းနိုင်ရေးအမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မူးယစ်ဆေးဝါးသယ်ယူသူများအား ထောင်ဒဏ်ချမှတ်

**သာစည် မတ် ၃၁**

နေပြည်တော် မူးယစ်တပ်ဖွဲ့မှ ဒုရဲမှူး ဝင်းလှိုင်ဦးစီး၍ သာစည်မြို့မရဲစခန်းမှ ရဲအုပ်အောင်ကျော်သိန်းနှင့် သက်သေများသည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်က သာစည်မြို့နယ် ကွဲ့တက်ဆုံရွာအနီး မိတ္ထီလာ-တောင်ကြီးသွား ကားလမ်းမိုင်တိုင်အမှတ်(၃၀/၇) အနီးမှ ည ၁၀ နာရီခန့်က သတင်းအရ စောင့်ဆိုင်းနေစဉ် တောင်ကြီးမှ မိတ္ထီလာမြို့သို့ လဲချားမြို့နယ် နောင်လုံရွာနေ စိုင်းပန်(၂၄)နှစ် မောင်းနှင်၍ ယာဉ်နောက်လိုက် ထွန်းဝင်း(ခ)အိုက်ဝင်း (၃၂နှစ်) ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာနေသူတို့ မောင်းနှင်လာသော YGN1-H/---- ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ ဗွက်ယူဆောင်လာသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၊ အလေးချိန် ခုနစ်ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံး၊ ငွေကျပ် ၂၀၀၀၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူ စိုင်းပန်နှင့် ထွန်းဝင်း(ခ) အိုက်ဝင်းတို့က ယင်းစိတ်ကြွရူးသွပ်ဆေးပြားများကို တောင်ကြီးမြို့ ဖရဲရပ်ကွက်နေ စိုင်းလုံ(၃၀နှစ်)က တောင်ကြီးမှ ရန်ကုန်သို့ သယ်ယူခသိန်း ၃၀ ပေးပြီး စရံအဖြစ် ငါးသိန်းယူခဲ့သည် ဆိုသည်။ နေပြည်တော် မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်မြင့်သွင်က တရားလိုပြု၍ သာစည်ရဲစခန်းတွင် ပြစ်မှုကျူးလွန်သူများကို အမှုဖွင့်အရေးယူခဲ့သည်။

မူးယစ်ဆေးဝါးသယ်ဆောင်သူတို့အား ၂၀၁၅ နိုဝင်ဘာ ၂၃ ရက်က မိတ္ထီလာခရိုင်တရားရုံး၌ မတ် ၃၀ ရက်က မူးယစ်ဆေးဝါးပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ်လေးနှစ်၊ မူးယစ်ဆေးဝါးပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၃၀ သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၁**

နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(၂) တောင်ပြို(ယာ) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၉ ရက်က တောင်ပြိုလက်ဝဲမြို့ ကြိမ်ချောင်း-တောင်ပြိုသွားကားလမ်း သဲချောင်းကျေးရွာအုပ်စု ဖာရီကျေးရွာအနီးတွင် ခရီးသည်တင်ယာဉ်ကို ရှာဖွေခဲ့သည်။

ထို့သို့ရှာဖွေရာတွင် ယာဉ်ပေါ်ပါခရီးသည် မာမွတ်အစ္စလာမ်နှင့်အတူပါလာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၁၂၀၀ ကိုလည်းကောင်း၊ မတ် ၂၈ ရက်က ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ပန်(အာခါ)ကျေးရွာနေ အားဘယ်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၄ ပြား သိမ်းဆည်းရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**





**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၄)၊ မြေကွက်အမှတ်-၁/ခ ၆-၃၀-၆ ၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာ(၀.၀၄၄)ဧကမြေကွက်တည်နေရာအမှတ်(၇၂၀)ကမ်းကြီးအောင်လမ်း၊ အင်းစိန်မြို့နယ်၊ ရွာမြေအမည်ပေါက် ရွာမြေအမျိုးအစား(အောင်ဇေယျာဂရန်ပေးရေးစီမံချက်အတွင်းမှမြေ)အား ဦးကျော်သက်အောင်(၁/မကတ(နိုင်)၀၂၃၄၀၁)မှမြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်အရပ်ကတိစာချုပ်တင်ပြပြီးအထူးဝန်ဆောင်ခနှုန်းထားဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ၂လမ်းနှင့်ကန်ဆင်းလမ်းထောင့်၊ ဦးပိုင်အမှတ် ၁၀၀၊ အကွက်အမှတ်၃၅ဟုခေါ်တွင်၍ ခြံအမှတ် ၁၄၁၊ မြေဧရိယာ ဝ‌ဒသမဝ၅၄ဧကရှိသော ဂရန်မြေနှင့် နှစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြေစာရင်းပုံစံ ၁၀၅တွင် ဒေါ်သောင်းရွှေ ၁၄/ဟသတ(နိုင်)၀၅၃၅၇၉နှင့် ဒေါ်သန်းသန်းဆွေ ၁၄/ဟသတ(နိုင်) ၀၅၃၅၅၅ အမည်တို့ဖြင့် မှတ်သားတည်ရှိပြီး ၎င်းတို့နှစ်ဦးစလုံးမှာ အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြ၍ ဒေါ်သောင်းရွှေ၏ဆက်ခံခွင့်ရှိသူ တူ၊ တူမလေးဦးနှင့် ဒေါ်သန်းသန်းဆွေ၏ဆက်ခံခွင့်ရှိသူ မွေးချင်းငါးဦးတို့က အမွေဆက်ခံရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြု၍ အထက်ပါမြေနှင့်အိမ်ကို ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ကြောင်းနှင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မိုးရွှေ LL.B,LLM
Advocate/၇၉၀၃
အမှတ် ၁၀၃၊ (A/B)၊ ပထမထပ်၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇

# ထွန်းထွန်းမင်း၊ တူးတူးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရုရှားလက်ဝှေ့ကျော်များ ပြင်းပြင်းထန်ထန်လေ့ကျင့်နေ

■ သတင်း-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မတ် ၃၁**

မက်(စ်)သကြန်ဖိုက် မြန်မာ-ရုရှားချန်ပီယံများ၏ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ ရုရှားမှ လုဒ်ဝဒ်ဒိုခိုယန်နှင့် ဆပ်ရှာကော့ဗ်အာတမ်တို့ မတ် ၃၁ ရက်က သိမ်ဖြူလက်ဝှေ့လေ့ကျင့်ရုံ၌ ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြည်ပငါးချိစိန်ခေါ်ပွဲတွင် မြန်မာပြည်ဒဂုံရွှေအောင်လံဆု၊ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင်၊ လက်ရှိမြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်းနှင့် ရုရှားလက်ဝှေ့ကျော် လုဒ်ဝဒ်ဒိုခိုယန်( ရုရှား)တို့ ထိုးသတ်မည်ဖြစ်သည်။ လုဒ်ဝဒ်ဒိုခိုယန်သည် အသက် ၂၉ နှစ်၊ ကိုယ်အလေးချိန် ၈၀ ကီလို၊ အရပ် ၅ ပေ ၁၀ လက်မရှိကာ နိုင်ငံတကာပွဲပေါင်း ၂၁ ပွဲတွင် ၁၉ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရှုံးပွဲမရှိ စံချိန်တင်သည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ပွဲသည် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်နိုင်သည်။ နောက်တစ်ပွဲမှာ ဒဂုံရွှေအောင်လံဆု၊ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တူးတူး(မြန်မာ)နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ဆပ်ရှာကော့ဗ်အာတမ်(ရုရှား)တို့၏ပွဲဖြစ်သည်။ ဆပ်ရှာကော့ဗ်အာတမ်သည် အသက် ၂၁ နှစ်၊ ကိုယ်အလေးချိန် ၇၅ ကီလို အရပ်ခြောက်ပေရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် နိုင်ငံတကာပွဲ ၂၆ ပွဲတွင် ၂၂ ပွဲနိုင် ၁၆ ပွဲအလဲထိုးအနိုင်ရထားကာ လေးပွဲရှုံးနိမ့်ထားသည်။ ပြည်တွင်းငါးချိစိန်ခေါ်ပွဲသုံးပွဲနှင့် လေးချိပွဲနှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကာ ရုံဝင်ကြေးအဖြစ် ငွေကျပ် ၃၀၀၀၀၊ ၂၀၀၀၀ နှင့် ၁၀၀၀၀ သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# မူးယစ်ဆေးဝါးမှု၊ လက်နက်ကိုင်ဆောင်မှု၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးမိမှုဖြင့် တရားစွဲတင်ခံရသူများအား ထောင်ဒဏ်အသီးသီးချမှတ်

**မော်လမြိုင် မတ် ၃၁**

မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်းက ဖမ်းဆီးတရားစွဲတင်ခံရသည့် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ဈေးကြီး သထုံတံတားလမ်းနေ မင်းစိုးလင်းဟန်(ခ)စိုးစိုး (၄၇နှစ်)၊ သထုံမြို့ မွန်သလီကျေးရွာနေ စောလဝင်းတင် (၃၈ နှစ်)၊ ကရင်ပြည်နယ် ဘားအံမြို့ ရွှေတောရွာနေ ခိုင်မိုးချစ် (၄၄ နှစ်)တို့ သုံးဦးကို မူးယစ်စိတ်ပြောင်းပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ်လေးနှစ်၊ မူးယစ်စိတ်ပြောင်းပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ပြစ်ဒဏ်နှစ်ရပ်ကို သီးခြားစီ ကျခံစေရန်နှင့် ကရင်ပြည်နယ် ဘားအံမြို့ လှိုင်ကမ္ဘာကျေးရွာနေ စောသင်းကို မူးယစ်စိတ်ပြောင်းပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် မတ် ၂၅ ရက်က မော်လမြိုင် ဒုတိယခရိုင်တရားသူကြီးလေးရုံးက အမိန့်ချမှတ်လိုက်သည်။

အမှုမှာ လွန်ခဲ့သော ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်က မွန်ပြည်နယ် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ အမှတ်(၃၈) ဒုတိယရဲမှူး နိုင်ထန်းမနား



ဦးစီးတပ်ဖွဲ့ဝင်များ၊ မြိုင်သာယာနယ်မြေရဲစခန်းမှူး ရဲအုပ်စိုးကြည် ကြီးကြပ်စီစဉ်မှုဖြင့် မြိုင်သာယာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ဇင်ဝင့် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မော်လမြိုင်မြို့ အတ္တရံမြစ်ကူးတံတား(မော်လမြိုင်ဘက်ခြမ်း) တံတားကြေးကောက်ခံသည့်လမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် ကရင်ပြည်နယ် ဇာသပြင်ဘက်မှ မော်လမြိုင်ဘက်သို့ မင်းစိုးလင်းဟန်(ခ)စိုးစိုးမောင်းနှင်ပြီး စောသင်း(ခ) စိုးသင်း ၊ စောလှဝင်းတင်၊ ခိုင်မိုးချစ်တို့လိုက်ပါလာသည့် 4C/------ နံပါတ်တပ်ဆင်ထားသည့် CRV အမျိုးအစား ခဲရောင်လိုင်စင်မဲ့မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ မင်းစိုးလင်းဟန်(ခ) စိုးစိုးထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ၊ ပစ္စတိုသေနတ်တစ်လက်၊ ယင်းကျည် ၂၂ တောင့်၊ ယင်းကျည်အိတ် နှစ်ခုတို့ကို ဖမ်းဆီးသိမ်းဆည်းရမိခဲ့သဖြင့် မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူပြီး မော်လမြိုင် ဒုတိယခရိုင်တရားသူကြီးလေးရုံးသို့ တရားစွဲတင်ခဲ့သောအမှုဖြစ်သည်။

အလားတူ မော်လမြိုင်ခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၂)မှ မတ် ၂၉ ရက်က မွန်ပြည်နယ် မုဒုံမြို့ (၄) ရပ်ကွက်နေ သူရကိုကို (၂၉နှစ်)ကို မူးယစ်စိတ်ပြောင်းပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် လေးနှစ်၊ မူးယစ်စိတ်ပြောင်း ပုဒ်မ ၁၉ (က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ပြစ်ဒဏ်နှစ်ရပ်ကို သီးခြားစီကျခံစေရန်နှင့် ပို့ကုန်/သွင်းကုန် ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ်ခြောက်လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အမှုမှာ လွန်ခဲ့သော ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က လိုင်စင်မဲ့မော်တော်ဆိုင်ကယ် မောင်းနှင်သူ သူရကိုကိုအား မုဒုံ ကော့ခပုံကျေးရွာ ရော်ဘာခြံအနီး၌ စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ကို ဖမ်းဆီးရမိသဖြင့် မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူတရားစွဲတင်ခဲ့သော အမှုဖြစ်သည်။

**ကျော်သန်း(မော်လမြိုင်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel
၁-၄-၂၀၁၆(သောကြာနေ့)

**နံနက်ပိုင်း**
- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၁၅ - ပြည်သူတို့ရဲ့စကားသံများ
- ၁၀း၁၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၄း၁၅ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်(အပိုင်း-၁)
- ၁၄း၄၅ - မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့(စောလဒိုးနှင့်ထက်အောင်ဦး)

**ညပိုင်း**
- ၁၅ း ၃၅ - ပြည်သူ့နီတိ **စည်းအသိတံခါးအသိ**
- ၁၆ း ၃၅ - Football Magazine (ရတနာပုံ ယူနိုက်တက်အသင်း)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၃၅)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀ း ၃၅ - **သင်္ကြန်ကာလအတွင်း မူးယစ်အန္တရာယ်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်မှုခင်းကျဆင်းရေး ဆောင်ရွက်ထားမှုဆွေးနွေး မေးမြန်းချက်**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၂၅)
- သမိုင်းကိုဖော်ပြသော ဝါကျများ(ရွာစားကြီးဦးစိန်ဘမော်နှင့်တွေ့ဆုံခြင်း)

**မှတ်ချက်။** ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

နိုင်ငံတော်သမ္မတကြီးဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်အား
လှိုက်လှဲစွာကြိုဆိုပါသည်။
အဘမင်းသဝဏ်နှင့်
သူ၏ဆရာများ ဒဿနီး
ဧပြီ (၄) ရက်နေ့ပြန်ဖွင့်ပါမည်။ – နဝငဒဿတလ

### ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးဖိုလ်ဖိုလ်လွင် ၉/မရမ(နိုင်)၀၀၄၅၄၆၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း -၀၉-၄၄၄၀၁၉၈၇၄**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ်၂၀ယ/၅၅၃၃,(Suzuki viva 110 M/Cယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုငွေ ၇/ပတတ(နိုင်)၀၅၈၂၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 6E/3770 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၅၆၂၄ Mitsubishi Pajero V4G ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခါးခါးအောင် ၁/ဗမန (နိုင်) ၀၅၀၄၂၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ဖန်းမော်) ဖန်းမော်မြို့**

### အမည်ပြောင်း
ပုသိမ်မြို့၊ အထက(၆)၊ အခွဲမတန်း(B) မှ ဦးကျော်ကိုကိုလတ်-ဒေါ်စဝ်ဥမ္မာကျော်တို့၏သား မောင်သန့်သူရိန်ကို ၁၄/ပသန(နိုင်)၂၉၄၄၉၀ အား မောင်သူရိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ပုသိမ်မြို့၊ ဧရာရတနာကိုယ်ပိုင်အထက၊ သတ္တမတန်း (B)မှ မောင်သာထက်ကို ၁၄/ပသန(နိုင်) ၂၉၄၄၉၁ အား မောင်ဟိန်းသန့် ဟူ၍ လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်သူရိန်/မောင်ဟိန်းသန့်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃ဃ/၈၁၆၄၃ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလွင် ၇/တငန (နိုင်)၁၂၅၄၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ဧရာဝတီတိုင်းဒေသကြီး
### နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမများ ခန့်ထားရေးအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆရာလိုအပ်သည့်ကျောင်းများ၌ နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမရာထူးနေရာများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အသိအမှတ်ပြု တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခုခုမှ-
(၁) Ph.D ဘွဲ့ရရှိသူများ [အသက်(၄၀)နှင့်အောက်]
(၂) Master မဟာဘွဲ့ရရှိသူများ [အသက်(၃၅)နှစ်နှင့်အောက်]
(၃) (Bachelor) ဘွဲ့ရရှိပြီးသူများ [အသက်(၃၀)နှင့်အောက်]
၂။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မိတ္တူပူးတွဲတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၆ခုနှစ် ဇွန် ၃၀ရက်ဖြင့် တွက်ချက်သည်။)
၃။ နေ့စားမူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၄။ နေ့စားဆရာ၊ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မူလတန်းပြဆရာအတတ်ပညာ(စာပေးစာယူ) သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး ယင်းသင်တန်းအောင်မြင်ပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်သည်။
၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ၁-၄-၂၀၁၆ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏လျှောက်လွှာများကို ၂၂-၄-၂၀၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာထုတ်ယူခဲ့သော မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။
၆။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၃၀-၄-၂၀၁၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကျင်းပမည်။ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ ၁ နာရီ မေးခွန်းဖြေဆိုရမည်။
၇။ ၁၀-၅-၂၀၁၆ရက်တွင် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို လျှောက်လွှာတင်သွင်းခဲ့သော မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။
၈။ ၁၄-၅-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီတွင် သက်ဆိုင်ရာမြို့နယ်များ၌ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။
၉။ ၂၅-၅-၂၀၁၆ ရက်တွင် ခန့်ထားခံရမည့်သူများစာရင်းကို မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။
၁၀။ အသေးစိတ်အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် ခရိုင်/မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

### ရခိုင်ပြည်နယ်
### နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမများ ခန့်ထားရေးအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်အတွင်း ဆရာလိုအပ်သည့်ကျောင်းများ၌ နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမများ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အသိအမှတ်ပြု တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခုခုမှ-
(၁) Ph.D ဘွဲ့ရရှိသူများ (အသက် ၄၀ နှင့်အောက်)
(၂) Master မဟာဘွဲ့ရရှိသူများ(အသက် ၃၅ နှစ်နှင့်အောက်)
(၃) Bachelorဘွဲ့ရရှိပြီးသူများ (အသက် ၃၀ နှင့်အောက်)
၂။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၆ခုနှစ် ဇွန် ၃၀ရက်ဖြင့် တွက်ချက်သည်။)
၃။ နေ့စားမူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ရခိုင်ပြည်နယ်အတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၄။ နေ့စား ဆရာ၊ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မူလတန်းပြဆရာအတတ်ပညာ (စာပေးစာယူ) သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး ယင်းသင်တန်းအောင်မြင်ပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်သည်။
၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးထံတွင် ၁-၄-၂၀၁၆ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့လျှောက်လွှာများကို ၂၂-၄-၂၀၁၆ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာထုတ်ယူခဲ့သော မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။
၆။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၃၀-၄-၂၀၁၆ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ မြို့နယ်များတွင် ကျင်းပမည်။ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ (၁)နာရီ မေးခွန်းဖြေဆိုရမည်။
၇။ ၁၀-၅-၂၀၁၆ရက်တွင် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို လျှောက်လွှာတင်သွင်းခဲ့သော မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။
၈။ ၁၄-၅-၂၀၁၆ရက် နံနက် ၉း၀၀ နာရီတွင် သက်ဆိုင်ရာမြို့နယ်များ၌ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။
၉။ ၂၅-၅-၂၀၁၆ရက် ခန့်ထားခံရသူများစာရင်းကို မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။
၁၀။ အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ် ပညာရေးမှူးရုံးနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

### အမည်ပြောင်း
တောင်ငူမြို့၊ (၅)ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၁၅၆/Bနေ ဦးလှိုင်ဝင်းသိန်း-ဒေါ်မာလာစိုးတို့၏သား မောင်ထက်ဝင်းအား မောင်ဉာဏ်လင်းဦးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ဉာဏ်လင်းဦး(တောင်ငူ)**

### ဖခင်အမည်မှန်
နောင်ချိုမြို့နယ်၊ ဆမ္မဆယ်ကျေးရွာ (အထကခွဲ)၌ ပညာသင်ကြားနေသော မစိမ့်စိမ့်ချော၏ ဖခင်အမည်မှာ ဦးမြင့်ဦး ဖြစ်ပါသည်။
**ဦးမြင့်ဦး ၅/ကသန(နိုင်)၀၅၈၆၀၈**



## နယ်မြေမီးသတ်စခန်း အဆောက်အအုံသစ်ဖွင့်လှစ်

**ရိုဓါဒါရ် မတ် ၃၁**

ချင်းပြည်နယ် ရိုဓါဒါရ်မြို့၌ နယ်မြေမီးသတ်စခန်းအဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

မီးသတ်စခန်းဖွင့်ပွဲတွင် ရိုဓါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက အမှာစကားပြောကြားပြီး နယ်မြေမီးသတ်စခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ မြို့အုပ်ချုပ်ရေးမှူး၊ မီးသတ်စခန်းတာဝန်ခံ ဦးသျှန်နွန်မောင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဆန်းလျှုရ်တို့က နယ်မြေမီးသတ်စခန်းအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါ နယ်မြေမီးသတ်စခန်းအဆောက်အအုံကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း Ever Green Land ကုမ္ပဏီက ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ နယ်မြေမီးသတ်စခန်း၌ မီးသတ်ယာဉ်နှစ်စီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဖြင့် ဒေသအတွင်း မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာသင်ဆု စာမေးပွဲများဖြေဆို

**မဘိမ်း မတ် ၃၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်မှ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆုစာမေးပွဲကို မဘိမ်းမြို့ တိုက်ကုန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မတ် ၃၀ ရက်က စစ်ဆေးခဲ့သည်။

ပညာသင်ဆုအတွက် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကြံ့ခိုင်ရေးနှင့် လူတွေ့ဖြေဆိုခြင်းများပါဝင်ခဲ့ကြောင်းနှင့် အလယ်တန်းအဆင့်ကို မတ် ၃၀ ရက်တစ်ရက်တည်း အပြီးစစ်ဆေးခဲ့ကာ အထက်တန်းအဆင့်အတွက် စာမေးပွဲကို မတ် ၃၀ နှင့် ၃၁ ရက် နှစ်ရက်ကြာ ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုစာမေးပွဲသို့ မဘိမ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ပြီး အခြေခံပညာအလယ်တန်းအဆင့်တွင် ကျောင်းသား ၂၄ ဦး၊ ကျောင်းသူ ၃၂ ဦး စုစုပေါင်း ၅၆ ဦးနှင့် အထက်တန်းအဆင့်တွင် ကျောင်းသားတစ်ဦး၊ ကျောင်းသူ ၁၄ ဦး စုစုပေါင်း ၁၅ ဦး ဝင်ရောက်ဖြေဆိုကြကြောင်းသိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

## လမ်းဖောက်လုပ်ရာတွင်ပါဝင်သော တောင်သူ ၃၀၀ နီးပါးအတွက် လယ်ယာမြေနစ်နာကြေးပေးအပ်

**မင်းကင်း မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်းရှိ ကနီ - မင်းကင်း-မြို့မကားလမ်း ဖောက်လုပ်ရာတွင် လယ်ယာမြေများ ပါဝင်သွားခဲ့သော တောင်သူ ၃၀၀ နီးပါးအတွက် လယ်ယာမြေနစ်နာကြေးငွေပေးအပ်ပွဲကို မင်းကင်းမြို့ အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ မတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

လယ်ယာမြေနစ်နာကြေးငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးကျော်သက်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အေး၊ လမ်းဦးစီးဌာနဦးစီးအရာရှိ (မြို့ပြ)ဦးချစ်လွင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးအောင်ရှမ်းတို့က လယ်ယာမြေနစ်နာကြေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ နစ်နာတောင်သူ ၂၉၇ ဦးတို့အား ပါဝင်သည့် လယ်မြေအလိုက် လယ်မြေကောင်း တစ်ဧကလျှင် ၁၂ သိန်း၊ လယ်မြေညံ့ တစ်ဧကလျှင် ၁၀ သိန်းနှုန်းဖြင့် နှစ်မျိုးခွဲ၍ စုစုပေါင်းလယ်မြေ ၈၄ ဒသမ ၃ ဧကအတွက်လည်းကောင်း၊ ယာမြေအလိုက် အမျိုးအစားခွဲ၍ ယာမြေကောင်း တစ်ဧကလျှင် ရှစ်သိန်း၊ ယာမြေညံ့တစ်ဧကလျှင် ခြောက်သိန်းနှုန်းဖြင့် စုစုပေါင်းယာမြေ ၈၀ ဒသမ ၈၈ ဧကအတွက်လည်းကောင်း နစ်နာကြေးငွေများ ပေးအပ်ခဲ့ရာ စုစုပေါင်း ကျပ် ၁၄၁၈ သိန်းကျော်ကို နစ်နာကြေးအဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

လယ်ယာမြေနစ်နာကြေးပေးအပ်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် နစ်နာကြေးလက်ခံရယူမည့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

**ချင်းတွင်းသား**

## သင်္ကြန်ပွဲတော်ကာလတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေးပြင်ဆင်မှုများကို ခရိုင်ရဲတပ်ဖွဲ့က ဦးစီးဆောင်ရွက်နေ

**ကသာ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ ပျော်ရွှင်စွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးကြိုတင်ပြင်ဆင်မှုများကို ကသာခရိုင်ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများ သိရှိလိုက်နာရန် အသိပေး၊ သတိပေးချက်များကိုလည်း ဆိုင်းဘုတ်များ စိုက်ထူ၍ အသိပေးလျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ်၌ သင်္ကြန်အကြိုကာလတွင် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့က မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ စိတ်ကိုပြောင်းလဲစေတတ်သောဆေးပြားများနှင့် ကာမရာဂဆေးဝါးများကို သုံးစွဲရောင်းချမှုများ မရှိစေရေးအတွက် ကြိုတင်စစ်ဆေးမှုများနှင့် အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သင်္ကြန်မဏ္ဍပ်များကို သတ်မှတ်ချက်နှင့် အညီ တည်ဆောက်ရေး၊ လုံခြုံရေးအတွက် CCTV ကင်မရာများတပ်ဆင်ကာ လုံခြုံရေးဝန်ထမ်းများ အပြည့်အဝတာဝန်ပေးအပ်ရေး စသည်တို့အတွက်လည်း ကြိုတင်ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ထားပြီး မဟာသင်္ကြန်ပွဲတော်ကာလအတွင်း သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ မပြုလုပ်ကြရန်လည်း ကြိုတင်အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း အရက်ပုန်းဆိုင်များနှင့် လိုင်စင်ရအရက်ဆိုင်များကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းသိမ်းခြင်း၊ ကင်းလှည့်ခြင်း၊ ဟိုတယ်နှင့်တည်းခိုခန်းများကို ဧည့်စာရင်းစစ်ဆေးခြင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ သင်္ကြန်ကာလအတွင်း ပြည်သူများ သတိပြုရန်နှင့် သိရှိလိုက်နာရမည့်အချက်များကို သိရှိစေရန်အတွက် ကြိုတင်အသိပေးချက်၊ သတိပေးချက်များပါဝင်သော ဆိုင်းဘုတ်များကို အများပြည်သူသွားလာမှုများသောနေရာများ၌ ကသာမြို့နယ်ရဲတပ်ဖွဲ့က မတ် ၂၉ ရက်မှစ၍ စိုက်ထူလျက်ရှိကာ မီဒီယာများမှလည်း အသိပေးကြေညာလျက်ရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**




## ပညာဒါန ကွန်ပျူတာသင်တန်း ရေစကြိုမြို့၌ ဖွင့်လှစ်လျက်ရှိ

**ရေစကြို မတ် ၃၁**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာတက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးစီမံချက်အနေဖြင့် W.COM HR Developmental Organization ကွန်ပျူတာပညာဒါန သင်တန်းကို ရေစကြိုမြို့အားကစားခန်းမ၌ မတ် ၂၀ ရက် နံနက်မှ စတင်ဖွင့်လှစ်ကာ အခမဲ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ကွန်ပျူတာပညာဒါနသင်တန်းကို နံနက် ၇ နာရီမှ ည ၁၀ နာရီထိ ဖွင့်လှစ်ကာ သင်တန်းတစ်ချိန်လျှင် တစ်နာရီနှုန်းဖြင့် သင်ကြားပေးလျက်ရှိပြီးသင်တန်းတစ်ချိန်လျှင် သင်တန်းသား ၂၃ ဦးကို Laptop ကွန်ပျူတာ တစ်လုံးစီဖြင့် သင်ကြားပေးလျက်ရှိကြောင်းနှင့် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၃၂၆ ဦး တက်ရောက်သင်ကြား လျက်ရှိကြောင်း၊ သင်တန်းတွင် ကွန်ပျူတာအခြေခံသင်တန်းများဖြစ်သည့် Excel၊ Power point၊ PageMaker စသည့် ဘာသာရပ်များကို နှစ်လကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ကွန်ပျူတာပညာဒါန သင်တန်းကို လူငယ်များ ကွန်ပျူတာဘာသာရပ်များ သင်ကြားနိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်၍ ရွှေဘိုမြို့ အခြေစိုက် W.COM ကုမ္ပဏီလီမိတက်က ဖွင့်လှစ်ပို့ချခြင်းဖြစ်ကာ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များသို့လည်း ပညာဒါနသင်တန်းများကို လှည့်လည်သင်ကြားပို့ချပေးလျက်ရှိကြောင်း ကွန်ပျူတာပညာဒါန သင်တန်း တာဝန်ခံ မအိဖြူစင်ကပြောသည်။

**မအိမွန်ဆွေ(ရေစကြို)**

## မြေမွန်မျိုးသန့်ခြံမှ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဝေလျက်ရှိ

**ကန့်ဘလူ မတ် ၃၁**

ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ မြေမွန်မျိုးသန့်ခြံ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲက တာဝန်ယူ၍ စိုက်ပျိုးထုတ်လုပ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မြေမွန်မျိုးသန့်ခြံကို ၁၉၈၀ ခုနှစ် နိုဝင်ဘာလက တည်ထောင်ခဲ့ပြီး ခြံဧရိယာ ၁၁၂၉ ဒသမ ၂၆ ဧကရှိကာ လက်ရှိအချိန်တွင် မျိုးကောင်းမျိုးသန့် ပဲစင်းငုံ (၄၅၀) ဧက၊ ပဲတီစိမ်း (၇၅) ဧက၊ မိုးနှမ်းဆင်းရတနာ-၃(၃၅) ဧက၊ ဆောင်းနှမ်းဆင်းရတနာ-၃(၂၅) ဧက၊ နေကြာဆင်းရွှေကြာ(၂၅) ဧက၊ နေကြာရေဆင်း-၁(၁၅) ဧက၊ မြေပဲ(၇၅) ဧက စုစုပေါင်းဧက(၇၀၀)ကို စိုက်ပျိုးထားပြီး မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးလျက်ရှိကာ ရွှေဘိုခရိုင်၊ ကသာခရိုင်နှင့် မုံရွာခရိုင်များမှ တောင်သူများက အဓိကထား ဝယ်ယူလျက်ရှိကြောင်း မျိုးစေ့ဌာနခွဲမှ ခြံတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်က ပြောသည်။

မြေမွန်မျိုးသန့်ခြံအနေဖြင့် အရည်အသွေးကောင်း သီးနှံမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ခြင်းအပြင် မျိုးစေ့အရည်အသွေး ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နည်းပညာသင်တန်းများ၊ ဆွေးနွေးပွဲများ၊ သရုပ်ပြပွဲများကျင်းပပြီး တောင်သူများအား နည်းပညာပေးခြင်း၊ ဒေသနှင့်ကိုက်ညီပြီး တောင်သူများအတွက် စီးပွားရေးတွက်ချေကိုက်မည့်သီးနှံများ ရှာဖွေဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# တူရကီစစ်သင်္ချိုင်း ပြုပြင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဝန်ဆောင်မှုပဋိညာဉ်စာချုပ် ချုပ်ဆို

**သရက် မတ် ၃၁**

မကွေးတိုင်းဒေသကြီး သရက်မြို့ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ တူရကီစစ်သင်္ချိုင်းကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ ဝန်ဆောင်မှု ပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံဆိုင်ရာ တူရကီ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ မတ် ၂၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်သင်္ချိုင်းမှာ ပထမကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော ဗြိတိသျှစစ်တပ်များနှင့်အတူ ပါလာသည့် တူရကီစစ်သားများနှင့် အစိုးရ အမှုထမ်းများ၏ စစ်သင်္ချိုင်းဖြစ်ကြောင်း သိရသည်။

စာချုပ်ချုပ်ဆိုပွဲတွင် တူရကီသံ အမတ်ကြီး H.E.Mr. Murat Yavuz Ates က ၎င်းစစ်သင်္ချိုင်းသည် ပထမကမ္ဘာစစ်အတွင်းက အော်တိုမင်တပ်မတော်နှင့်ဗြိတိသျှတပ်မတော်တို့ တိုက်ပွဲများအတွင်း ဗြိတိသျှတပ်မတော်မှ မြန်မာနိုင်ငံသို့ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်၍ ကျဆုံးခဲ့ရသော တူရကီစစ်သားများနှင့် အစိုးရအမှုထမ်းများ အောက်မေ့ဖွယ် အမှတ်တရနေရာဖြစ်ကြောင်း၊ တူရကီစစ်သင်္ချိုင်းသည် နှစ်ပေါင်းများစွာရှိနေပြီး ပျောက်ပျက်မသွားခဲ့၍ သရက်မြို့သူ မြို့သားများကို ကျေးဇူးတင်ကြောင်း၊ စောင့်ရှောက်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးတွင် ကူညီပေးသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား စာကြည့်တိုက်များကို တတ်နိုင်သရွေ့ အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ပဋိညာဉ် စာချုပ်ချုပ်ဆိုရာတွင် မြန်မာနိုင်ငံဆိုင်ရာ တူရကီ သံအမတ်ကြီး၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဆောက်အအုံ၊ လမ်း၊ တံတားပြုပြင်တည်ဆောက်သည့်TITAN ကုမ္ပဏီတို့မှ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

စာချုပ်ချုပ်ဆိုပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ၊ စည်ပင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။ **ပေါက်ကလေး (သရက်)**



# မြန်မာ-ထိုင်း နှစ်နိုင်ငံ သင်္ကြန်ပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရေး ဆွေးနွေး

**မြဝတီ မတ် ၃၁**

မြန်မာ-ထိုင်း Sister City အထူးစီးပွားရေးဇုန် နှစ်နိုင်ငံဆက်ဆံရေးကော်မတီအစည်းအဝေး (၃/ ၂၀၁၆)ကို မြဝတီမြို့ အာဇာနည်ခန်းမ၌ မတ် ၂၉ ရက်က ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ သင်္ကြန်ပွဲတော်ကျင်းပရေးအပါအဝင် အထွေထွေအကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ သင်္ကြန်ပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကျင်းပနိုင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေး၊ နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ အားကစားကဏ္ဍ၊ အလုပ်သမားနှင့် လူမှုဖူလုံရေးသင်တန်းကိစ္စ၊ ဘာသာရေးကိစ္စနှင့် မြဝတီမြို့အတွက် ထိုင်းနိုင်ငံ လျှပ်စစ်ဌာနမှ ယူသုံးထားသော လျှပ်စစ်မီးကိစ္စများကို နှစ်နိုင်ငံတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ မြဝတီခရိုင်အုပ်ချုပ်ရေးမှူးက ဦးဆောင်၍ ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်ခဲ့ပြီး ထိုင်းနိုင်ငံမှလည်း ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ နှစ်နိုင်ငံမှ မီဒီယာများ တက်ရောက်ဆွေးနွေးခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# အယ်နီညိုနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာများ မုံရွာအကျဉ်းထောင်တွင် ပညာပေးဟောပြော

**မုံရွာ မတ် ၃၁**

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပွားလာနိုင်သည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများအကြောင်း အသိပညာပေး ဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်၌ အကျဉ်းဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်သူဇာမြင့်က အယ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပူပြင်းခြင်းနှင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူရှပ်၊ ဝမ်းပျက်ဝမ်းလျှော၊ ဦးနှောက်အမြှေးရောင်စသည့် ရောဂါများမဖြစ်ပွားအောင် မုံရွာအကျဉ်းထောင်မှ အကျဉ်းသားအကျဉ်းသူများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအနေဖြင့် သတိပြုရန်အချက်များကို ဟောပြောခဲ့သည်။



အဆိုပါ ဟောပြောပွဲအပြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အပေါ့စား မီးသတ်စက်ဖြင့် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများကိုလည်း မုံရွာအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အကျဉ်းသား အကျဉ်းသူများ ပူးပေါင်း၍ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# အလယ်တန်းနှင့်အထက်တန်း ပညာသင်ဆုရွေးချယ်ရေး စာမေးပွဲစစ်ဆေး

**ကျောင်းကုန်း မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ အခြေခံပညာအလယ်တန်း ပညာသင်ဆုနှင့် အထက်တန်း ပညာသင်ဆုများအတွက် စာမေးပွဲကို မတ် ၃၀ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

အလယ်တန်းပညာသင်ဆု စာမေးပွဲတွင် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ (မြန်မာစာ+သင်္ချာ+သိပ္ပံ +ဗဟုသုတ)ရေးဖြေစာမေးပွဲများကို ဖြေဆိုရပြီး အထက်တန်းပညာသင်ဆုအတွက် အဆိုပါ စာမေးပွဲများအပြင် မတ် ၃၁ ရက်တွင် ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာကြံ့ခိုင်မှု စစ်ဆေးခြင်းများကိုပါ ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ စာမေးပွဲသို့ ကျောင်းကုန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းပေါင်း ၁၇၈ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၇၈ ဦး နှင့် အလယ်တန်းကျောင်းပေါင်း ၃၀ မှ ကျောင်းသား ကျောင်းသူ ၃၀ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# သီးနှံချေးငွေ ပေးဆပ်နိုင်သည့်ကျေးရွာများအား ဂုဏ်ပြု

**နတ်မောက် မတ် ၃၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးရန် ချေးယူထားခဲ့သော ဘဏ်ချေးငွေများကို အစောဆုံး အပြေအကျေပေးဆပ်နိုင်သည့် ကျေးရွာများအတွက် ဂုဏ်ပြုပွဲကို နတ်မောက်မြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ဂုဏ်ပြုပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဌေးအောင်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးမျိုးနိုင်က မိုးသီးနှံ ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ချေးငွေများကို အစောဆုံးပြေကျေစွာ ပြန်လည်ပေးဆပ်သည့် ကျောက်တံခါးကျေးရွာအုပ်စု၊ ဆည်ကြီးကျေးရွာအုပ်စု၊ တဲကြီးကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စု၊ ဖန်းခါးစမ်းကျေးရွာအုပ်စုနှင့် ဆည်လည်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဘဏ်မန်နေဂျာတို့က ဂုဏ်ပြုဆုများပေးအပ်ခဲ့သည်။ ယခုနှစ်တွင် နတ်မောက်မြို့နယ်သည် တိုင်းဒေသကြီးအတွင်း ချေးငွေကို အစောဆုံးအပြေအကျေပေးဆပ်နိုင်ခဲ့သည့်မြို့နယ်ဖြစ်ကြောင်းလည်း သိရသည်။ **လှဝင်း(နတ်မောက်)**



**မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက မြောက်ဆားဖွက်ကြိုးဝိုင်း အကွက်အမှတ် (၂၀၊၂၂)၌ သဘာဝတောထိန်းလုပ်ငန်း ဧက ၂၀၀၀ ကို ဆောင်ရွက်ပြီး ထွက်ရှိသော ထင်း ၈ ဒသမ ၃၁ တန် ကို ဒေသတွင်း ကျေးရွာဖြစ်သည့် သီးကုန်းကျေးရွာနှင့် မြောက်ဆားဖွက်ကြိုးဝိုင်းအတွင်းရှိ တောင်ယာတဲစုများတွင်နေထိုင်သော ပြည်သူများအား မတ် ၂၉ ရက်က အခမဲ့ဖြန့်ဝေပေးရာ ပြည်သူများလာရောက်သယ်ယူနေစဉ်။**

တင်ထွန်းဦး(မင်းဘူး)

## HIV ရောဂါပိုး ကင်းစင်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၃၁**

တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေး စီမံချက် ဆောင်ရွက်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးမှူးဒေါက်တာ ဒေါ်မိမိတင်က မြို့နယ်အတွင်း HIV နှင့် AIDS ရောဂါပိုးလျော့နည်းစေရန် ရည်ရွယ်၍ ဦးတည်အုပ်စုများဖြစ်သော ဟိုတယ်၊ မိုတယ်တို့တွင် HIV ကူးစက်ရောဂါများ ကင်းစင်ရန်နှင့် ရောဂါပိုးရှိပါက သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဌာနက အများမသိစေဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆေးဝါးကုသပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**လှလှ**



## အနော်ရထာကျောင်းဆောင် အဆောက်အအုံသစ်လွှဲပြောင်းပေးအပ်

**မုဒုံ မတ် ၃၁**

မော်လမြိုင်ခရိုင် မုဒုံမြို့ မြို့မ(၃)ရပ်ကွက် မင်္ဂလာလမ်းနှင့် အင်ကြင်းမြိုင်လမ်းအကြားရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အဆောက်အအုံသစ်အနော်ရထာဆောင်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၉ ရက်က ကျင်းပသည်။

အဆိုပါအဆောက်အအုံသစ်ကို ပညာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အခြေခံပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေကျပ် ၁၄၀၄ သိန်းဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ် ၃ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ပြီးစီးခဲ့ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

## အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ကြမည့် ကျောင်းသားများအား ဆေးပစ္စည်းများပေးအပ်

**ဘားအံ မတ် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းများတွင် ပါဝင်ကြမည့် ဘားအံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုအားပေးစကားပြောကြားခြင်းနှင့် ဆေးပစ္စည်းများပေးအပ်သည့် အခမ်းအနားကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဆိုပါလှုပ်ရှားမှုတွင်ပါဝင်ကြမည့် ကျောင်းသားကျောင်းသူများအတွက် လိုအပ်သည့်ဆေးဝါးဆေးပစ္စည်းများကို ဒေါက်တာထွန်းမင်းကလည်းကောင်း၊ စာကြည့်မျက်မှန် အလက် ၁၀၀ ကို ဦးချစ်လှိုင်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာမြမြအေးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဘားအံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ၄၉ ဦး၊ ကျောင်းသူ ၁၇၈ဦး စုစုပေါင်း ၂၂၇ ဦးနှင့် ကြီးကြပ် ဆရာ ဆရာမ ၄၉ ဦးတို့သည် အဖွဲ့ ၂၃ ဖွဲ့ခွဲ၍ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀၅ ရွာတွင် ရက်ပေါင်း ၄၅ ရက်တိုင်အောင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီက သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ရန်ကုန်တောင်ပိုင်းခရိုင် တီဘီအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာထင်ဇော်အောင်က ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများဖြစ်သည့် ပထမဆုရ သန်လျင်မြို့နယ်၊ ဒုတိယဆုရ တွံတေးမြို့နယ်၊ တတိယဆုရ ကျောက်တန်းမြို့နယ်နှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သော မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများဖြစ်သည့် ဒလမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## မော်တာအပ်ချုပ်စက်သင်တန်းဆင်း

**ဘားအံ မတ် ၃၁**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအဆင့်မြင့် မော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲ အခမ်းအနားကိုမတ် ၃၀ ရက်က ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဇော်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းသို့ ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျေးလက်ကျန်းမာရေး အဆောက်အအုံသစ်ဖွင့်

**ပေါင် မတ် ၃၁**

မွန်ပြည်နယ် ပေါင်မြို့နယ် သပြုချောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲကို မတ်၂၉ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ အဆောက်အအုံသစ်ကို ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာခင်စုစုဟန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်သည် အလျား ပေ ၁၅၀၊ အနံ ၅၆ ပေ၊ အမြင့် ၁၁ပေ RC သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ အဆောက်အအုံပါရှိသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၆၁၇ သိန်း အကုန်ကျခံကာ ဆောက်လုပ်ဖွင့်လှစ်ခဲ့သော အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဇဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ မတ် ၂၁ ရက်နှင့် ၂၂ ရက်တို့က ကျင်းပခဲ့ရာ အမျိုးသား စာကြည့်တိုက် လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ဆွေးနွေးပို့ချစဉ်။

သန္တာမေ(ပြန်/ဆက်)

PWP POWER WING PILE CO.,LTD.

လူကြီးမင်းတို့၏ အထပ်မြင့်၊ အဆင့်မြင့် Condo တိုက်များ၊ ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ Foundation ခိုင်ခံ့မှုရှိစေရန် အတွက် ISO 9001: 2008 လက်မှတ်ရ Power Wing Pile Co.,Ltd. (YCDC Pile Licence No. PL-22) မှ အရည်အသွေးပြည့်မီသော ကွန်ကရိပိုင်ချောင်းများအား စံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်သန့်ရှင်းသောရေ၊ အရည်အသွေးပြည့်သော Original သံချောင်း၊သတ်မှတ်သည့် Grade ကိုရရှိသော ခေတ်မီဘိလပ်မြေဖျော်စက်တို့ဖြင့် အမိုးအကာအောက်တွင် ကွန်ကရိပိုင်ချောင်းများ ထုတ်လုပ်သည့်စက်ရုံ (၂)ရုံမှ ထုတ်လုပ်ရောင်းချပေးခြင်းနှင့် ကျွမ်းကျင်သော အင်ဂျင်နီယာ၊ ပညာရှင်များမှ ခေတ်မီစက်အသစ်များဖြစ်သော(320Ton,260 Ton,180Ton,120Ton,100Ton,80Ton) စက်ကြီးများဖြင့် Pile Foundation & Load Test တို့အား လူကြီးမင်းတို့စိတ်တိုင်းကျ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်ဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါသည်။









ဆက်သွယ်ရန် (ရုံး) - အမှတ်(၂၀/၂၂)၊ ရှင်စောပုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01-2304709, 01-510184, 09-448051139, 09-43189697, 09-256215209
Fax : 01-510543 Email : powerwingpile@gmail.com
(စက်ရုံ ၁) - အမှတ်(၃၁၄)၊ ဂန္ဓမာလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-420006689,09-420254214
(စက်ရုံ ၂) - အမှတ်(၃၇၈)၊ ဂန္ဓမာလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-6503498 , 09-420006689
(သိုလှောင်ရုံ) - အမှတ် (၄၁၀ ဘီ/ ၇၅ က)၊ စကားဝါလမ်း၊ ပုလဲအိမ်ရာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-420006689, 09-799938830

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ် မတ်လ ၁၈ ရက် သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင် ၁၀၀၀ အနက် **ကမ္ဘောဇဘဏ်လီမိတက်**သည် **ပထမနေရာ**မှ ဝင်ငွေခွန်အများဆုံး (၄)နှစ်ဆက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **ကမ္ဘောဇဘဏ်လီမိတက်** ဥက္ကဋ္ဌ **ဦးအောင်ကိုဝင်း**အား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ဦးကျော်ကျော်ဝင်းနှင့်ဇနီး ဒေါ်မေရင်**

**နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဒါရိုက်တာအဖွဲ့**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ် မတ်လ ၁၈ ရက် သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် ၁၀၀၀ အနက် **Denko Trading Co.,Ltd.** သည် **ပထမနေရာ** မှ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြောင်းနှင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် ၁၀၀၀ အနက် **တတိယနေရာ** မှ ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ကြောင်း သိရှိရပါသဖြင့် **Eden Group Co.,Ltd.**၊ **မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်**၊ **Denko Trading Co.,Ltd.** တို့၏ ဥက္ကဋ္ဌ **ဦးချစ်ခိုင်**အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ဦးကျော်ကျော်ဝင်းနှင့်ဇနီး ဒေါ်မေရင်**

**နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဒါရိုက်တာအဖွဲ့**

**KBZ BANK**

# ကမ္ဘောဇဘဏ်လီမိတက်
# အတွက်
# “ဂုဏ်ယူဝမ်းမြောက်ခြင်း”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ခုနှစ်၊ မတ်လ(၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **“ကမ္ဘောဇဘဏ်လီမိတက်”** သည် **“ပထမနေရာ”**မှ ဝင်ငွေခွန်အများဆုံး(၄)နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏ နာယက၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** နှင့် ဒုတိယဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များအား အထူးပင်လေးစားလျက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုး တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**NAING Group Holding Co., Ltd.** **TIME SQUARE TRADING CO., LTD.**


2016 APRIL
SAMSUNG DAY
Samsung smart phones နှင့် Tablets
တွေ့ဝယ်ယူပြီး နှစ်သစ်ကို ကြိုဆိုကြရအောင်....
ဧပြီ လ (၁)ရက် - (၅)ရက်နေ့အထိ ...
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Power Bank+ Stand + Bluetooth Speaker
Dual Charger
Cable
Water Proof Bag
Samsung Towel
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်
5000 mAh Power bank
Cable
Water Proof Bag
Samsung Towel
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
5000 mAh Power bank
Water Proof Bag
Samsung Towel
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။
ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG

LG Life's Good

# BIGGEST SALE

10th MARCH ~ 10th APRIL | 2016

## HOME ENTERTAINMENT

ULTRA HD SMART 3D LED TV
84"

FREE GIFT
" LG Brand တွင်သာရရှိနိုင်သော World First Curved OLED TV "
55EC930T
55" OLED Full HD Smart Curved 3D LED TV

4K SMART LED TV
70" | 79"
FREE GIFT DVD Home Theater LHD-675

OLED FULL HD SMART CURVED 3D LED TV
55"
FREE GIFT BH-5540T Blu-ray Home Theater

4K SMART 3D LED TV / SMART LED TV
55"
FREE GIFT 24" LED TV 24MT47V

4K SMART 3D / Curved 3D LED TV
55" | 65"
FREE GIFT BP440 Blu-ray Player

4K SMART LED TV
43" | 49" (UF680T)
43" | 49" (UF690T)
FREE GIFT BP250 Blu-ray Player

LED TV
43" | 49"(LF540T)
43" | 49"(LF590T) Wi-Fi Smart
FREE GIFT DP132H DVD Player

LED TV
24" | 28" | 32"
FREE GIFT Umbrella

BLU-RAY/DVD PLAYER & SPEAKER
FREE GIFT Cap

## AIR CONDITIONER

All Air Conditioner
LG Air Conditioner ဝယ်ယူသူများအတွက်
ကျပ်သိန်း ၆၀၀ ကျော် တန်ဖိုးရှိသော
ဗလာမပါ
ခဲခြစ်ကံစမ်းမဲ

Floor Standing & Ceiling Cassette
5% Discount

## SIDE BY SIDE

Side by Side (4 Doors)
680 Liter
FREE GIFT 1 Door Refrigerator

Side by Side
522 | 533 | 674 Liter
FREE GIFT Premium Gift Set

Side by Side
630 | 679 Liter
FREE GIFT Microwave

## REFRIGERATOR

2 Doors
425 Liter
FREE GIFT Vacuum Cleaner

2 Doors
205 | 225 | 272 | 335 Liter
FREE GIFT Luminarc Drink Set

2 Doors
507 | 524 Liter
FREE GIFT Lock & Lock Gift Set

1 Door
163 | 193 Liter
FREE GIFT Safe Guard

## MICROWAVE OVEN & VACUUM CLEANER

FREE GIFT Cap

## WASHING MACHINE

Front Load
(10.5 | 14 | 16 kg
7/4 | 17/9 | 14/8 kg
Wash & Dry)
Dryer
(10.5 kg)
FREE GIFT Vacuum Cleaner

Front Load
(7 | 8 kg)

Top Load
(17 kg)
FREE GIFT Lock & Lock Storage + Box Towel

Top Load
(10 | 10.5 | 12 | 13 | 14 kg)
FREE GIFT Towel

Semi
(7 | 10.5 kg)
Top Load
(7.5 | 8 kg)
FREE GIFT Detergent

TMW Enterprise Limited

LG BRAND SHOP များနှင့် WAI YAN Electronics ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

LG Brand Shop (Sule): အမှတ် (၁၂၃)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၃၇၉၉၅၅
LG Brand Shop (Kabar Aye): အမှတ် (၅၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၈၆၀၃၃၃၅
LG Brand Shop (Pansodan): အမှတ် (၁၆၂-၁၆၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၂၅၄၅၆၁
LG Brand Shop (Mandalay): အမှတ် (၂၁၃)၊ ၂၇လမ်းနှင့် ၈၂လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၂-၆၄၀၂၉
LG Brand Shop (Nay Pyi Taw): အမှတ် (၁၅၁-၁၅၃)၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်။ ၀၆၇-၄၂၀၇၉၁၊ ၄၂၀၉၆၆

WAI YAN Electronics :

| | | | | | |
|---|---|---|---|---|---|
| Pansodan | : 01-250596~7 | Kabar Aye | : 01-401416 | South Dagon | : 01-8100343~4 |
| Bo Aung Kyaw | : 01-398565,398571 | Insein | : 01-642678 | Mandalay | : 02-72580~4 |
| Nay Pyi Taw | : 067-8108089 | Taunggyi | : 081-200571 | Bago | : 09-260632525 |
| Lashio | : 09-252337733 | Pyay | : 053-24040,09-49501580 | | |

# ရန်ကုန်စီးပွားရေးတက္ကသိုလ်
# ဘွဲ့လွန်ဒီပလိုမာသင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
# ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီမံအုပ်ချုပ်မှုပညာဒီပလိုမာ (DMA)

၂။ အဆိုပါဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသောအချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းများသို့ အစိုးရဌာနများမှ ဘွဲ့ရအရာထမ်းများအပြင် ပြင်ပ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဘွဲ့ရပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်သည်။
(င) ၁-၆-၂၀၁၆ ရက်တွင် အသက် ၂၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) ကျောင်းသားရေးရာဌာနတွင် ၄-၄-၂၀၁၆ ရက်မှ စတင်ရယူပြီး ၆-၅-၂၀၁၆ ရက် (သောကြာနေ့)နောက်ဆုံးထား၍ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၀၁၆ ခုနှစ် မေလ ၁၅ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)၌ ကျင်းပမည်။

၅။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-၅၃၆၄၃၆၊ ၆၆၁၇၃၆၊ ၆၆၄၆၈၄ တို့သို့ အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

### ရန်ကုန်စီးပွားရေးတက္ကသိုလ်
### (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန)
### ကြေညာချက်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ သင်တန်းအသီးသီး အောင်မြင်ထားကြသော ကျောင်းသား/သူများကို Certificate နှင့် Diploma များ အပ်နှင်းချီးမြှင့်မည်ဖြစ်ပါ၍ လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း ခေါ်ယူအပ်ပါသည်-

- DMAc, DFAc, DBS (အပတ်စဉ်- ၁၄၊ ၁၅ အောင်)
- DSM (အပတ်စဉ်- ၁၁၊ ၁၂၊ ၁၃ အောင်)
- CBS (အပတ်စဉ်- ၂၉၊ ၃၀၊ ၃၁၊ ၃၂ အောင်)
- CABS (အပတ်စဉ်- ၂၈၊ ၂၉၊ ၃၀၊ ၃၁ အောင်)
- CBK (အပတ်စဉ်- ၂၃၊၂၄၊ ၂၅ အောင်)
- CAA (အပတ်စဉ်- ၂၄၊ ၂၅ ၊ ၂၆ အောင်)

ကျင်းပမည့်ရက်/နေ့ - ၂၀၁၆ခုနှစ်၊ မေလ(၁၄)ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက်(၀၉း၀၀)နာရီ
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်နယ်မြေ)
တက်ရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)
အစမ်းလေ့ကျင့်မည့်ရက်/နေ့ - ၂၀၁၆ခုနှစ်၊ မေလ(၁၂)ရက်(ကြာသပတေးနေ့)
လျှောက်လွှာစတင်လက်ခံမည့်နေ့ - ၂၀၁၆ ခုနှစ်၊ ဧပြီလ(၁)ရက်
လျှောက်လွှာပိတ်ရက် - ၂၀၁၆ခုနှစ်၊ ဧပြီလ(၃၀)ရက်

* မှတ်ချက်- သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
- နှစ်ဟောင်းမှအောင်မြင်ထားသော ကျောင်းသား/သူများသည် အဝေးရောက်သာ လျှောက်ထားရမည်။
- တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော(၂"× ၁½")ဓါတ်ပုံ(၂)ပုံဖြင့် လျှောက်ထားရမည်။
- အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သောအခါ (မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် မြန်မာထဘီ၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို (အပြည့်အစုံ) ဝတ်ဆင်၍ တက်ရောက်ကြရမည်။
- အောင်လက်မှတ်များကို အဝေးရောက်(သို့မဟုတ်) တက်ရောက်တင်သွင်းပြီးမှသာ ထုတ်ပေးမည်။
- အသေးစိတ် အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်) ဖုန်းနံပါတ် (၀၁-၅၃၆၄၃၆)တွင် စုံစမ်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

### မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ သပြုပင်ကျေးရွာအုပ်စု၊ ပုဇွန်တောင်ကျေးရွာနေ ဦးကံငြိမ်း၏သမီး မစုဝေလွင် ၁၄/ဟသတ(နိုင်)၃၁၆၂၂၁၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၂-၁၉၉၄ ဖြစ်ပါသည်။

---

# ဖောင်းကြွပျောက်
# လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဟ/၂၆၀၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

---

# ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဦးဘချိုလမ်း၊ အမှတ် ၉ နေ ဦးမောင်မောင်၏သား ဦးကျော်သောင်း အသက်(၈၄)နှစ် (လူပျိုကြီး)သည် ၃၁-၁၂-၂၀၁၅ရက်တွင် မြောင်းမြမြို့အရပ်၌ ကွယ်လွန်ခဲ့ပါသည်။

ဦးကျော်သောင်း မကွယ်လွန်မီက ၄င်းပိုင်ဆိုင်သော အထက်ဖော်ပြပါ အိမ်နှင့်မြေယာတို့အား တူဖြစ်သူ ဦးတင်ကိုဦး (ဘ) ဦးလှမြင့် ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း၊ နဝရတ်လမ်း၊ဘုရားချောင်းရပ်ကွက်၊ မြောင်းမြမြို့ထံ လက်ရောက်အပ်ပေးခဲ့ပြီးဖြစ်ပါသည်။ ဤပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးသန်းဝင်း LL.B** | **ဦးလေးလွင်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၁၉၈၂၅** | **စဉ်-၆၀၄၂/၁၉၈၂** |
| **ဖုန်း-၀၉-၄၀၁၅၂၇၆၀၂** | **ဖုန်း-၀၉-၄၉၇၄၁၈၁၂** |

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သမဝါယမဝန်ကြီးဌာန
# အသေးစားစက်မှုလက်မှုလုပ်ငန်း
# ဦးစီးဌာန

၁။ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ်(ပုဂံ)၊ တိုင်းဒေသကြီး/ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (၆)ရုံး (ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ရှမ်း)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (အမရပူရ)၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး၊ ကျောက်မဲ)တို့တွင် ဒုတိယဦးစီးမှူးနှင့်အလားတူအဆင့် (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၂၁)နေရာ လစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၂။ ဒုတိယဦးစီးမှူးနှင့် အလားတူအဆင့် (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၂၁)နေရာအတွက် လိုအပ်သော ပညာအရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ယွန်းပညာကောလိပ်** **(၁၁) နေရာ**
(၁) **ဒုတိယဦးစီးမှူး** (၃) နေရာ
B.E (Mech)
M.Sc (Chem)
AGTI (Civil) နှင့်ဘွဲ့တစ်ခုခု/B.Tech (Civil)
(၂) **နည်းပြ** (၅) နေရာ
ဘွဲ့တစ်ခုခုနှင့် ယွန်းပညာဒီပလိုမာရရှိသူ
(၃) **ပစ္စည်းထိန်း(၂)** (၁) နေရာ
ဘွဲ့တစ်ခုခုနှင့် ယွန်းပညာဒီပလိုမာရရှိသူ
(၄) **စာရင်းကိုင်(၂)** (၁) နေရာ
B.Com/ B.Econ ဘွဲ့ရရှိသူ
(ယွန်းပညာဒီပလိုမာရရှိသူ ဦးစားပေးမည်)
(၅) **ကွန်ပျူတာစီစဉ်ရေးမှူး** (၁) နေရာ
M.C.Sc ဘွဲ့ရရှိသူ

(ခ) **တိုင်းဒေသကြီး/ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရန်ကုန်/မန္တလေး/စစ်ကိုင်း/ပဲခူး/မကွေး/ရှမ်း)**
**ဒုတိယဦးစီးမှူး** **(၆) နေရာ**
AGTI (MT) နှင့် ဘွဲ့တစ်ခုခု/B.Tech(Mech) (၁) နေရာ
B.Tech (Mech) (၃) နေရာ
B.Sc (IC)/ B.Sc (Chem)/B.Sc ဘွဲ့ရရှိပြီး (၂) နေရာ
Dip. in Food Technology ရရှိသူ

(ဂ) **ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရ)**
**နည်းပြ** **(၂) နေရာ**
AGTI (Textile) နှင့် ဘွဲ့တစ်ခုခု/
B.Tech(Textile) / B.E(Textile)/
ဘွဲ့တစ်ခုခုနှင့် ဆောင်းဒါးဒီပလိုမာရရှိသူ

(ဃ) **ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး/ကျောက်မဲ)**
**ဒုတိယဦးစီးမှူး** **(၂) နေရာ**
B.Tech (Mech) (၁) နေရာ
B.Sc (IC)/B.Sc(Chem)/B.Sc ဘွဲ့ရရှိပြီး (၁) နေရာ
Dip. in Food Technology ရရှိသူ

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဖော်ပြပါရာထူးနေရာများအတွက် ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူ၊ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) AGTI/ B.Tech/ B.E ရာထူးနေရာများအတွက် အမျိုးသားဝန်ထမ်းများသာ ဦးစားပေးခေါ်ယူမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားသည့် ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း
(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း
(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

၅။ လျှောက်လွှာများကို သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၁၆၊ နေပြည်တော်သို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများသို့လည်းကောင်း၊ ယွန်းပညာကောလိပ်(ပုဂံ)သို့လည်းကောင်း၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့လည်းကောင်း ၂၈-၄-၂၀၁၆ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ လျှောက်ထားသူများမှ အရည်အချင်းပြည့်မီသူများအား လူတွေ့စစ်ဆေးရန်အတွက် ဖြေဆိုရမည့်နေ့ရက်ကို ဧပြီလ နောက်ဆုံးပတ်တွင် ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၇။ လူတွေ့စစ်ဆေးချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင် စသည့် အထောက်အထားမူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများ၊ ယွန်းပညာရေးကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
# နေ့စားလပေးမူလတန်းပြ
# ဆရာ၊ ဆရာမများခန့်ထားရေးအတွက်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်အတွင်း ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး၊ မူလတန်းပြဆရာ၊ ဆရာမ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အသိအမှတ်ပြု တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခုခုမှ-
(၁) Ph.D ဘွဲ့ရရှိသူများ အသက် (၄၀ နှင့်အောက်)
(၂) (Master)မဟာဘွဲ့ရရှိသူများ(အသက် ၃၅နှစ်နှင့်အောက်)
(၃) (Bachelor)ဘွဲ့ရရှိပြီးသူများ (အသက် ၃၀နှင့်အောက်)

၂။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်ဖြင့် တွက်ချက်သည်။)

၃။ နေ့စား မူလတန်းပြဆရာ၊ ဆရာမအဖြစ် ရွေးချယ်ခံရသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၄။ နေ့စား ဆရာ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မူလတန်းပြဆရာအတတ်ပညာ(စာပေးစာယူ) သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး ယင်းသင်တန်းအောင်မြင်ပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာကို နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ၁-၄-၂၀၁၆ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၂၂-၄-၂၀၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မိမိတို့၏ လျှောက်လွှာထုတ်ယူခဲ့သော မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်ပေးပို့ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၃၀-၄-၂၀၁၆ ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကျင်းပမည်။ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ ၁ နာရီ မေးခွန်းဖြေဆိုရမည်။

၇။ ၁၀-၅-၂၀၁၆ ရက်တွင် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို လျှောက်လွှာတင်သွင်းခဲ့သော မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၈။ ၁၄-၅-၂၀၁၆ ရက် နံနက် ၉ နာရီတွင် သက်ဆိုင်ရာမြို့နယ်များ၌ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၉။ ၂၅-၅-၂၀၁၆ ရက်တွင် ခန့်ထားခံရမည့်သူများစာရင်းကို မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။

၁၀။ အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပညာရေးမှူးရုံးနှင့် ခရိုင်/မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

**နေပြည်တော်ကောင်စီ၊ နေပြည်တော်**

---

# ကိုးထက်
# ကြက်ဆီထမင်းနှင့် နှင်းပုလဲရေခဲမုန့်

အမှတ် ၁၁၇၅/ခ၊ သုမင်္ဂလာလမ်းမ(၂)၊
ဗြဟ္မစိုရ်လမ်းထောင့်၊ (၆)ရပ်ကွက်၊
တောင်ဥက္ကလာ၊ နန္ဒဝန်ဈေးအနီး

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်ယဉ်မျိုးဖြူ **နှင့်** ဦးမြင့်လွင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ မြို့သစ်ရပ်၊ ဘိုမင်းခေါင်ဘုရားလမ်း၊ အမှတ် ၁/၉၆တွင်နေထိုင်သူ ဦးမြင့်လွင် (ဘ) ဦးသန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယဉ်မျိုးဖြူက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၂၆ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာညွန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## စစ်တက္ကသိုလ်အပတ်စဉ်(၁၃)
## နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အပတ်စဉ်(၁၃)၏ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲကို ၂၄-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၁၈:၀၀ နာရီတွင် မရမ်းကုန်းမြို့နယ်၊ ၈ မိုင်လမ်းဆုံရှိ Yangon City Hotel ဒုတိယထပ် Grand Ballroom တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့် မိသားစုများ စုံညီစွာ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ် ဂေါက်သီးရိုက်ပွဲအား ၂၄-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မှာပင် နံနက် ၀၆:၀၀ နာရီတွင် တပ်မတော်ဂေါက်ကွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

DSA-13 မှ သူငယ်ချင်းများ

# (၃၂)နှစ်မြောက် မင်္ဂလာရက်မြတ်

ဖေဖေ ဦးစိုးဝင်း (စက်မှုဝန်ကြီးဌာန)နှင့် မေမေ ဒေါ်လှဝင်းယဉ်တို့၏ ၁-၄-၂၀၁၆ရက်တွင် ကျရောက်သော (၃၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်တစ်ရာတိုင်အောင် မိသားစုနှင့်အတူတကွ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးများကို ဆောင်ရွက်နိုင်ပါစေရန် ဆန္ဒပြုအပ်ပါသည်။

သား- မောင်သီဟသူ
သမီး- မထင်ထင်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/6229 Toyota Passo KGC 10 Hatch Boak (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၂၄၇၂၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

**သွေးသည် အသက်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသာဝ ၁၀/သဖရ(နိုင်)၀၃၃၉၅၂ ၏ Passport (No. မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၀၁၁၀၁

### အမည်နှင့်မွေးသက္ကရာဇ်အမှန်

မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ ဗညားနွဲ့လမ်းနေ ဦးသန်းထွန်း၏ သမီးအမည်မှန်မှာ ဒေါ်ဇင်ဇင်မိုး ၁၀/မဒန(နိုင်)၁၀၄၆၁၇နှင့် မွေးသက္ကရာဇ်အမှန်မှာ၁၄-၅-၁၉၇၉ ဖြစ်ပါကြောင်း။

ဒေါ်ဇင်ဇင်မိုး

### ဖခင်အမည်မှန်

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ အထက နဝမတန်းမှ စိုင်းခေးလိန်နှင့် သတ္တမတန်းမှ စိုင်းခေးလောဝ်တို့၏ ဖခင်အမည်မှန်မှာ စိုင်းယီမွန် ၁၃/နခန(နိုင်)၀၅၈၅၀၉ ဖြစ်ပါကြောင်း။

စိုင်းယီမွန်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၄၅၀၅၄ Kenbo-110ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကြည် ၉/လဝန(နိုင်)၀၃၁၈၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(နေပြည်တော်)

## ၂၀၁၆ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် တပည့်သာမဏေကျော်ဆရာတော်များအား ဂုဏဝိသိဋ္ဌမင်္ဂလာ ဂုဏ်ပြုပူဇော်ပွဲဖိတ်ကြားလွှာ

၂၀၁၆ခုနှစ် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သာသနာ တော်ဆိုင်ရာ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလနှင့် တပည့်များဖြစ်ကြသော သာမဏေကျော်ဘွဲ့ရရှင်ကိတ္တိဉာဏလင်္ကာရ(ဝိနယဝိဒူ)နှင့်အရှင်ခေမာသီရိ(ဝိနယဝိဒူ)တို့အား ဂုဏဝိသိဋ္ဌမင်္ဂလာ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏တပည့် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများအား ၁၃၇၇ခုနှစ် နှောင်းတန်ခူးလဆန်း ၃ရက် (၁၀-၄-၂၀၁၆)ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ်(စံပြ)ကျေးရွာ မနောဟရီကျောင်းတိုက်သို့ နံနက် ၉နာရီတွင် ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**
ဖုန်း-၀၉-၅၁၁၃၉၄၅၊ ၀၉-၅၁၇၂၇၂၉

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြင်ဦးလွင်မြို့နေ အဂ္ဂမဟာသီရိသုဓမ္မဓဇဏိဇောတဓရ ဒေါက်တာကျော်စော (စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း)၏ဇနီး ဒေါ်မေမျိုးမြတ် B.Sc(Chem) သည် ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်မှချီးမြှင့်သော **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခံရခြင်းအတွက် ဖေဖေ၊ မေမေ၊ မောင်နှင့် တူ၊ တူမများက ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆတက်ထမ်းပိုးတို့၍ သာသနာပြုနိုင်ကြပါစေရန် ဆန္ဒပြုလျက် …

ဖေဖေ - ဗိုလ်မှူးခင်ညို (ငြိမ်း)
မေမေ - ဒေါ်မြင့်မြင့်ရီ
မောင် - ဦးမိုးကျော်သူ၊ ဒေါ်ယဉ်ယဉ်မြ
မောင် - ဦးကျော်သူရ (ကိုငယ်လေး)
တူမ - မမြတ်ရွှန်းလဲ့ကျော်
တူ - မောင်နေဝန်းခန့်
ပြင်ဦးလွင်မြို့




## နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

၁-၄-၂၀၁၆ရက် (သောကြာနေ့)တွင် ကျရောက်သော ဖေဖေ ဦးကြည်မြင့်နှင့် မေမေ ဒေါ်မေမေသက်တို့၏ နှစ် (၅၀)ပြည့်ရွှေရတု မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီး၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်သော ဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သား၊ သမီးများ**

မြင့်စိုး-မြင့်မြင့်ကျော်
သန်းလွင်-ရီရီသက်
ဆွေဆွေသက်စိုး
ကျော်ကျော်စိုး-ခိုင်စိုးဝေ
သက်နိုင်စိုး-အေးပြည့်စုံ

**ချစ်မြေးများ**

ပြည့်ဖြိုးလွင်၊ ယမင်းမြင့်စိုး၊ လင်းလက်မြင့်စိုး၊ ဟိန်းစစ်နိုင်၊ ချစ်သဲပု

## အထက (ခွဲ)၊ လ(၁)မောင်တောမြို့ ဆရာ ဆရာမတို့အား ဂါရဝပြုကျေးဇူးလွှာ

၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် ကျွန်တော်/ကျွန်မတို့၏သားသမီးများအား ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ဘက်စုံပညာထူးချွန်ထက်မြက်အောင် အသိပညာ၊ အတတ်ပညာများကို သင်ကြားပို့ချပေးပါသော ထ(ခွဲ)လ(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမေသိန်းနှင့်တကွ ဆရာ ဆရာမတို့အား ကျွန်တော် ကျွန်မတို့မိဘများက လိုက်လှဲစွာဖြင့် အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**တက္ကသိုလ်ဝင်တန်း** - မောင်ဘုန်းပြည့်ကျော်(လူရည်ချွန်)
**တက္ကသိုလ်ဝင်တန်း** - မအေးမြတ်ဝေ (လူရည်ချွန်)
**နဝမတန်း** - မဖြိုးဝေခင်(နှစ်ထပ်ကွမ်းလူရည်ချွန်)

**လူရည်ချွန်မောင်မယ်များနှင့်မိဘများ**

# ဝန်ထမ်းအလိုရှိသည်

**အမှတ် (၁၃၀)၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**Ph:01-540742, 540747, 558973,**

**E-mail:hrmgr.gh@gmail.com**

ရန်ကုန်မြို့တွင် မကြာမီဖွင့်လှစ်မည့် ဆေးရုံသစ်ကြီးတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ပါရာထူးများအတွက် ဖော်ပြပါအရည်အချင်းများနှင့်ကိုက်ညီသူ (မည်သူမဆို)၊ E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ သတင်းစာတွင် ဖော်ပြသည့်ရက်မှစ၍ ၁၀ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

(၁) **Medical Officer**
- (က) M.B.,B.S ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ခ) ဆေးကုသခွင့်လိုင်စင် (ဆမ)ရရှိပြီးသူဖြစ်ရမည်။

(၂) **Nurse**
- (က) B.N.Sc (သို့) Dip in Nursing (သို့) Certificate in Mid-wife ရရှိပြီးသူဖြစ်ရမည်။
- (ခ) သူနာပြုလိုင်စင်ရရှိပြီးသူဖြစ်ရမည်။

(၃) **Radiographer**
- (က) B.Med.Tech (Medical Imaging Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၄) **Laboratory Technician**
- (က) B.Med.Tech (Medical Laboratory Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၅) **Receptionist**
- (က) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(၆) **Cleaner**

(၇) **Security Officer**

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံ (၂)ပုံ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာမိတ္တူနှင့်တကွ လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 3C/8615 Jeifeng ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၁/မမန(နိုင်)၀၀၀၃၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (တောင်ကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 3C/8616 JEIFENG ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၁/မမန(နိုင်)၀၀၀၃၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (တောင်ကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 3C/8456 JEIFENG ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၁/မမန(နိုင်)၀၀၀၃၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (တောင်ကြီး)**

## အောင်ပင်လယ်စာသင်တိုက် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၂)ဝိုင်း၊ အောင်ပင်လယ်စာသင်တိုက်တွင် ၁၂-၄-၂၀၁၆ရက်မှ ၁၇-၄-၂၀၁၆ရက်အထိ ဘုရားဟောဗုဒ္ဓဒေသနာတော်တို့ကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက်ပဓာနဆရာတော် ဘဒ္ဒန္တစန္ဒသိရီ ကမ္မဋ္ဌာနာစရိယမှ ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းပွဲဝင်မည့် ယောဂီများသည် ၁၁-၄-၂၀၁၆ ရက် ညနေ ၄ နာရီမှ ၆ နာရီအတွင်း ရိပ်သာသို့ လာရောက်ကြရန်နှင့် တရားစခန်းပွဲဝင်လိုသော ယောဂီများလည်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဖုန်း-၀၉-၇၃၀၂၃၁၀၈၊ ၀၉-၄၂၅၀၀၈၄၄၆**

## တိုက်တွန်းနှိုးဆော်ချက်

သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းသို့ဝင်ပြီး သတိပဋ္ဌာန်အကျင့်မြတ်ရေစင်ဖြင့် ကျင့်ပွားအားထုတ်ပက်ဖျန်း၍ ထာဝရအေးချမ်းမှု၊ စိတ်ချမ်းသာပျော်ရွှင်မှုကို ရယူပါ။

| | |
|---|---|
| **နေ့ရက်** ။ ။ | ၁၂-၄-၂၀၁၆ရက် (အင်္ဂါနေ့)မှ ၁၈-၄-၂၀၁၆ရက် (တနင်္လာနေ့)ထိ (၇)ရက် |
| **စာရင်းသွင်းရမည့်ရက်** ။ ။ | ၂၅-၃-၂၀၁၆ ရက်မှ ၁၂-၄-၂၀၁၆ ရက်အထိ |
| **စခန်းဝင်ရမည့် နောက်ဆုံးရက်နှင့်အချိန်** ။ ။ | ၁၂-၄-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၆ နာရီ |
| **တရားစခန်း** ။ ။ | ဖော့ကန်ဝါဥ္စုပရိယတ္တိစာသင်တိုက်၊ သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း |
| **လမ်းညွှန်** ။ ။ | အောက်မင်္ဂလာဒုံလမ်းမကြီး(သို့) အမှတ်(၄)လမ်းမကြီး၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး<br>* ရွှေပြည်သာသွား ဘတ်(စ်)ကားစီးပြီး၊ ဖော့ကန်ဈေးမှတ်တိုင်မှာ ဆင်းပါ။ |
| **ဖုန်း** ။ ။ | ၀၁-၆၄၅၆၉၆၊ ၀၉-၄၂၀၀၂၉၁၅၁ |

## ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် အဂ္ဂမဟာပဏ္ဍိတဂုဏ်ဝိသိဋ္ဌ ပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ ကြာနီကန်စာသင်တိုက်၊ ဦးစီးပဓာနနာယက ဘဒ္ဒန္တသူရိယ ဆရာတော်အရှင်သူမြတ်အား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ဝိသိဋ္ဌ ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို ၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၃ ရက် ၁၀-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## အင်ကြင်းမြိုင်သာသနာ့ရိပ်သာ သင်္ကြန် (၇)ရက် စခန်းဖွင့်မည်

ဗုဒ္ဓနည်းကျ မဟာစည်ဆရာတော်ကြီး၏ နည်းညွှန်ချက်အတိုင်း မြတ်သတိပဋ္ဌာန် အကျင့်မှန်တရားကို…

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့၊ အမှတ် (၁၁)ရပ်ကွက်၊ အောင်မင်္ဂလာကျောင်းဝိုင်း၊ **အင်ကြင်းမြိုင်သာသနာ့ရိပ်သာ၌** ဧပြီ ၁၂ရက် (အင်္ဂါနေ့)မှ ဧပြီ ၁၈ရက် (တနင်္လာနေ့)အထိ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၂ရက်အထိ ဖွင့်လှစ်ပြသမည်ဖြစ်ပါ၍ သူတော်စင်များအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း…။

**ဖုန်း-၀၉-၄၃၀၉၅၅၀၁၊ ၀၉-၇၉၇၇၈၃၉၇၈**

## ဇောတိရိပ်ငြိမ်တောရ သင်္ကြန်တရားစခန်း

မှော်ဘီမြို့နယ် ဝါးနက်ချောင်းကြီးကျေးရွာ ဇောတိရိပ်ငြိမ်တောရတွင် သင်္ကြန်တရားစခန်းကို ၁၁-၄-၂၀၁၆ မှ ၁၇-၄-၂၀၁၆ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင် လိုသူများသည် အောက်ပါလိပ်စာများတွင် ဝင်ခွင့်ပုံစံများကိုယူ၍ ၇-၄-၂၀၁၆ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းကြရန် အသိပေးအပ်ပါသည်။ ယောဂီဦးရေကန့်သတ်ထားပါသဖြင့် ဝင်ခွင့်ပုံစံမရရှိသော ယောဂီများကို လက်ခံမည်မဟုတ်ပါ။ (အိပ်ရာလိပ်၊ မှတ်ပုံတင် ယူဆောင်လာပါရန်)

(၁) ဒေါ်ခင်လှတင်
အမှတ် ၁၃၈/၁၊ ကံဘဲ့လမ်း၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၈၅၅၀၇၇၆၊ ၀၁-၅၇၂၆၈၁

(၂) ဦးမြစံ
အမှတ် ၅၊ ခေမာသီလမ်း၊ ဇရပ်ကွက်၊ မ/ဥက္ကလာ၊ ဖုန်း-၀၉-၅၁၁၃၀၃၁

(၃) ဦးသိန်းထွန်း
အမှတ် ၈၃၊ စက်တွင်းလမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်၊
ဖုန်း-၀၁-၂၂၅၂၉၇၊ ၀၉-၅၁၁၉၄၈၃

(၄) ဇောတိရိပ်ငြိမ်တောရ၊ မှော်ဘီ
ဖုန်း-၀၉-၂၆၀၁၆၆၉၉၀၊ ၀၉-၂၅၃၀၀၀၄၀၄

(၅) ဦးမြင့်ကျော်
အမှတ် ၂၁၊ ထန်းပင်ကုန်း(၁)လမ်း၊ သန်လျင်
ဖုန်း-၀၉-၂၅၄၅၈၃၂၂၅၊ ၀၉-၅၀၂၄၈၄၀

(၆) ဦးထွေးမောင်
လက်လုပ်တောင်တောရ၊ နေပြည်တော်
ဖုန်း-၀၉-၄၂၀၇၅၀၇၅၂

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ယာမြေကုန်း၊ မြတ်လေးလမ်း၊ အိမ်အမှတ် ၈/၂၅၁၊ မြေကွက်အမှတ် ၄၊ အကွက်ကြီးအမှတ် ၁၃ရှိ အလျား ပေ၆၀× အနံ ပေ၄၀ (ဧရိယာ ၀ဒသမ၀၅၅ဧက)ရှိ မြေကွက်အား ဦးကျင်ရွှေ ၁၃/တခလ(နိုင်)၀၀၅၁၉၂ ထံမှ ဝယ်ယူခဲ့ပါသည်။ ၎င်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးထွန်းဝင်း**
**၁၄/ဟသတ(နိုင်)၁၉၅၉၁၂**


**မြန်မာမြတ်ချယ်ရီ Travel & Tours**
**01-551240, 09-5003647**

**April 10-17** အားလုံးအပြီးအစီး Package (ကားသီးသန့်ငှားသည်)

➤ ဇီယက်နမ်-ဟန်ွိုင်း-ဟလောင်းဘေး-ဟိုချီမင်း-မဲခေါင်-ဗန်သောင်း Beach
အထူး .. အထူး .. စရိုးစဥ် (8D /7N) $ 895

➤ တရုတ်ပြည်-ရှေလီ-ကြယ်ဝေါင်-မန်စီ-ဝမ်တိန်-ကျောက်စိမ်း
(April 11) (7D /6N) 3.5 သိန်း

ကုမ္ပဏီများအတွက်အထူးဈေးနှုန်းဖြင့် စီစဉ်ပေးသည်

အမှတ်(၁၂၂/၁၂၄၊ကျိုက္ကဆံလမ်း၊တာမွေ။ Fb: Myanmar Myat Cherry Travel & Tours

**GOLDEN STAR Travels & Tours**

- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Apr-11,12,17
- ရွှေစက်တော်-ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး Apr-12
- မန္တလေး-ဖြင်ဦးလွင်-အလောင်းတော်ကဿပ Apr-11
- တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Apr-9,11,12,17
- ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-11,12
- တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် Apr-12
- ငွေဆောင်(Hotel + Car) Apr-11,12,13,14

Ph;09-5081580, 09-5036640, 09-5080860, 703448


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၄၀၁၃)၊ ဧရိယာ ၀ဒသမ၁၁၀ဧက၊ ဒေါ်စန္ဒာရွှေယဉ် အမည်ပေါက် နှစ် ၃၀မြေငှားစာချုပ်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၆၂/၂၀၁၆(၂၄-၃-၂၀၁၆) တင်ပြ၍ ဒေါ်စုစံနှင်း ၁၂/အစန(နိုင်)၂၂၃၁၉ (ဘ)ဦးကျော်ခိုင်စိုးမှ မြေငှားစာချုပ် အမည်ပြောင်းလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပျဉ်းမနားမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈**

ဦးမျိုးချစ်ထွန်း **နှင့်** မမေဇင်ထိုက်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ပန်းခင်း(၃)ရပ်ကွက်၊ ဦးဗုဒ္ဓေါရလမ်း၊ အမှတ် (၆/၅၆)တွင် နေထိုင်သူ မမေဇင်ထိုက် (ဘ)ဦးစံသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးချစ်ထွန်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဧပြီ ၂၆ ရက် (၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မတ် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာညွှန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## ဒေါ်အားပိန် ၁၂/ကမရ(နိုင်)၀၅၁၀၄၉ ကိုင်ဆောင်သူ သိရှိစေရန်

ကျိုင်းတုံမြို့၊ အမှတ် (၂)ရပ်ကွက်၊ နောင်ကျောက်ရပ်ရှိ မြေကွက်အမှတ် (၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂)၊ ဦးပိုင်အမှတ် (၁၃၂-ဓ)၊ (၁၃၂-ဈ)၊ (၁၃၂-ည)၊ (၁၃၂-ဋ)၊ (၁၃၂-ဌ)၊ (၁၃၂-ဍ)၊ မြေဧရိယာ ၀ဒသမ၃၃၀ဧကရှိ မြေကွက်အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းနွဲ့ ၁၃/ကတန(နိုင်) ၀၁၃၉၁၅ က လူကြီးမင်းထံမှ မြေကွက်အရောင်းအဝယ်သဘောတူကတိစာချုပ်ဖြင့် ဝယ်ယူထားပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းနွဲ့သည် အဆိုပါမြေကွက်များကို တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် လူကြီးမင်းမှ စာချုပ်ပါကတိပဋိညာဉ်အတိုင်း လာရောက်လက်မှတ်ရေးထိုး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ လူကြီးမင်းအနေဖြင့် ဤအကြောင်းကြားစာပါအတိုင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုကိုဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၃၇)**



## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလှူရှင်များ ဂုဏ်ပြုမှတ်တမ်း

ရန်ကင်းမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ ကျောက်ကုန်း (မိုးမြင့်စံမိသားစုဆောက်လုပ်ရေး) လုပ်ငန်းရှင် ဦးကျော်လှမြင့် + ဒေါ်ခင်မြနုတို့က ကျပ်ငွေ သိန်း(၂၀) လှူဒါန်းခြင်းနှင့်

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဒေလီစီတီးနေ ကိုအောင်ဇော်လင်း + မမိုဇာနိုင်နိုင် တို့က မင်္ဂလာဦးအလှူအဖြစ် ကျပ်ငွေ (၁၀)သိန်းကိုလည်းကောင်း ရွှေပြည်ဟိန်းဆရာတော် ဆောင်ရွက်လျက်ရှိသော အာယုဒါနနှင့် ဆေးရုံလုပ်ငန်းများအတွက် အသုံးပြုနိုင်ရန် လှူဒါန်းခြင်းတို့ အတွက် ဂုဏ်ပြု မှတ်တမ်းတင်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာန - ရွှေပြည်ဟိန်းကျောင်း**

သီတဂူ-ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ - ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

**ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာရ** (AccountNo.00730200701690301)



## OD TOUR

Since 1997

Oriental Dragon Travels & Tours Co.,Ltd.

April.11,12,13 ထွက်မည့် ခရီးစဉ်များ

>ပုဂံ(စွယ်တော်လေးဆူ)၊ >ပုဂံ + ရွှေစက်တော် >မန္တလေး >ပုဂံ + မန္တလေး >တောင်ကြီး >တောင်ကြီး + မန္တလေး >တောင်ကြီး + လွိုင်ကော် >မုံရွာအလောင်းတော်ကဿပ >ထားဝယ်(လောင်းလုံဘုတ်ကျွန်း/ရှင်ကိုးရှင်/ထီးစီး) >တောင်ကြီး + ပုဂံ

April.11,12,13ထွက်မည့် ခရီးစဉ်များ >တောင်ကြီး၊အင်းလေး >တောင်ကြီး + လွိုင်ကော် >ထားဝယ် + ထီးစီး >ထားဝယ်ဘုတ်ကျွန်း >မြိတ် + ကျွန်းစု >ကော့သောင်း + သူ့ဌေးကျွန်း

ခရီးစဉ်များကို လေယာဉ်/ကားဖြင့် (၂)ဦးမှစ၍ အထူးနှုန်းဖြင့် စီစဉ်ဆောင်ရွက်ပေးပါသည်။

No.52,KyunTaw Street.Sanchaung Tsp: Ph: 01-536 855, 504 808, 09-5187045

## SUN FAR TRAVELS & TOURS CO., LTD.

...satisfying your travel needs

ပြည်တွင်း/ပြည်ပ လေယာဉ်လက်မှတ်များ

ပြည်ပဟိုတယ်အခန်းများကြိုတင် Booking စီစဉ်ဆောင်ရွက်မှုများ

နိုင်ငံခြားတိုင်းပြည်များသို့ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်း

We Accept VISA MasterCard

→ ရန်ကုန်ရုံးချုပ် (၃၈ လမ်း၊ မြေညီထပ်) 01-243 993

→ အလုံရုံးခွဲ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝင်း၊ (သခင်မြပန်းခြံအနီး၊ အ.ထ.က(၄)အလုံကျောင်းရှေ့) 01-2301 999

→ ဗဟန်းရုံးခွဲ (တက္ကသိုလ်ရိပ်သာလမ်းသစ်) 01-555 771, 555 924

→ ယုဇနရုံးခွဲ (ယုဇနပလာဇာအနီး) 01-296 890, 294 670

## နယူးယောက် စိန်ရွှေရတနာရွှေဆိုင်

မှန်ကန်မှုနဲ့ ကျေနပ်စေရမယ်...အကောင်းဆုံးက

紐約珠寶金舖

ဦးကျင်စိန် + ဒေါ်ခင်စန်းရီ

မြန်မာနှစ်ကူးအခါသမယတွင် ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များအား စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ စီးပွားလာဘ်လာဘ တိုးတက်ပါစေကြောင်း နယူးယောက်မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နေ့စဉ်ရွှေပေါက်ဈေးများကိုလည်းစုံစမ်းနိုင်ပါသည်။

NEW YORK GOLD SMITH

အမှတ်(၆၃၆)၊ မဟာဗန္ဓုလလမ်းနှင့် ၂၂-လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ (ဆိုင်) ၀၁-၂၄၆၂၇၁၊ (အိမ်) ၀၁-၃၇၉၇၁၇၊ ၀၉-၅၁၂၁၅၅၀၊ ၀၉-၅၁၂၁၅၅၂။

## ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-681 9020

09-510 1862


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/5809 SINO TRUCK, Oil Bowser (6x2)T/S ယာဉ်လက်ဝယ်ရှိသူ Golden Wallet Jewellery က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**


SUPPORTED BY Australia Unlimited, Australia Awards

Organized by AVSS Australian Visa & Student Services

## AUSTRALIAN EDUCATION EXHIBITION 2016

9 A.M - 4 P.M
2nd April,2016 (Saturday)
Novotel Hotel Yangon Max
Pyay Road, Yangon

1 P.M - 5 P.M
3rd April,2016 (Sunday)
Sedona Hotel, Mandalay

သြစတြေးလျနိုင်ငံတွင် ပညာဆက်လက်သင်ကြားလိုသူများ၊ Australian Awards Scholarship နှင့် Australian Endeavour Awards လျှောက်ထားလိုသူများအနေဖြင့် ကျောင်းကိုယ်စားလှယ်များ၊ သြစတြေးလျသံရုံးမှ တာဝန်ရှိသူများနှင့် တိုက်ရိုက်လာရောက် ဆွေးနွေးမေးမြန်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

- Students apply on that day are entitle for *application fee waiver (conditions apply), chances to win iPad mini & other prizes.
- Please bring your passport & educational documents to apply for offer.

FREE ENTRY

For more information, please contact:
AVSS Yangon: 127A, 1st Floor, West Shwe Gon Daing Road, Bahan Tsp, Yangon. Tel: 09 45000 6944/6955, 09 5147227

www.theavss.net Australian Visa & Student Services (AVSS Myanmar).
AVSS Mandalay: 2/Ta 765, 69th St., Bet: 31st & 32nd Streets, Mandalay. Tel: 02 74291, 09 4440 29882




## ကျွန်တော် သေဒဏ်ကျခဲ့ရသော (၁၇) လ (၁၇) ရက်

ဇော်သက်ထွေး

"အာဏာရှင်ခေတ်မှာ မတရားသဖြင့် သေဒဏ်ချမှတ်ခြင်းခံခဲ့ရသော မီဒီယာသမားတစ်ယောက်ရဲ့ ချောက်ချားစရာ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခု"

ထွက်ပါပြီ

ဖြန့်ချိရေး ■ ပင်ရင်း ၀၉ ၇၃၀၆၀၆၂၀၊ ၀၉ ၂၆၂၉၃၃၃၆၃၊ ၀၉ ၇၈၁၈၈၄၀၃၄ | မန္တလေး ■ နဂါးစာပေ ၀၂ ၃၆၇၄၅၊ ၀၂ ၂၄၄၅၈ | ရန်ကုန် ■ ရှုဝံ့စာပေ ၀၁ ၃၈၅၅၉၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံအနောက်ရပ်ကွက် သုမင်္ဂလာလမ်း၊ အမှတ် (၁၇၃/အေ)နေ ဦးမျိုးလွင် ၁၂/သဃက(နိုင်)၀၇၀၈၅၁နှင့် ဦးဟံလှိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဟံလှို(ခ)ဦးမျိုးလွင်**

## CNG Taxi အိမ်ပေးငှားမည်

Toyota Corolla Van ဖင်ကောက် 2001 model CC/----,1.5 L,CNG 70L, စပေါ် ၃သိန်း၊ အုံနာခ- ၁၇၀၀၀ိ/ကျပ်၊ ပြင်ဆင်စရိတ်ငြိမ်း၊ အိမ်ပေး။ **ဖုန်း-၀၉-၅၀၂၀၃၈၀၊ ၀၁-၂၃၃၁၉၇၀**

## မြေကွက်ရောင်းမည်

မရမ်းကုန်းမြို့နယ်၊ တေးနယဥ်လမ်း ၇½မိုင် ပြည်လမ်း ဘိုးဘွားပိုင်မြေ ၄၀×၈၀ ပိုင်ရှင် ကိုယ်တိုင်ရောင်းမည်။ စိတ်ဝင်စားသူများဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉-၄၂၁၀၂၆၅၈၇၊ ၀၉-၂၅၀၃၅၄၇၁၆၊ ၀၉-၅၀၇၉၉၉၄(တောင်ကြီး)**

## Karat Silk

### မြန်မာ့နှစ်သစ်ကူးအကြို သင်္ကြန်ဈေးရောင်းပွဲတော်

၀၁.၀၄.၂၀၁၆ (သောကြာနေ့) မှ ၀၅.၀၄.၂၀၁၆ (အင်္ဂါနေ့) အထိ KARAT SILK ၏ ကိုယ်ပိုင်ဒီဇိုင်း မြန်မာ့ပိုးစစ်ချိတ်အမျိုးမျိုး၊ ပိုးစစ်ပုဆိုးအမျိုးမျိုး၊ ပွဲထိုင်ပုဝါအမျိုးမျိုး၊ ကွန်ပျူတာပန်းထိုးဒီဇိုင်းအမျိုးမျိုးနှင့် အရည်အသွေးမြင့် ဒီဇိုင်းစုံဇာအမျိုးမျိုးတို့ကို ၅၀% အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါကြောင်း KARAT SILK ကို အားပေးခဲ့ကြသော မိတ်ဟောင်းများ နှင့် လာရောက် အားပေးကြမည့် မိတ်သစ်များအား သတင်းကောင်းပါး၍ ဖိတ်ခေါ်အပ်ပါသည်။

အချိန် - မနက် (၁၀)နာရီမှ ညနေ(၇)နာရီအထိ

နေရာ - 42/D, ပန်တျာလမ်း (ဦးဝိစာရလမ်းနှင့်ရွှေတိဂုံဘုရားလမ်းကြား)၊ ဒဂုံမြို့နယ်။

Ph : 01-375901, 09-73344556

## TRINITY COLLEGE PATHWAY TO THE UNIVERSITY OF MELBOURNE

Australia's **Number 1 Ranked** Institution.
[UK Times HE Ranking 2015-2016]

**NOW ACCEPTING APPLICATIONS FOR 2016 MID YEAR**

**Senior Staff from Trinity College will be present at:**

**AVSS - Study in Australia Exhibition**

| Saturday 2 April, 2016 | Sunday 3 April, 2016 |
| --- | --- |
| 9:00am - 4:00pm | 1:00pm - 5:00pm |
| Novotel Hotel Yangon Max Pyay Room | Sedona Hotel Mandalay |

For more information contact AVSS on:
Tel: 09 5147227, 09 450006944/6955



Ei Pyae Pyae Phyo (Jenny)
IGCSE Yangon, 2013
Trinity College Foundation Studies - 2015
Winner of the Trinity College Entry Scholarship 2015

www.trinity.unimelb.edu.au/tcfs  facebook.com/TCFSunimelb

THE UNIVERSITY OF MELBOURNE | TRINITY COLLEGE FOUNDATION STUDIES

CRICOS 00709G

## ကုန်အမှတ်တံဆိပ်နှင့်ဒီဇိုင်း သတိပေးတားမြစ်ချက်

အောက်ဖော်ပြပါ ကုန်ပစ္စည်းအမှတ်တံဆိပ်အမျိုးအစားပုံစံနှင့်ဒီဇိုင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂) ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ အမှတ် (2/B) နေ ဦးမျိုးအောင်သည်သာလျှင် တစ်ဦးတည်းပိုင်ရှင်ဖြစ်ပြီး၊ မူပိုင်အဖြစ်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။



**(Reg. 11280/2012)**



**(Reg. 11281/2012)**



**(Reg. 11282/2012)**



**(Reg. 11283/2012)**

အထက်ပါ ကုန်ပစ္စည်းများကို နေအိမ်နှင့်ဓါတ်တိုင်များတွင် အိမ်သုံး၊ အများသုံး၊ လျှပ်စစ်မီတာများထည့်သွင်းတပ်ဆင်လျှက် လျှပ်စစ်စွမ်းအားဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန်အတွက် အကောင်းစား ပလတ်စတစ်ဖြင့် မီးလောင်ဒဏ်၊ လျှပ်စစ်ရှော့(ခ်)ဒဏ်၊ ဖျက်ဆီးခံရမှုဒဏ်များကို ခံနိုင်ရည်ရှိစေသည့် ဖော်မြူလာဖြင့် ဦးမျိုးအောင်ကိုယ်တိုင် စွန့်ဦးတီထွင်ကာ ကျွမ်းကျင်ပညာရှင်များနှင့်အတူ အဆင့်ဆင့်စမ်းသပ်စစ်ဆေးပြီး အရောင်မျိုးစုံကွဲပြားစွာ ထုတ်လုပ်ကာ ဖြန့်ချိရောင်းချနေသော ကုန်ပစ္စည်းအမျိုးအစားဒီဇိုင်းပုံစံဖြစ်ပါသည်။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် တပ်ဆင်အသုံးပြုလျှက်ရှိပါသည်။ ဤကုန်ပစ္စည်း အမျိုးအစားနှင့်ဒီဇိုင်းကို မသမာသူအချို့က အိမ်နီးချင်းနိုင်ငံတစ်ခုထံတွင် အတုပြုလုပ်ပေးရန် မှာယူတင်သွင်းလျှက် ပြည်တွင်းဈေးကွက်အတွင်း မတန်တဆလျှော့ဈေးဖြင့် ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားလာကြောင်း သက်သေခံအထောက်အထားများရရှိလာပြီးဖြစ်၍ တင်သွင်းသုံးစွဲရောင်းချရန် ကြိုးစားနေသူများအနေဖြင့် ပြန်လည်ရုပ်သိမ်းပေးရန်နှင့် မူပိုင်ရှင်ထံ အပ်နှံပေးရန်တောင်းဆိုပါသည်။

တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားပြီး ဖြန့်ချိရောင်းချလျှက်ရှိသော ဤကုန်ပစ္စည်းအမှတ်တံဆိပ်အမျိုးအစားပုံစံ နှင့်ဒီဇိုင်းကို တိုက်ရိုက်တုပ၍ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းသို့မဟုတ် အလုံးစုံဖြစ်စေ ဆင်တူယိုးမှား၊ ထင်မိယောင်မှား တုပပြုလုပ်ရောင်းချခြင်း၊ ဖြန့်ချိခြင်း၊ အခြားနိုင်ငံတစ်ခုခုသို့ တုပပြုလုပ်စေလျက် မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ တစ်ဆင့် ပြန်လည်ဖြန့်ဖြူးခြင်းများကို ဥပဒေအရ တရားစွဲဆိုအရေးယူသွားတော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာအောင်** (LL.B., D.B.A., D.B.L., D.M.L.) — **ဦးတင်အေး** (B.Sc. HGP, RL, DBL, DML, DAPsy, DIL)

တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၅) — တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၅၀)

အမှတ် (၂/ဘီ)၊ ဆဒ္ဒန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉၅၀၀၆၇၆၄

## Yadanar Family In't Co.,Ltd.

### ဝန်ထမ်းအလိုရှိသည်

Medical Sale Representative ကျား ၁၀/မ ၁၀ဦး ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်စာအသင့်အတင့်ပြောနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

**အမှတ်-၆၉၄/၇၀၀ ပထမထပ် ကုန်သည်လမ်းနှင့် ၂၇လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၉၈၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ စာတိုက်ရပ်ကွက် ဦးပိုင်မြေအမှတ် ၉၈နှင့် (၁၀၁/ခ)ကွင်း၊ အကွက် အမှတ်နှင့် အမည် (၁၅/စီ)ဘိုးဘပိုင်မြို့မြေ ၀ဒသမ၂၅၄ဧကနှင့် မြေ ၀ဒသမ၃၁၉ဧကနှင့် ဆက်စပ်မြေဧရိယာများသည် ကျွန်တော် ဦးသန်းအောင် ၇/ပခန(နိုင်)၁၁၉၁၂၄၏ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသောမြေများဖြစ်ပါသည်။ သို့ပါ၍ ယခုအခါ ခြံစည်းရိုးခတ်ခြင်းအား ပြုလုပ်လျက်ရှိရာ အကြောင်းတစ်စုံတစ်ရာကြောင့် ကန့်ကွက်လိုပါလျှင် ကျွန်ုပ်၏ရှေ့နေထံ တစ်ပတ်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**တရားလွှတ်တော်ရှေ့နေ ဦးသန်းအောင်**

**ဦးတင်မိုးအောင်**

**ဖုန်း-၀၉-၅၀၁၂၂၇၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အပိုင်(၂)၊ အမှတ် ၂/၄၄၊ အကျယ်အဝန်း (အလျား၈၅·၉ပေ၊ အနံမျက်နှာစာ ၂၄ပေ၊ အလယ် ၂၈·၇ပေ၊ အနောက် ၂၅·၈ပေ)ရှိမြေကွက်နှင့် နှစ်ထပ်အုတ်ခံအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ရှင် ဦးမောင်ညွန့်၊ ဒေါ်မြလေးတို့ထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်နေထိုင်သူ ဦးတင်မောင်စော၁၂/မဂဒ(နိုင်)၀၇၂၃၂၂ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နေခြည်ဝင့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၈၄)**
**အမှတ် ၅၆၅၊ အခန်း ၁၀၃/ဒီ၊ MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၅၃၂၃၃၉၀၊ ၀၉-၇၈၀၂၈၂၀၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တိုက် (၂၁)၊ အခန်း (၁၁/ခ)၊ ခြောက်လွှာဟုခေါ်တွင်သော တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နှင်းအိဝင်း ၁၂/ဗဟန(နိုင်)၀၈၆၆၈၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းစိုး (LL.B) အထက်တန်းရှေ့နေ**
**အမှတ် (၆၉၃)၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၇၈၀၁၂**

## အများသိစေရန် အသိပေးကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ ၉၊ နမ့်ခိုက်တိုးချဲ့၊ ဦးပိုင်အမှတ် ၂၃၆၆/၂၈၇၅၊ မြေချိန်ဧရိယာ ၁ဒသမ၃၄၆ဧကရှိ မြေနှင့် အဆောက်အအုံတို့မှာ ဦးစိုးအောင်-ဒေါ်နန်းခမ်းလှ နှင့် ဦးစိုင်းဆန်လူးတို့၏ ဘိုးဘွားပိုင်မြေများဖြစ်ပြီး ဦးညွန့်အောင်-ဒေါ်ဆွေဆွေမြင့်တို့မှ ၂၀၀၁ခုနှစ်တွင် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားရှိပါသည်။

ဦးညွန့်အောင်မှ တရားဝင်ဝယ်ယူပိုင်ဆိုင်သော ဦးပိုင်အမှတ် ၂၃၆၆၊ ၂၈၇၅၊ မြေချိန်ဧရိယာ ၁ဒသမ၃၄၆ဧကရှိ မြေနှင့် ပတ်သက်၍ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ဦးညွန့်အောင်အမည်ပေါက်ဖြင့် (၁၀)နှစ်သက်တမ်းမြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားခဲ့ပြီး ကျသင့်သော မြေခွန်နှုန်းထားများကိုလည်း ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

ဦးညွန့်အောင် အမည်ပေါက် မြေငှားဂရန်လျှောက်ထားမှု စာရွက်စာတမ်းများအား ၂၀-၃-၂၀၁၅ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူမှ မန္တလေးမြို့တွင် လာရောက်အပ်နှံ သွားခဲ့ပါသည်။ ဦးညွန့်အောင်မှ မိမိဝယ်ယူပိုင်ဆိုင်သော ဦးပိုင်အမှတ် ၂၃၆၆၊ ၂၈၇၅၊ မြေချိန် ဧရိယာ ၁ဒသမ၃၄၆ဧကရှိ မြေအား လျှောက်ထားသည့် မြေဂရန်အမှုတွဲအမှတ်-၆၀၉-၅/၂၀၁၄-၂၀၁၅ (A)ဖြင့် (၁၀)နှစ်သက်တမ်းမြေငှားဂရန်လျှောက်ထားမှုအပေါ် ပိုင်ရှင်ကိုယ်တိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိကြောင်း၊ မြေနှင့်အဆောက်အအုံအား မိမိကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့်ပိုင်ရှင်ဖြစ်သူမှ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအား တရားဝင်စီမံခန့်ခွဲခြင်းပြုရာတွင် ဝင်ရောက် နှောင့်ယှက်ခြင်းပြုပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| --- | --- | --- |
| **ဦးညွန့်အောင်-ဒေါ်ဆွေဆွေမြင့်** | **ဒေါ်ဝေဝေသိန်း** | **ဒေါ်နှင်းမိုးလွင်** |
| | **စဉ်-၆၇၀၆** | **စဉ်-၉၉၁၆** |

**တရားလွှတ်တော်ရှေ့နေများ**
**ရပ်ကွက် ၅၊ ခိုင်ရွှေဝါလမ်း၊ လားရှိုးမြို့**

# မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် မျှော်လင့်ကြောင်း အမေရိကန်သမ္မတအိုဘားမားပြောကြား



အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမား

**နေပြည်တော် မတ် ၃၁**

မြန်မာနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး မတ် ၃၀ ရက်က ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာပြုခဲ့သည့် နိုင်ငံတော်သမ္မတသစ် ဦးထင်ကျော်အား နိုင်ငံတကာက ချီးကျူးဂုဏ်ပြုလျက်ရှိပြီး အမေရိကန် ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားကလည်း ချီးကျူးဂုဏ်ပြုသည့် ကြေညာချက်တစ်စောင်ကို ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါကြေညာချက်အတွင်း အိုဘားမားက မြန်မာနိုင်ငံ၏မိတ်ဖက်ဖြစ်လိုကြောင်း ထည့်သွင်းပြောကြားထားသည်ကို မြင်တွေ့ရသည်။

ထို့အပြင် အဆိုပါကြေညာချက်အတွင်း သမ္မတ ဦးထင်ကျော်နှင့်အတူ ဖွဲ့စည်းထားသည့် အစိုးရအသစ်သည် အမေရိကန်ပြည်ထောင်စုနှင့် ရှေ့ဆက် လက်တွဲလုပ်ဆောင်သွားရန် မျှော်လင့်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ဦးထင်ကျော်၏ သမ္မတရာထူးတာဝန် လွှဲပြောင်းလက်ခံထားခြင်းသည် ဒီမိုကရေစီနည်းလမ်းတကျ အများရွေးချယ်တင်မြှောက်ခြင်း ခံရသော အရပ်သားဦးဆောင်သည့် အစိုးရထံသို့ အသွင်ကူးပြောင်းသည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်မှတ်တိုင်တစ်ရပ်ကို ကိုယ်စားပြုခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❐



နိုင်ငံတော်သမ္မတ ဦးထင်ကျော်

# ဥပဒေအချို့ပြုပြင်ပါက ရွေးကောက်ပွဲရလဒ် ယခုထက်ပိုအောင်မြင်နိုင်ဟု အီးယူရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင်ခေါင်းဆောင် အကြံပြု

ခင်ရတနာ

**နေပြည်တော် မတ် ၃၁**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် နောက်ဆုံးရလဒ်အဖြစ် သမ္မတဦးထင်ကျော်ကို ရွေးကောက်တင်မြှောက်နိုင်သည်အထိ အောင်မြင်ခဲ့ရခြင်းမှာ အဆိုပါရွေးကောက်ပွဲကို အေးအေးချမ်းချမ်းနှင့် စနစ်တကျ ကျင်းပပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကာ ဒီမိုကရေစီခရီးအတွက် အရေးကြီးသည့်မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင်၏ အပြီးသတ်အစီရင်ခံစာတွင် မှတ်ချက်ပြုထားသည်။ ထို့ပြင် အနာဂတ်ရွေးကောက်ပွဲများအတွက် အကြံပြုချက် ၅၀ ကိုလည်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားကြောင်း ယနေ့ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် မစ်ရှင်ခေါင်းဆောင် ဥရောပလွှတ်တော် ဒုတိယဥက္ကဋ္ဌ အလက်ဇန်းဒါး ဂရက်ဖ်လိမ်းဒ့ါဖ်က ပြောကြားလိုက်သည်။

ရွေးကောက်ပွဲကျင်းပချိန်တွင် ပြည်ပအဖွဲ့အစည်းများထံမှ အကူအညီနှင့် အကြံဉာဏ်များရယူမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပြုလုပ်ခဲ့ပြီး ဥရောပသမဂ္ဂသို့လည်း ဖိတ်ကြားခဲ့ခြင်းကြောင့် နားလည်မှုသဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးကာ ဥရောပသမဂ္ဂရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးမစ်ရှင်ကို စေလွှတ်ပေးခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻



မြန်မာ့အလင်း
# လူမှုစီးပွားအားကစား
၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက်၊ သောကြာနေ့။







ပြည်တွင်းရေးရာ

**ရေစီးရေလာကောင်းရန်နှင့် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် မြစ်သာမြစ်အတွင်း မြစ်ကျဉ်းသုံးခုနှင့် သဲသောင်ခုံများဖယ်ရှား**

စာ - ၅



လူမှုစီးပွား

**နမ့်ဆန်မြို့ ပြန်လည်တည်ဆောက်ရေး အိမ်ဆောက်ပစ္စည်းများ ထပ်မံပေးအပ်**

စာ - ၆



# ပရီမီယာလိဂ် နွေရာသီပြောင်းရွှေ့ စာတ်ရဲ့ စိတ်ဝင်စားစရာဖြစ်လာနိုင်တဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ရဲ့အရွှေ့

စာ - ၂




အိုင်းယက်စ်၊ ဂျူဗင်တပ်စ်၊
အင်တာမီလန်၊
ဘာစီလိုနာ၊ အေစီမီလန်နဲ့
ပီအက်စ်ဂျီအသင်းတို့မှာ
အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့
ဆုဖလားပေါင်းမြောက်မြားစွာရရှိခဲ့တဲ့
ကစားသမားတစ်ဦးလည်း
ဖြစ်ပါတယ်။
ဒါ့အပြင်လက်ရှိကစားနေခဲ့တဲ့
ပီအက်စ်ဂျီအသင်းနဲ့လည်း
စံချိန်ပေါင်းများစွာတင်ထားနိုင်သူ
ဖြစ်ပါတယ်။

### ပရီမီယာလိဂ်ပွဲစဉ် (၃၂)

| | | | | |
|---|---|---|---|---|
| **စနေနေ့ (၂-၄-၁၆)** | | | | |
| ည ၆း၁၅ | ဗီလာ | - | ချယ်လ်ဆီး | |
| ည ၈း၃၀ | ဝက်စ်ဟမ်း | - | ခရစ္စတယ်လ်ပဲလေ့စ် | |
| ည ၈း၃၀ | ဘုန်းမောက် | - | မန်စီးတီး | |
| ည ၈း၃၀ | နော့ဝှစ်ချ် | - | နယူးကာဆယ် | |
| ည ၈း၃၀ | စတုတ် | - | ဆွမ်ဆီး | |
| ည ၈း၃၀ | အာဆင်နယ် | - | ဝက်ဖို့ဒ် | |
| ည ၈း၃၀ | ဆန်းဒါးလန်း | - | ဝက်စ်ဘရွန်း | |
| ည ၁၁း၀၀ | လီဗာပူး | - | စပါး | |
| **တနင်္ဂနွေနေ့ (၃-၄-၁၆)** | | | | |
| ည ၇း၀၀ | လက်စတာစီးတီး | - | ဆောက်သမ်တန် | |
| ည ၉း၃၀ | မန်ယူ | - | အဲဗာတန် | |

### စပိန်လီဂါပွဲစဉ်(၃၁)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁-၄-၁၆)** | | | |
| နံနက် ၁း၀၀ | ဗယ်လီကာနို | - | ရီတာဖေး |
| **စနေနေ့ (၂-၄-၁၆)** | | | |
| ည ၈း၃၀ | အက်သလက်တီကို | - | ဘက်တစ် |
| ည ၁၀း၄၅ | လက်ပဲလ်မက်စ် | - | ဗလင်စီယာ |
| နံနက် ၁း၀၀ | ဘာစီလိုနာ | - | ရီးရဲမက်ဒရစ် |
| နံနက် ၂း၃၅ | ဆယ်တာဗီဂို | - | ဒီပို့တီဗို |
| **တနင်္ဂနွေနေ့ (၃-၄-၁၆)** | | | |
| ညနေ ၄း၃၀ | ဘီဘာအို | - | ဂရန်နာဒါ |
| ည ၈း၃၀ | မာလာဂါ | - | အက်စ်ပန်ညို |
| ည ၁၀း၄၅ | အီဘား | - | ဗီလာရီးရဲ |
| နံနက် ၁း၀၀ | ဆီဗီလာ | - | ဆိုစီဒက် |
| **တနင်္လာနေ့ (၄-၄-၁၆)** | | | |
| နံနက် ၁း၀၀ | လီဗန်တေး | - | ဂီဂျွန် |

မြန်မာ့အလင်း
၁-၄-၂၀၁၆ (သောကြာနေ့)



# ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအား ဥရုဂွေးနှင့် အာဂျင်တီးနားတို့ ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပရေးကို ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို ထောက်ခံ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌ အင်ဖန်တီနိုက လာမည့် ၂၀၃၀ ပြည့်နှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအား အာဂျင်တီးနားနှင့် ဥရုဂွေးနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပရန် လျှောက်ထားထားခြင်းကို ထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းတွင် ကျင်းပခဲ့သော ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သူ ဆွစ်ဇာလန်နိုင်ငံသား အင်ဖန်တီနို (၄၆နှစ်) သည် ပါရာဂွေးနိုင်ငံရှိ တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်၏ ရုံးချုပ်သို့ အလည်အပတ်ရောက်ရှိစဉ် ထိုကဲ့သို့ ပြောဆိုလိုက်ခြင်းဖြစ်သည်။

လာမည့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်အတွက် ဥရုဂွေးနှင့် အာဂျင်တီးနားတို့အပြင် အခြားတောင်အမေရိကနိုင်ငံများဖြစ်သော ချီလီနှင့် ကိုလံဘီယာတို့ကလည်းကောင်း၊ အင်္ဂလန်၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့ကလည်းကောင်း စောစီးစွာလျှောက်ထားမှု ပြုလုပ်ထားသည်။

၂၀၃၀ ပြည့်နှစ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပသည့် နှစ် ၁၀၀ ပြည့်မြောက်နှစ်ဖြစ်သည်။ ပထမဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအား ဥရုဂွေးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ဥရုဂွေးအသင်းက အာဂျင်တီးနားအသင်းကို ၄-၂ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ဥရုဂွေးနှင့် အာဂျင်တီးနားအသင်းတို့သည် ကမ္ဘာ့ဖလားချန်ပီယံဆုအား နှစ်ကြိမ်စီ ရရှိထားဖူးသည့် အသင်းများဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် ပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် တစ်ကြိမ်သာ ကျင်းပခွင့်ပြုခဲ့ဖူးပြီး ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအား တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကို ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက တောင်အမေရိကဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် "ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုကို အိမ်ရှင်အဖြစ် နိုင်ငံတစ်နိုင်ငံထက်ပိုပြီး ကျင်းပသင့်သလားဆိုတာက အဓိက ဆွေးနွေးရမယ့်အချက်ပါ။ ဖီဖာအဖွဲ့တော့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ပေးရေးကို အပြင်းအထန် ကန့်ကွက်လေ့ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပတာကို ပုဂ္ဂိုလ်ရေးအရ ထောက်ခံတယ်။ ၂၀၃၀ ပြည့်နှစ်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အလွန်အရေးပါတဲ့ နှစ်ပါ။ ဒီပြိုင်ပွဲရဲ့ သမိုင်းကို လေးစားဖို့လိုပါတယ်"ဟု ပြောသွားသည်။

**ဝေမိုးဆက်**

# ပရီမီယာလိဂ် နွေရာသီပြဇာတ်ရဲ့

## စိတ်ဝင်စားစရာဖြစ်လာနိုင်တဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ရဲ့အရွှေ့

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ နှစ်ပေါင်းများစွာ ကြာအောင်ထိပ်တန်းအဆင့်မှာ ရပ်တည်နေနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ သူဟာ မယ်လ်မိုအသင်းကနေ ကစားသမားဘဝစတင်ခဲ့ပြီး အိုင်းယက်စ်၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘာစီလိုနာ၊ အေစီမီလန်နဲ့ ပီအက်စ်ဂျီအသင်းတို့မှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ ဆုဖလားပေါင်းမြောက်မြားစွာရရှိခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိကစားနေခဲ့တဲ့ ပီအက်စ်ဂျီအသင်းနဲ့လည်း စံချိန်ပေါင်းများစွာ တင်ထားနိုင်သူဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ အီဘရာဟီမိုဗစ်ဟာ ပီအက်စ်ဂျီအသင်းနဲ့ လမ်းခွဲဖို့အချိန်ဟာ ပိုမိုနီးကပ်လာခဲ့ပြီး အသင်းကနေရာသီကုန်မှာ ထွက်ခွာဖို့ရှိတယ်လို့ ဆိုထားခဲ့ပါတယ်။

ဒါ့တင်မကပါဘူး ပြီးခဲ့တဲ့ရက်ကပဲ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကသူ့ကို ပရီမီယာလိဂ်အသင်းတွေက ခေါ်ယူဖို့အတွက် စိတ်ဝင်စားနေတယ်ဆိုတာကို အတည်ပြုပြောဆိုလိုက်ပါတယ်။ ဒါကြောင့်လည်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်အနေနဲ့ နွေရာသီမှာ ပရီမီယာလိဂ်ဘယ်အသင်းကိုပြောင်းရွှေ့မလဲဆိုတာကတော့ လူတိုင်းအတွက် စိတ်ဝင်စားစရာဇာတ်လမ်းတစ်ပုဒ် ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့်လည်း လက်တလောထွက်ပေါ်နေတဲ့ သတင်းပေါ်အခြေခံပြီး အီဘရာဟီမိုဗစ်ပြောင်းရွှေ့နိုင်တဲ့ ပရီမီယာလိဂ်အသင်း ငါးသင်းကို ဖော်ပြလိုက်ပါတယ်။

### မန်ယူ

မန်ယူအသင်းရဲ့ လက်ရှိရာသီကို ကြည့်မယ်ဆိုရင်တော့ အားနည်းချက်တွေအပြည့်နဲ့ တွေ့မြင်ရမှာဖြစ်ပါတယ်။ အဓိက အားနည်းချက်တွေထဲမှ တစ်ခုဆိုရင်တော့ တိုက်စစ်ပိုင်းလို့ပြောရမှာပါ။ မန်ယူအသင်းရဲ့ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ် ဂိုးသွင်းအများဆုံးလို့ဆိုနိုင်တဲ့ တိုက်စစ်မှူးရွှန်နေးနဲ့ မာတီရယ်တို့တောင် ခုနစ်ဂိုးပဲ ရရှိထားပါတယ်။ ဒါဟာ ထိပ်တန်းအသင်းကြီး တစ်သင်းအတွက်တော့ အားကိုးလောက်စရာ တိုက်စစ်အင်အားလို့ မပြောနိုင်ပါဘူး။ ဒါ့အပြင် ဒီနှစ်ရာသီမှာ မန်ယူအသင်းရဲ့ တိုက်စစ်မှူး ရွှန်နေးကလည်း ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်နေရတာကြောင့် အနာဂတ်ကလည်း သံသယဖြစ်ရာဖြစ်နေပါတယ်။ ဒါကြောင့်လည်း လာမယ့်ရာသီမှာတော့ မန်ယူအသင်းရဲ့ အဓိကလိုအပ်ချက်ကတော့ တိုက်စစ်မှူးကောင်းခေါ်ယူရေးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မာတီရယ်နဲ့ ရက်ရှ်ဖို့ဒ်တို့ လိုလူငယ်ကစားသမားတွေ ခြေစွမ်းပြကစားနိုင်မှုတွေရှိနေပေမယ့် အတွေ့အကြုံပိုင်းရင့်ကျက်တဲ့ တိုက်စစ်မှူးတစ်ဦးကတော့ မဖြစ်မနေကို လိုအပ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း တစ်ရာသီကိုအနည်းဆုံး ဂိုး၂၀ နဲ့အထက် သွင်းယူနိုင်တဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ မန်ယူအသင်းအတွက်တော့ အဓိကခေါ်ယူရမယ့် ပစ်မှတ်အဖြစ် ရှိနေပါတယ်။

### မန်စီးတီး

အီဘရာဟီမိုဗစ်က ၂၀၁၁ ခုနှစ်တုန်းက မန်စီးတီးအသင်းကို ပြောင်းရွှေ့ဖို့အတွက် နီးစပ်မှုရှိခဲ့တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာပဲ မန်စီးတီးအသင်း ပရီမီယာလိဂ်ဆုဖလားကို နှစ်ကြိမ်တောင် ရယူနိုင်ခဲ့ပါတယ်။ အခုနှစ်ရာသီမှာလည်း မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာ ပီအက်စ်ဂျီအသင်းနဲ့ တွေ့ဆုံယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် အီဘရာဟီမိုဗစ်ရဲ့ ဘာစီလိုနာအသင်းမှာ ကစားခဲ့စဉ်က နည်းပြဖြစ်ခဲ့တဲ့ ဂွာဒီယိုလာကလည်း မန်စီးတီးအသင်းကို မန်နေဂျာသစ်အဖြစ် ရောက်ရှိလာမှာဖြစ်တဲ့အတွက် မန်စီးတီးအသင်းဟာ အီဘရာဟီမိုဗစ်အတွက်တော့ ပြောင်းရွှေ့ချင်စရာနေရာတစ်ခုဖြစ်လာနိုင်တယ်လို့တော့ ပြောကြပါတယ်။ ဒါပေမယ့် စဉ်းစားစရာကောင်းတာက ဂွာဒီယိုလာနဲ့ အီဘရာဟီမိုဗစ်တို့ရဲ့ ဆက်ဆံရေးဟာ ကောင်းမွန်ခြင်းမရှိခဲ့တာကြောင့် ပြောင်းရွှေ့ဖို့ဟာ ဖြစ်မလာနိုင်ဘူးလို့လည်း ခန့်မှန်းကြသူတွေ ရှိနေပါတယ်။

### ချယ်လ်ဆီး

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ရဲ့ ပရီမီယာလိဂ်ကို ပြောင်းရွှေ့ကစားချင် တဲ့အသင်းတွေထဲမှာတော့ ချယ်လ်ဆီးအသင်းက ထိပ်ဆုံးမှာပါမှာဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ရာသီမှာ ရလဒ်ကောင်းတွေရရှိဖို့အတွက် ရုန်းကန်နေရသလို ချန်ပီယံလိဂ်ဝင်ခွင့်လည်း ဆုံးရှုံးဖို့ရှိနေပါတယ်။ အဲ့ဒါဟာ အီဘရာဟီမိုဗစ်ကို ခေါ်ယူဖို့ကြိုးစားနေတဲ့ ချယ်လ်ဆီးအသင်းအတွက်တော့ ကြီးမားတဲ့ အဟန့်အတားသဖွယ် ရှိလာနိုင်ပါတယ်။ ချယ်လ်ဆီးအသင်းကို မော်ရင်ညိုကိုင်တွယ်ခဲ့စဉ်ကတည်းက တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို ခေါ်ယူဖို့ဟာ ချယ်လ်ဆီးအသင်းရဲ့ ရည်ရွယ်ချက်တစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် နွေရာသီမှာ ချယ်လ်ဆီးအသင်းရဲ့ မန်နေဂျာသစ်ဖြစ်လာနိုင်တဲ့ ကွန်တီကတော့ ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်အင်အားကို ဖြည့်တင်းဖို့အတွက် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို အရခေါ်ယူနိုင်ဖို့ရှိတယ်လို့လည်း သတင်းတွေထွက်နေပါတယ်။

### အာဆင်နယ်

အာဆင်ဝင်းဂါးကတော့ အီဘရာဟီမိုဗစ် ငယ်စဉ်က ခေါ်ယူခွင့်ရှိခဲ့ပေမယ့် မခေါ်ယူခဲ့တဲ့အတွက် နောင်တမရဘူးလို့ ဆိုထားခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အာဆင်နယ်အသင်းရဲ့ တိုက်စစ်ပိုင်း ဂိုးသွင်းနည်းနေမှုကိုတော့ အကောင်းဆုံး အားဖြည့်နိုင်တဲ့ ကစားသမားတစ်ဦးအဖြစ် ရှိလာနိုင်တယ်ဆိုတာကိုတော့ ဘယ်သူကမှ ငြင်းပယ်လို့မရပါဘူး။ ဒါ့အပြင် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အိုဇေးလ်ကလည်း အသင်းအနေနဲ့ လာမယ့်ရာသီတွေမှာ ဆုဖလားတွေကို စိန်ခေါ်နိုင်ဖို့အတွက် အားသစ်လောင်းဖြည့်တင်းမှုတွေ လိုအပ်တယ်လို့ပြောထားသလို တိုက်စစ်မှူးအီဘရာဟီမိုဗစ်ကိုခေါ်ယူဖို့အတွက်လည်း အကြံပြုထားမှုတွေ ရှိနေခဲ့ပါတယ်။

### စပါး

ဒီနှစ် ပရီမီယာလိဂ်ကိုကြည့်မယ်ဆိုရင် ထိပ်ဆုံးမှာရှိနေတဲ့ လက်စတာအသင်းရဲ့နောက်ကို လိုက်ပြီး ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်တဲ့အသင်းကတော့ စပါးအသင်းပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ စပါးအသင်းအနေနဲ့ ပရီမီယာလိဂ်ချန်ပီယံသာ ဖြစ်ခဲ့မယ်ဆိုရင်တော့ တိုက်စစ်မှူးအီဘရာဟီမိုဗစ်ရဲ့ ပရီမီယာလိဂ်လားရာဟာ စပါးအသင်း ဖြစ်လာနိုင်တယ်လို့ ပညာရှင်တွေက ခန့်မှန်းကြပါတယ်။ စပါးအသင်းဟာ ပြီးခဲ့တဲ့ရာသီနဲ့ လက်ရှိရာသီမှာ ဟယ်ရီကိန်းတစ်ဦးတည်းရဲ့ တိုက်စစ်အင်အားကို အဓိကထားနေရပါတယ်။ ဒါကြောင့် ဝါရင့်တိုက်စစ်မှူးအီဘရာဟီမိုဗစ်သာ စပါးအသင်းကို ရောက်ရှိလာခဲ့မယ်ဆိုရင်တော့ လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ အလားအလားကောင်းနေတဲ့ စပါးအသင်းရဲ့ တိုက်စစ်ပိုင်းကတော့ ပိုမိုပြီးပြည့်စုံသွားမှာဖြစ်ပါတယ်။

**အောင်က**



# သားဖြစ်သူကို မိမိကဲ့သို့ ထိပ်တန်းဘောလုံးသမားဖြစ်စေလိုသည်ဟု ခရစ္စတီယာနိုရော်နယ်ဒို ဖွင့်ဟ

ရီးရဲမက်ဒရစ်အသင်းမှ ပေါ်တူဂီတိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုက သူ၏သားဖြစ်သူ ခရစ္စတီယာနိုဂျူနီယာအား မိမိကဲ့သို့ ဘောလုံးသမားတစ်ဦးဖြစ်လာရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူကစားသမားဟောင်း ရော်နယ်ဒိုသည် ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၇ ရက်တွင် ခရစ္စတီယာနိုဂျူနီယာ၏ ဖခင်ဖြစ်လာခဲ့ပြီး ကလေးငယ်အားသူတစ်ဦးတည်းက ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သူဖြစ်သည်။ ခရစ္စတီယာနိုဂျူနီယာ၏ မိခင်သည် မည်သူဖြစ်ကြောင်းကို ရော်နယ်ဒိုနှင့် သူ၏ မိသားစုများက လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပေ။

ရော်နယ်ဒိုက "ကျွန်တော့်သားကို ဘောလုံးသမားတစ်ဦးဖြစ်လာစေချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်က ဘောလုံးသမားတစ်ဦးဖြစ်တာကြောင့် သားကိုလည်း ဘောလုံးသမားဖြစ်လာစေချင်တာပါ။ ခရစ္စတီယာနိုဂျူနီယာမှာ အားကစားသမားတစ်ဦးဖြစ်လာနိုင်တဲ့ လက္ခဏာတွေရှိပါတယ်။ အခုအချိန်မှာ သူက ငယ်ရွယ်လွန်းသေးတဲ့ ကလေးငယ်တစ်ဦးအရွယ်ပဲ ရှိပါသေးတယ်။ ဒါပေမယ့် သူဟာ ဘောလုံးကိုတော့ ချစ်မြတ်နိုးမှုရှိတယ်။ ဒါက အလွန်ကောင်းတဲ့အချက်ပါ။ ကျွန်တော့်အိမ်မှာ ဘောလုံး အလုံး ၃၀ ရှိတယ်။ ခရစ္စတီယာနိုဂျူနီယာက ဘောလုံးတွေနဲ့ အမြဲတမ်းအတူတူရှိတတ်ပြီး ဘောလုံးတွေကိုလည်း ချစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သူ့ကို ဘောလုံးသမားတစ်ဦးဖြစ်လာစေချင်ပေမယ့် ဘောလုံးသမားမဖြစ်မနေဖြစ်လာရမယ်လို့တော့ ဖိအားပေးမှာမဟုတ်ပါဘူး။ သူဘာလုပ်မယ်ဆိုတာကို ရွေးချယ်ဖို့က သူ့အခွင့်အရေးပါ။ ခရစ္စတီယာနိုဂျူနီယာအနေနဲ့ သူဖြစ်တာကို ဖြစ်ပိုင်ခွင့်ရှိပါတယ်။ ကျွန်တော် ဖိအားပေးမှုတွေ ပြုလုပ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့်ဆန္ဒကို ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ သားကို ဘောလုံးသမားပဲ ဖြစ်လာစေချင်တယ်။ သူ့အဖေလို ထိပ်တန်းကစားသမားမျိုးပေါ့"ဟု သူ၏ ဘဝအကြောင်း ထုတ်လွှင့်နေသည့် တရုတ်ရုပ်သံအစီအစဉ်တစ်ခု၌ ပြောဆိုခဲ့သည်။

တိုက်စစ်ကစားသမား ရော်နယ်ဒိုက သားဖြစ်သူ အရွယ်ရောက်လာချိန်တွင် သူ၏မိခင်နှင့်ပတ်သက်၍ ဖွင့်ဟအသိပေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် မိခင်(သို့မဟုတ်) ဖခင်မရှိဘဲ ရှင်သန်ကြီးပြင်းနေရသည့် အခြားကလေးငယ်များစွာရှိနေကြောင်း၊ ထို့ကြောင့် သားနှင့်ပတ်သက်၍ မိမိအတွက် ပြဿနာမရှိကြောင်း ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် ပြောဆိုခဲ့ဖူးသည်။

# တစ်ခါတုန်းက နယ်စပ်ဒေသမှာ (၁၁)

၂၀၁၆ ခုနှစ် မတ် ၂၅ ရက် နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို တက်ရောက်ခွင့်ရခဲ့သည်။ ရန်ကုန်-မန္တလေး ကားလမ်းမ ဟောင်းအတိုင်း တပ်ကုန်းသို့မရောက်မီ ခရေပင်လမ်းခွဲမှဝင်၍သွားရသော နေပြည်တော် သတင်းစာတိုက်ဝင်းအတွင်းရှိ ဘိုးဝဇီရခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုအခမ်းအနားသို့ တက်ရောက်လာသော စာရေးဆရာ ဦးဟန်ညွန့်(ဥပဒေ)၊ ဦးကျော်ကျော်လှိုင် (Smart)၊ ဒေါက်တာမောင်ဖြေ၊ သိပ္ပံစာရေးဆရာ ဦးကိုကိုအောင်တို့နှင့်လည်း တွေ့ဆုံနှုတ်ဆက်ခွင့်ရခဲ့သည်။

အခမ်းအနားတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက အမှာစကားပြောကြားပြီးနောက် တက်ရောက်လာသော စာရေးဆရာများကိုယ်စား ဆရာဦးကျော်ကျော်လှိုင် (Smart)က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပတ်သက်၍ မုဒိတာနှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံနှင့် ကာတွန်းကဏ္ဍများတွင် ဆုရသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ အခမ်းအနားအပြီးတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သမီးငယ်လေးများ၏ လျှပ်တစ်ပြက်အင်တာဗျူးအစီအစဉ်နှင့် တည့်တည့်ကြီးတိုးပါတော့သည်။ ခါတိုင်းဆိုလျှင် ကင်မရာ၊ အသံဖမ်းစက်များနှင့် ဝေးရာသို့အမြဲရှောင်ခဲ့သောကျွန်တော်။ မှတ်မှတ်ရရ ၂၀၀၉ ခုနှစ်လောက်တုန်းက မြန်မာ့အသံရေဒီယိုတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တစ်ကြိမ်ဆွေးနွေးတင်ပြ အသံလွှင့်ခဲ့ဖူးသည်ကလွဲ၍ ကျွန်တော့်အသံကို ခြိုးခြံချွေတာလာခဲ့သည်မှာ ယနေ့အထိ။ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်သံတို့တွင်လည်း နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်များကို လေးငါးဆယ်ခုလောက် ရိုက်ကူးတည်းဖြတ် ထုတ်လွှင့်ခဲ့ဖူးသည်ကလွဲ၍ အင်တာဗျူးအစီအစဉ်များကို ကိုယ်တိုင်ပါဝင်ခဲ့ဖူးခြင်းမရှိပေ။ မှတ်မှတ်ရရ ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်းနှင့် အတူသွားခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်း ဟိုပန်မြို့၌ ၂၀၁၁ ခုနှစ်က ကျင်းပခဲ့သည့် “ဝ”ဒေသ သံဃာတော်များအတွက် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် Skynet ရုပ်သံနှင့် အင်တာဗျူးတစ်ကြိမ်၊ ၂၀၁၃ ခုနှစ်က ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းတို့၏ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်၊ လောက်ကိုင်၊ ဟိုပန်ခရီးစဉ်တွင် လိုက်ပါခဲ့စဉ်က မြန်မာ့ရုပ်မြင်သံကြားနှင့် အင်တာဗျူးတစ်ကြိမ်၊ ဒီလောက်ပဲကြုံခဲ့ဖူးပါသည်။ တတ်နိုင်သမျှ အသံကိုသာမက ရုပ်ရည်ရူပကာကိုပါ ချွေတာခဲ့သည်မှာတော့ အမှန်ပင်။

ယခုအင်တာဗျူးအစီအစဉ်တွင်မူ နိုင်ငံပိုင်သတင်းစာများ၏ရပ်တည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာများအပေါ် သုံးသပ်ထင်မြင်ယူဆချက်များသိလို၍ မေးမြန်းစူးစမ်းကြခြင်းဖြစ်သည်။ ကျွန်တော်၏ ဖြေကြားချက်တွင် မြင့်စိုး(နတလ)ဟူသော ကလောင်အမည်ကို ၁၉၉၄ ခုနှစ်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက မွေးဖွားပေးခဲ့ခြင်းဖြစ်ကြောင်း ထည့်သွင်းဖြေကြားခဲ့သည်။ ၁၉၉၄ ခုနှစ်သည်




**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် ဆုရရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

ကျွန်တော်စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သော နှစ်ဖြစ်သည်။ လက်ကမ်း၍ ကြိုပါမည် ဆောင်းပါးဖြင့် MTA တပ်ဖွဲ့ဝင်များ လက်နက်ချအလင်းဝင်ရောက်ရေး ရည်ရွယ်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော်သည် ကာကွယ်ရေးဝန်ကြီးဌာန (ယခု ကက-ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၌ တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးတို့ကို ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်အောင်သိန်း တစ်ဦးတည်းက တာဝန်ယူကွပ်ကဲနေသော အချိန်ဖြစ်သည်။ သို့ဖြစ်၍ ဌာနနှစ်ခုပေါင်း ဦးစီးအရာရှိ (တတိယတန်း)များ၊ ဦးစီးအရာရှိ(ဒုတိယတန်းများ)အနေဖြင့် စုစုစည်းစည်း ခင်ခင်မင်မင်၊ ဒိုးတူပေါင်ဖက် သူ့ဌာနကိုယ့်ဌာန မခွဲခြားဘဲ တက်ညီလက်ညီ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး (စာရေးဆရာ တင်သန်းဦး)၊ ဗိုလ်မှူး ဒေါ်ခင်မျိုးနွယ် (ခင်မျိုးနွယ်-မန်းတက္ကသိုလ်)၊ ဗိုလ်ကြီးမြင့်လှိုင် (ပျဉ်းမနားမြင့်လှိုင်)၊ ဗိုလ်မှူးမြသန်းစံတို့နှင့် ဆုံစည်းခွင့်ရခဲ့သည်။

ကျွန်တော့်ကို ဆောင်းပါးရေးဖြစ်အောင် စေ့ဆော်ခဲ့သောဌာနမှာ နဝတသတင်းထုတ်ပြန်ရေးဌာနဖြစ်သည်။ ထိုအခန်းတွင် ကျွန်တော်တို့ ကက(ပြည်)၊ ကက(နယ်)မှ နေ့/ည ဂျူတီထမ်းဆောင်ရသည်။ သတင်းထုတ်ပြန်ရေးလုပ်ငန်းများအပြင် နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြမည့် သတင်းဆောင်းပါးများကိုလည်း ဦးကျော်ဆန်း၊ ဦးသိန်းစိန်(ဒုဝန်ကြီးငြိမ်း)၊ ဗိုလ်မှူးချုပ်အောင်သိန်း၊ ဒုတိယဗိုလ်မှူးကြီး မြသောင်း၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး (စာရေးဆရာ တင်သန်းဦး)တို့ ပါဝင်သောအဖွဲ့က စိစစ်၍ပေးပို့လျက်ရှိရာ ဆောင်းပါးတွေက အခန်းထဲတွင်အထပ်လိုက်၊ အလျဉ်း သင့်သလိုယူ၍ လေ့လာဖတ်ရှုရင်းက စာရေးဆရာများ၏ အာဘော်၊ ရေးနည်းရေးဟန်၊ တွေးနည်း တွေးဟန်တို့အပြင် စိစစ်ရေးအဖွဲ့၏ အကြံပြုချက်များကိုပါ မှတ်သားသိရှိခဲ့ရသည်။ အထူးသဖြင့် ဆေးပေါ့လိပ်ကြီး တဖွာဖွာနှင့် စာတွေကိုတစ်ရွက်ပြီးတစ်ရွက် အဆက်မပြတ်ရေးနေသော၊ ရေးနိုင်စွမ်းရှိသော အစ်ကိုကြီး ကိုတင်သန်းဦးကိုကြည့်၍ အလွန်အားကျခဲ့ရသည်။ စွယ်စုံရ ပျဉ်းမနားကြီးနှင့် ကိုမြသန်းစံတို့ကိုလည်း အားကျခဲ့သည်သာ။ တော်တော်များများက စာပေပညာရှင်များ၊ သီချင်းရေးဆရာများ၊ အနုပညာဓာတ်ခံဝါသနာရှင်များစုနေသော ဌာနနှစ်ခုဖြစ်၍ ဗိုလ်မှူးချုပ်အောင်သိန်း၏ Briefing မစမီအချိန်၌ စာအကြောင်း ပေအကြောင်း၊ ရုပ်ရှင်အကြောင်း၊ သီချင်းအကြောင်း၊ မင်းသားမင်းသမီးများအကြောင်း ဆွေးနွေး၍ မကုန်၊ ပြောမဆုံးပေါင် တောသုံးတောင်အချိန်ကာလဖြစ်ခဲ့သည်။ အရာရှိငယ်များထဲတွင် ကိုအောင်သန်းဝင်း (ကွယ်လွန်)တို့က တပ်မတော်သမိုင်း ဇာတ်လမ်းတွဲများ၌ ဝင်ရောက်သရုပ်ဆောင်ခဲ့ဖူးသည် ဖြစ်သကဲ့သို့ ဆရာအေးမျိုးကြည်တို့အဖွဲ့ကိုလည်း ကိုတင်သန်းဦးက ကြုံသလိုထည့်၍ရိုက်ခဲ့ရာ စစ်ရုံးကြီးပေါ် အရပ်ဝတ်ဘောင်းဘီ ကြောင်ကြောင်ကျားကျားနှင့်တက်လာသော အေးမျိုးကြည်တစ်ယောက် ဒုတိယဗိုလ်မှူးကြီး မြသောင်း (ကျွန်တော်တို့ သူ့ကွယ်ရာတွင် ဂျက်မြသောင်းဟုခေါ်ပါသည်)နှင့် ပက်ပင်းတိုးပြီး ပယ်ပယ်နယ်နယ်အဆူခံရသည်ကို ယနေ့တိုင်မှတ်မိနေဆဲ။

လက်ကမ်း၍ကြိုပါမည် ဆောင်းပါးရေးပြီးနောက် ဒုတိယရေးသားခဲ့သော ဆောင်းပါးမှာ အလင်းစကားကြားနိုင်ပါစေဟု အမည်ပေးထားပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုပဲ ဦးတည်ခဲ့သည်။ နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးများကိုမူ ၁၉၉၅ ခုနှစ်က နတလသို့ ပြောင်းရွှေ့ရောက်ရှိချိန်တွင် ကဘော်ချိုင့်ဝှမ်းဒေသ၌ နိုင်ငံတော်အစိုးရက ၁၉၉၃-၁၉၉၄ ခုနှစ်မှစ၍ ဆောင်ရွက်ပေးနေသော ဘဝသစ်စီမံကိန်းကို လေ့လာကာ စတင်ရေးသားခဲ့သည်။ ကိုးကန့်ဒေသ လောက်ကိုင်၊ ‘ဝ’ဒေသ နမ့်တစ်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဟိုမိန်းဒေသတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရုံးချုပ်သို့ပြန်အရောက်တွင်မူ ဆောင်းပါးစာမူများကို ပို၍ရေးဖြစ်ခဲ့သည်။ ဤသို့ဆောင်းပါးများ ရေးပို့နေရုံမျှလောက်နှင့်တော့ မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကြေးမုံသတင်းစာတိုက်များအပေါ် ယခုကဲ့သို့ သံယောဇဉ်ကြီးကြီးဖြင့် ငြိတွယ်နေမိမည် မဟုတ်ပါ။ သံယောဇဉ်ကြီးရသည့်အကြောင်းတွေ အများကြီးရှိခဲ့ဖူးပါသည်။ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၏သတင်းများ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်တင် (ကွယ်လွန်)၊ ဗိုလ်မှူးချုပ်သန်းထွန်း (ကွယ်လွန်)၊ ဗိုလ်မှူးကြီးတင်ငွေတို့၏ သတင်းများ၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဗိုလ်မှူးကြီးဝဏ္ဏမောင်လွင်၊ ဗိုလ်မှူးကြီး သန်းဆွေတို့၏ သတင်းများကို သွားရောက်ထုတ်ပြန်ပေးခဲ့ဖူးသည်။ ပထမဝန်ကြီးများရုံးကထွက်၊ လမ်းသာခြား၍ မျက်နှာချင်းဆိုင်မှာ ရှိနေသော သတင်းစဉ်သို့ဝင်၍ပို့၊ ထိုမှ မြန်မာ့ရုပ်မြင်သံကြားသို့ သွားရောက်ပြီး သတင်းတိပ်ခွေနှင့် သတင်းစာသားကို သတင်းဌာနသို့အရောက်ဝင်ပေး (ထိုအချိန်က ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးတို့နှင့် ရင်းနှီးကျွမ်းဝင် မျက်မှန်းတန်းမှုကို အကြောင်းပြုကာ သတင်းကြေညာသောအခန်းမှလွဲ၍ အခြားမည်သည့်နေရာမဆို ဝင်ထွက်သွားလာခွင့်ရခဲ့သော အချိန်)။ မြန်မာ့ရုပ်မြင်သံကြားမှ အပြန် မြဝတီရုပ်သံအတွက် သတင်းနှင့် တိတ်ခွေလက်ခံသောနေရာသို့ လှည့်ဝင်ခဲ့။ ထိုမှ ၅၂ လမ်းရှိ ကြေးမုံသတင်းစာတိုက်သို့ အရောက်ပြန်ပြေး၍ မနက်ဖြန်ထုတ် သတင်းစာ၌ သတင်းနှင့်ဓာတ်ပုံပါရှိရေး အယ်ဒီတာချုပ်၊ စာတည်းမှူးချုပ်များနှင့် တွေ့ဆုံကာ ဂျိုကျခဲ့သည်။ ထိုနည်းတူစွာ မြန်မာ့အလင်း သတင်းစာတိုက်တည်ရှိရာ ဖိုးစိန်လမ်းသို့ ပြေး၍ သတင်းပါရှိရေးကိုစွ အားထုတ်ခဲ့ရသည်။ ပုံမှန်အားဖြင့်လည်း သတင်းများက ပါလာနေကျဖြစ်ပါသည်။ သို့ရာတွင် မိမိကိုယ်၌က မိမိတို့ဌာန၏သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးဆောင်ရွက်လိုစိတ်ရှိနေ၍( လုပ်ရိုးလုပ်စဉ် Second nature လည်းဖြစ်နေ၍၊ သတင်းမပါလျှင် တစ်ခါတစ်ရံ ကမ္ဘာပျက်သလိုမျိုးလည်း ဖြစ်တတ်၍) အား ထည့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါလိမ့်မည်။ မြန်မာ့အလင်းသတင်းစာတိုက်၌ ဦးရဲမြင့်ဖေ၊ ဗိုလ်မှူးဝင်းတင်၊ ဦးစိုးမြင့်၊ အထက်မင်းလှညွှန့်အောင်၊ ဦးမောင်မောင်မြင့်ဆွေ၊ ဦးလှစိန်၊ ကိုဝင်းရွှေတို့နှင့် ခင်မင်ခဲ့သလို ကြေးမုံသတင်းစာတိုက်၌လည်း ဦးအောင်နိုင်ဦး၊ ဦးလှဦးမောင်၊ ဦးသိန်းဝင်းကြိုး(ကွယ်လွန်)တို့နှင့် တွေ့ဆုံခင်မင်ခဲ့သည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခသည် စစ်တက္ကသိုလ်တက်ရောက်စဉ်က မြန်မာစာ သင်ကြားပေးခဲ့သော ဆရာဖြစ်သည်။ နယ်ဘက်တွင် ပြန်ဆုံချိန်၌ စာပေရေးသားရန် အမြဲတမ်းတိုက်တွန်းခဲ့သူဖြစ်သည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို မဖြစ်မနေ ကျွန်တော်တက်ရောက်ခဲ့ခြင်းမှာ အထက်ပါအတိုင်းဆုံစည်းခဲ့သော၊ ခင်မင်ခွင့် ရခဲ့သော သံယောဇဉ်တရားများကြောင့်ဖြစ်သည်။ တစ်ချိန်က ထမ်းဆောင်ခဲ့ဖူးသော သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို ပြန်လည်သတိရတမ်းတမိ၍လည်း ဖြစ်သည်။ ပြန်လည်တွက်ဆကြည့်လျှင် နှစ်ပေါင်း (၂၀) နီးပါးရှိခဲ့ပေပြီ။ တစ်ခါတုန်းက နယ်စပ်ဒေသမှာ. . .။

မြင့်စိုး(နတလ)

မြန်မာ့အလင်း
၁-၄-၂၀၁၆ (သောကြာနေ့)

မန္တလေးတိုင်းဒေသကြီး

# စဉ့်ကူးမြို့နယ်တွင် ပြည်ပဈေးကွက်ဝင် နှမ်းပဲတီစိမ်းများစိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကုန်းပိုင်းကျေးရွာများနှင့် မြစ်ရေဝင်ကျွန်းပိုင်းကျေးရွာတို့၌ (ကုန်းပိုင်း) မိုးစပါးအလွန်နှင့် (ကျွန်းပိုင်း) ဆောင်းမြေပဲ သိမ်းပြီးချိန်တို့တွင် နှစ်သီးစားအဖြစ် ပြည်ပဈေးကွက်ဝင် အထွက်ကောင်းမျိုးဖြစ်သော ရေဆင်း (၁၄) တောင်သူအခေါ် (ဘုံခုနစ်ဆင့်) နှမ်းပဲတီစိမ်းများ စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နှမ်းပဲတီစိမ်းများကို ကုန်းပိုင်းကျေးရွာများတွင် တောင်သူများအနေဖြင့် ဆည်ရေဖြင့်လည်းကောင်း၊ ဆည်ရေ မရရှိသည့်ဒေသတွင် မြေအောက်ရေတွင်း တူးဖော်၍ လည်းကောင်း၊ မိုးစပါးရိတ်သိမ်းပြီးချိန်တွင် စိုက်ပျိုးကြပြီး မြစ်ရေဝင်ကျွန်းပိုင်းကျေးရွာတို့တွင် ဧရာဝတီမြစ်မှ စက်များဖြင့် ရေတင်၍လည်းကောင်း ဆောင်းမြေပဲများ နုတ်သိမ်းပြီးချိန်တို့တွင် စိုက်ပျိုးကြသည်။

"နှမ်းပဲတီစိမ်းကို တပို့တွဲလမှာ စပြီး စိုက်ပါတယ်။ စိုက်ပြီး နှစ်လခွဲအကြာမှာ ရိတ်သိမ်းရပါတယ်။ ဒီဒေသမှာတော့ တောင်သူအကြိုက် ပြည်ပဈေးကွက်ဝင် အထွက်ကောင်းမျိုးဖြစ်တဲ့ ရေဆင်း (၁၄) မျိုးကိုပဲ စိုက်ကြပါတယ်။ ဒီမျိုးက အပင်ပေါ်မှာ အဆင့်ဆင့်သီးတဲ့အတွက် ဘုံခုနစ်ဆင့်မျိုးလို့ အမည်ပေးထားတာပါ။ တစ်ဧကမှာ မျိုး၊ ရိတ်သိမ်းစရိတ်နဲ့ သွင်းအားစုအပါအဝင် ငွေကျပ်သုံးသိန်း ရင်းရပါတယ်။ အထွက်နှုန်းကောင်းတော့ တစ်ဧက ၁၈ တင်းထိ ထွက်ပါတယ်။ အရင်းနုတ်လိုက်ရင် တစ်ဧက ခြောက်သိန်းဝန်းကျင် ကျန်ပါတယ်။ အခုနှစ်မှာ အယ်နီညိုရာသီဥတုကြောင့် အပူအအေးမမျှတဘူး။ အချို့နေရာတွေမှာ ခူကောင်တွေကျတာတွေ့နေရတယ်။ မနှစ်ကထက် အထွက်နှုန်းလျော့နိုင်တယ်။ ခက်တာက ဒီပဲတီပင်ကိုက်တဲ့ ခူကောင်ကို နိုင်တဲ့ဆေးမရှိသေးဘူး။ ဒီခူကောင်တွေက အပင်နုတဲ့အခါကို ကိုက်တာ။ အပင်ရင့်သွားရင်တော့ မကိုက်တော့ဘူး"ဟု ကြို့ပင်ကျေးရွာ ပဲတီစိုက်တောင်သူတစ်ဦးက ပြောသည်။



မြန်မာပဲတီစိမ်းဈေးကွက်တွင် အဓိကဖောက်သည်ဈေးကွက်မှာ ထိုင်ဝမ်ဖြစ်ကြောင်း၊ ထိုင်ဝမ်ဈေးကွက်အနေဖြင့် နှစ်စဉ် မြန်မာပဲတီစိမ်းများကို ဝယ်ယူကာ အခြားသော ဈေးကွက်များသို့ ပြန်လည်တင်ပို့ရောင်းချနေမှုကြောင့် မြန်မာပဲတီစိမ်းများ ဈေးကွက်ကောင်းပြီး အများဆုံးတင်ပို့ရောင်းချနေရခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာပဲတီစိမ်းများ ပြည်ပတင်ပို့ရောင်းချမှုအနေဖြင့် ဥရောပဈေးကွက်များအထိ ယခင်ကထက် နှစ်ဆပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပဲတီစိမ်းရောင်းဝယ်သူ လုပ်ငန်းရှင်ကုန်သည်တစ်ဦးက ပြောပြသည်။

**ဝင်းမောင်**

# ပြင်ဦးလွင်၌ ဧည့်သည်များချိန် အခါမဲ့မိုးကြောင့် စတော်ဘယ်ရီအထွက်နှုန်းကျ



ရာသီဥတုပူပြင်းခြောက်သွေ့လာသည်နှင့်အမျှ ပြင်ဦးလွင်မြို့သို့ အပူရှောင်သည့်ဧည့်သည်အများအပြားရောက်ရှိလည်ပတ်လျက်ရှိနေရာ ဧည့်သည်များသည် ဒေသထွက်ကုန်နှင့်အတူ ရာသီအပေါ် စတော်ဘယ်ရီသီးများကို အိမ်ပြန်လက်ဆောင်အဖြစ်ဝယ်ယူလျက်ရှိကြသည်။

ယခုအချိန်ကာလသည် ပြင်ဦးလွင်မြို့၌ စတော်ဘယ်ရီလှိုင်လှိုင်ထွက်ရှိနေပြီး နေ့စဉ်ရောင်းအားကောင်းလျက်ရှိနေသော်လည်း အချိန်ခါမဲ့မိုး နှစ်ရက်ဆက်တိုက်ရွာသွန်းခဲ့မှုကြောင့် စတော်ဘယ်ရီသီးများအတွင်းပိုးဝင်ကာ အသီးအထွက်နှုန်းကျဆင်းခဲ့ရကြောင်း သိရသည်။

"မိုးရွာတာက မတ်လနောက်ဆုံးပတ်ထဲမှာပါ။ ညအချိန်မှာ ရွာသွန်းခဲ့ပြီး မိုးကနည်းပေမယ့် အကြမ်းအတမ်းခံနိုင်ရည်မရှိတဲ့ စတော်ဘယ်ရီခင်းတွေမှာ ထိခိုက်မှုတွေဖြစ်ခဲ့ရပါတယ်။ ပိုဆိုးတာက စတော်ဘယ်ရီဆိုတာ မိုးကိုအလွန်ကြောက်တဲ့သီးနှံပါ။ မိုးရေနည်းနည်းထိလိုက်တာနဲ့ အခင်းထဲမှာတင် အသီးတွေပုပ်သွားတာတို့၊ ပိုးဝင်တာတို့ဖြစ်ကုန်တယ်။ ဒါကြောင့် မိုးရွာပြီးနောက်ပိုင်း အသီးအထွက်နှုန်းသိသိသာသာ ကျဆင်းသွားတယ်။ အခုအချိန်က ဧည့်သည်များပြီး ရောင်းအားကောင်းနေပေမယ့် ဈေးတင်ရောင်းတာတော့ မရှိဘူး။ စောစောရောင်းစောစောကုန်ဖြစ်နေတယ်။ ညနေစောင်းမှ လာဝယ်တဲ့သူတွေအတွက်တော့ အသီးရဖို့ သိပ်စိတ်မချရတော့ဘူး" ဟု စတော်ဘယ်ရီသီး ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင်မြို့၌ ယခုစတော်ဘယ်ရီသီးလှိုင်လှိုင်ထွက်ချိန်တွင် ဒေသသီးနှင့် ဂျပန်အလုံးကြီးအချိုသီးဟူ၍ နှစ်မျိုးနှစ်စားရှိကာ အမျိုးအစားနှစ်မျိုးစလုံးကို ပေါင်ဝက်ခြင်း သုံးခြင်းလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့်ရောင်းချလျက်ရှိပြီး လာရောက်ဝယ်ယူကြသည့် ဧည့်သည်များသည် အသင့်စားအလုံးကြီးဂျပန်သီးများကို ပိုမိုကြိုက်နှစ်သက်ကြကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

ကရင်ပြည်နယ်

# ကော်ဖီ၊ ဖာလာ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ ပညာပေးဆွေးနွေး

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် ဒေသခံများအနေဖြင့် အဓိကစိုက်ပျိုးသောသီးနှံမှာ ကော်ဖီနှင့် ဖာလာပင်များဖြစ်ပြီး ဈေးကွက်ဝင်သီးနှံပင်များဖြစ်၍ ဒေသခံများက တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးခြင်းကြောင့် မတ် ၂၉ ရက်က သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကော်ဖီ၊ ဖာလာ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်အခြေအနေပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးက သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရရှိရန် လက်ရှိ ဖာလာအထွက်နှုန်း အခြောက်တစ်ဧကပျမ်းမျှ ၁၈ ဒသမ ၄၈ ပိဿာနှုန်းတိုးမြှင့်ထွက်ရှိရေး၊ ဓာတ်မြေဩဇာထည့်သွင်းရေးနှင့် အပင်ပြုစုထိန်းသိမ်းရေး နည်းပညာများလိုက်နာဆောင်ရွက်ရန်နှင့် ဒေသအတွင်း အဝယ်ဒိုင်များ၏ ပေါက်ဈေး၊ နိုင်ငံခြား Export တင်ပို့သည့် အရည်အသွေးဆိုင်ရာသတ်မှတ်ချက်များ သိရှိစေရေးကို ဆွေးနွေးသည်။ လိပ်သို့မြို့ ကော်ဖီရာသီ သီးနှံဌာနခွဲ၊ ကော်ဖီ နည်းပညာဖွံ့ဖြိုးရေးခြံမှ တာဝန်ခံဦးမျိုးလွင်က ကော်ဖီပင်စိုက်ပျိုးရာတွင် လိုအပ်သောနည်းပညာများ၊ ကော်ဖီပင်အိုများကို ပင်အိုတက်သစ်မွေးမြူခြင်းနည်းပညာဖြင့် ပြုစုထိန်းသိမ်းနိုင်ရန် ကိုင်းတက်မွေးမြူခြင်း၊ ကိုင်းဖြတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ် ဘောဂလိမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစောအယ်ဂေက ဖာလာသီးနှံနှင့်ပတ်သက်၍ ဆွေးနွေးရာ ဖာလာကို အထွက်ကောင်းမျိုးများရွေးချယ် စိုက်ပျိုးနည်း၊ ဖာလာပင်များ ပြုစုထိန်းသိမ်းနည်း၊ ဖာလာခူးဆွတ်ရာတွင် လိုက်နာရမည့်အချက်များ၊ လက်ရှိဖာလာဈေးကွက်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

သံတောင်ကြီးဒေသတွင် ဖာလာတစ်ပိဿာကို အခွံပါ ငွေကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ နှင့် အစေ့ခြောက် ငွေကျပ် ၂၂၀၀၀-၂၅၀၀၀ ဈေးနှုန်းဖြင့် ရောင်းချနေရသည်။ ဖာလာပင်များကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကာ အပင်မျိုး ဝယ်ယူစရိတ်နည်းပါးခြင်း၊ ထိန်းသိမ်းစရိတ်သက်သာခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်းတို့ကြောင့် တိုးချဲ့စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းအသုံးပြုခြင်းမရှိဘဲ တရုတ်နိုင်ငံ၏ဝယ်လိုအား ကိုသာအားထားနေရကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး

# ရေစီးရေလာကောင်းရန်နှင့် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် မြစ်သာမြစ်အတွင်း မြစ်ကျဉ်းသုံးခုနှင့်သဲသောင်ခုံများဖယ်ရှား


တင်လှိုင်(မိတ္ထီလာ)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် မြစ်သာမြစ်ရှိသည်။ မြစ်သာမြစ်သည် ချင်းပြည်နယ်အတွင်းရှိ တောင်တန်းများမှ မြစ်ဖျားခံ၍ ပုံတောင်ပုံညာတောင်တန်းကြားမှ ဖြတ်သန်းကာ တောင်ဘက်မှမြောက်ဘက်သို့ စီးဆင်းနေသော ထူးခြားသည့်မြစ်တစ်စင်းဖြစ်သည်။ မြစ်သာမြစ်၏ မြစ်ဖျားပိုင်းမှာ ဂန့်ဂေါမြို့အထိ မြစ်သာမြစ်ဝှမ်းအထက်ပိုင်းတွင်တောတောင်ထူထပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းနည်းပါးသည်။ မြစ်သာမြစ်သည်ချင်းတွင်းမြစ်၏အကြီးဆုံးမြစ်လက်တက်ဖြစ်ပြီး ရေဆင်းဧရိယာအလွန်ကြီးမားကာ စတုရန်းမိုင် ၉၈၇၀ ခန့်အထိရှိသည်။ မြစ်သာမြစ်အတွင်းသို့ ၎င်း၏ မြစ်လက်တက်များဖြစ်သော မဏိပူရမြစ်နှင့် နေရဥ္စရာမြစ်တို့ စီးဝင်ရေအလွန်များပြားကာ ရေကြီးရေလျှံ၍ ကလေးလွင်ပြင်ဒေသ၌ ရေကြီးနစ်မြုပ်မှုများ ကြုံတွေ့ခဲ့ရသည်။ မြစ်သာမြစ်သည် ကလေးဝမြို့အနီးတွင် ချင်း တွင်းမြစ်အတွင်းသို့စီးဝင်ပြီး အလျား ၁၈၅ မိုင်ခန့် ရှည်လျားသည်။ စီးဝင်ရေအလွန်များ ပြားကာ ကလေးလွင်ပြင်ဒေသတွင် ရေကြီး ရေလျှံ၍ ရေနစ်မြုပ်မှုများဖြစ်သည်။

ရာသီဥတု၏ သဘာဝလွန်ပြောင်းလဲမှုကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင်လလယ်ခန့်က မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တစ်ပတ်အတွင်း မိုးရေချိန်လက်မ ၃၀ ခန့် ထူးကဲမိုးရွာသွန်းခြင်း၊ ကိုမန်ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရက်ဆက်ရွာသွန်းခြင်းများကြောင့် မြစ်သာမြစ်နှင့် ၎င်း၏ မြစ်လက်တက်များဖြစ်သော မဏိပူရမြစ်နှင့် နေရဥ္စရာမြစ်တို့တွင် စီးဝင်ရေအလွန်များပြားကာ ရေကြီးရေလျှံ၍ ကလေးလွင်ပြင်ဒေသမှာ ရေကြီးနစ်မြုပ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

မြစ်သာမြစ်အောက်ပိုင်းဖြစ်သော ဂန့်ဂေါမြို့မှ ကလေးမြို့အကြား မြစ်ကမ်းတစ်လျှောက် (ကလေးလွင်ပြင်ဒေသ)တွင် လူနေအထူထပ်ဆုံးဖြစ်ပြီး စိုက်ပျိုးမြေအများအပြားရှိသည်။ ကလေးလွင်ပြင်ဒေသ၌ ရေကြီးနစ်မြုပ်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးပျက်စီးခဲ့သည်။

ကလေးလွင်ပြင်ဒေသရေကြီးနစ်မြုပ်မှုများကို နိုင်ငံတော်အကြီးအကဲက ကလေးမြို့နယ်နှင့် တမူးမြို့သို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ နေရဥ္စရာမြစ်စီးဝင်ရာ၏ အောက်ဘက်မှ မြစ်သာမြစ်ဝအထိအပိုင်းတွင် မြစ်ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော မြစ်ကျဉ်းများနှင့် သဲသောင်ခုံများကြောင့် ကလေးလွင်ပြင်ဒေသ၌ ရေကြီးနစ်မြုပ်နေသည်ကို စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့် မြစ်သာမြစ်ပေါ်ရှိ ရေစီးရေလာအဟန့်အတားဖြစ်စေသော မြစ်ကျဉ်းသုံးခုနှင့် သဲသောင်ခုံနှစ်ခုကို အမြန်ဆုံးချဲ့ထွင်တူးဖော်ရန် ဆည်မြောင်းဦးစီးဌာနက ၂၀၁၅ ခုနှစ် အောက်တိုဘာလကစတင်၍ စက်ယန္တရားကြီးများဖြင့် ယာယီရေတားတမံတည်ဆောက်ခြင်း၊ မြစ်ကျဉ်းများချဲ့ထွင်တူးဖော်ခြင်းနှင့် သဲသောင်ခုံတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ မြစ်သာမြစ်ကျဉ်းချဲ့ထွင်ရာတွင် ပထမမြစ်ကျဉ်းဖြစ်သော ကလေးနှင့် ကလေးဝကြား ၁၅ မိုင် ၇ ဖာလုံရှိ မြစ်ကျဉ်းကို မူလပေ ၃၀၀ မှ နောက်ထပ်ပေ ၂၀၀ ထပ်မံချဲ့ထွင်ခဲ့ရာ စုစုပေါင်းပေ ၅၀၀ အထိ ကျယ်သွားပြီဖြစ်သည်။ ခုနစ်မိုင်ရှိ ဒုတိယမြစ်ကျဉ်း၏ မူလအကျယ်ပေ ၄၀၀ မှ နောက်ထပ် ပေ ၁၀၀ တိုးချဲ့တူးဖော်ပေးခဲ့ရာ ပေ ၅၀၀ အထိ ကျယ်သွားပြီဖြစ်သည်။ တတိယမြစ်ကျဉ်းများဖြစ်သော ခြောက်မိုင်လေးဖာလုံရှိ မြစ်ကျဉ်းကို မူလ အကျယ်ပေ ၃၀၀ မှ နောက်ထပ် ပေ ၂၀၀ တိုးချဲ့တူးဖော်ပေးခဲ့ပြီး ကလေးဝမှ နှစ်မိုင်ကွာရှိ တတိယမြစ်ကျွန်း ၃ (က)ကို ယခင် အကျယ်ပေ ၃၀၀ မှ နောက်ထပ်ပေ ၅၀ ထပ်မံတိုးချဲ့တူးဖော်ခဲ့သဖြင့် ပေ ၃၅၀ အကျယ်ရှိလာပြီဖြစ်သည်။

မြစ်သာမြစ်ကျဉ်းများချဲ့ထွင်ရာတွင် မြေသားတူးဖော်ခြင်းလုပ်ငန်းသာမက မြစ်ကမ်း၏ ကျောက်သားဖြစ်နေသော အပိုင်းတွင် ယမ်းဖောက်ခွဲ၍ ချဲ့ထွင်တူးဖော်ခဲ့ရသည်။ မြစ်သာမြစ်အတွင်း ရေစီးရေလာနှောင့်နှေးစေသည့် ကလေးဝကားလမ်း မိုင်တိုင် ၁၂ /၆ ရှိ ပထမသဲသောင်ခုံ မူလအကျယ် ပေ ၃၅၀ မှ အကျယ်ပေ ၆၀၀၊ အလျားပေ ၂၅၀၀ အထိ မြေသားများတူးဖော်ပေးခဲ့သည်။ ထိုနည်းလည်းကောင်း ကလေးဝအကြား မိုင်တိုင် ၇ ရှိ ဒုတိယသဲသောင်ခုံကို အကျယ်ပေ ၃၀၀ မှ အကျယ်ပေ ၆၀၀၊ အလျား ပေ ၁၂၀၀ အထိ မြေသားများတူးဖော်၍ သောင်ခုံများကို ရှင်းလင်းဖယ်ရှားပေးခဲ့သည်။

မြစ်သာမြစ်ကျဉ်းသုံးခုချဲ့ထွင်တူးဖော်ခြင်းနှင့် သောင်ခုံများတူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ မြေတူးစက် ၁၉ စီး၊ မြေထိုးစက် ၁၁ စီး၊ မြေသယ်ယာဉ် ၃၈ စီး၊ လွန်တူးစက် ငါးစီး တို့ဖြင့် အမြန်ဆုံးတူးဖော်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးပြီးစီးအောင်မြင်သွားပြီဖြစ်သည်။ မြစ်ကျဉ်းသုံးခုနှင့် သဲသောင်နှစ်ခုတို့မှ ရရှိသောမြေသားများကို အနီးပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်လမ်းများတွင် မြေသယ်ယာဉ်များဖြင့် အခမဲ့ပေးပို့လှူဒါန်းခဲ့သည်။

မြစ်သာမြစ်ရေစီးမှုကို အဟန့်အတားဖြစ်စေသော မြစ်ကျဉ်းသုံးခုနှင့် သောင်ခုံများချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း အောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်၍ မြစ်သာမြစ်၏ ရေစီးဆင်းမှုကောင်းမွန်စေပြီး မြစ်သာမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကလေးလွင်ပြင်ဒေသမှ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ရေနစ်မြုပ်မှုမှကင်းဝေးကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝများအမှန်တကယ်တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ဝမ်းသာဂုဏ်ယူစွာ ရေးသားတင်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး

## သောက်သုံးရေ သန့်ရှင်းရေး ဆေးဖျန်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဒမငယ်ကျေးရွာတွင် မတ် ၂၈ ရက်က ကျေးရွာရှိ ရေတွင်းများအား ရေကြောင့်ဖြစ်ပေါ်သော ရောဂါများ မပေါ်ပေါက်လာစေရန် ကြိုတင်ကာကွယ်သောအားဖြင့် ဒမငယ် RHC မှ ဆေးမှူး ဦးကျော်စန်းလှိုင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက သောက်သုံးရေတွင်းများ၌ ကာကွယ်ဆေးများဖျန်းပေးခဲ့ကြောင်း၊ ကျေးရွာများတွင် ပူပြင်းသောရာသီဖြစ်၍ ရေတွင်းများမှာ ရေထွက်အားကျဆင်းမှုကြောင့် သောက်သုံးရေသန့်ရှင်းမှုအတွက် ယခုလိုကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ (ဝ၆၂)

ဧရာဝတီတိုင်းဒေသကြီး

# ပုသိမ်မြို့၌ သောက်သုံးရေအခက်အခဲနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရှေးဟောင်းသောက်သုံးရေကန်ကြီး ပြန်လည်တူးဖော်

ပုသိမ်မြို့ အမှတ်(၂)နယ်မြေ ကန်လမ်း၊ ကုလားတန်း၊ ရွှေစည်းခုံ မဟာစေတီလမ်းထောင့်၌ တည်ရှိသော ရှေးဟောင်းသောက်သုံးရေကန်ကြီးမှာ ရပ်ကွက်လူနေထူထပ်ကျပ်တည်းမှုကြောင့် ရေဆိုးရေညစ်များဖြင့် တိမ်ကောလုနီးပါး ဖြစ်လျက်ရှိသည်။

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ မီးဘေးအန္တရာယ်ကာကွယ်ရန် လိုအပ်သကဲ့သို့ သောက်သုံးရေ အခက်အခဲမရှိစေရန် ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အုန်း ဦးဆောင်မှုဖြင့် သဒ္ဓါထက်သန်ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ပေ ၂၀၀ ပတ်လည် အနက် ၁၂ ပေရှိ သောက်သုံးရေကန်ကြီးကို မတ် ၂၇ ရက်က မြေတူး/မြေသယ်ယာဉ်များဖြင့် တူးဖော်လျက်ရှိသည်။

အဆိုပါ ရေကန်ကြီး တူးဖော်ပြီးစီးပါက ပေ ၂၀၀ ပတ်လည်ရေကန်ပေါင်လုံခြုံရေး သံဆန်ခါ ကာရံထားရှိပြီး ကန်ပေါင်ပေါ်၌ ပန်းအလှ စိုက်ခင်းများ၊ အရိပ်ရအပင်များ၊ အပန်းဖြေအနားယူရန် ထိုင်ခုံ/တန်းလျားများဖြင့် သန့်ရှင်းသာယာလှပအောင် စီစဉ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။



ပုသိမ်-လှကြည်

မြန်မာ့အလင်း

၁-၄-၂၀၁၆ (သောကြာနေ့)

### ရှမ်းပြည်နယ်မြောက်ပိုင်း

# နမ့်ဆန်မြို့ ပြန်လည်တည်ဆောက်ရေး အိမ်ဆောက်ပစ္စည်းများ ထပ်မံပေးအပ်

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးလောင်သွားသည့် နမ့်ဆန်မြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် မီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဦးစီးကော်မတီက အိမ်ဆောက်ပစ္စည်းများနှင့် အိမ်မိုးသွပ်ပြားများကို မတ် ၃၀ ရက်က ထပ်မံခွဲဝေပေးလျက်ရှိကြောင်း သိရသည်။

မီးဘေးသင့် အိမ်ထောင်စုများကို မြို့ကွက်ရေးဆွဲသတ်မှတ်ထားသည့်အတိုင်း လူသွားလမ်း၊ အထွက်လမ်းဘေးတစ်ဖက်တစ်ချက်တွင် သုံးပေစီသတ်မှတ်လျက် လမ်းဧရိယာကို ၂၄ ပေ သတ်မှတ်ထားရှိကာ မြေကွက်တိုင်းတာခြင်းလုပ်ငန်းများ၊ မြေညှိခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ရာ မိမိတို့မူလမြေကွက်၌ မီတာတပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားပြီး ယာယီနေထိုင်ရန် အဆောက်အအုံငယ်များ ဆောက်လုပ်လျက်ရှိသည်။

"ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် အိမ်ဆောက်ဖို့ တစ်အိမ်ကို အမိုးသွပ်ပြား အချပ် ၂၄၀၊ ဘိလပ်မြေအချိုးကျ ခွဲဝေပေးပြီး မီးလောင်ကျွမ်းခဲ့တဲ့ အခန်း ၁၂၁၂ ခန်းအတွက် တစ်ခန်းကို ငွေကျပ်ရှစ်သိန်းပေးအပ်ခဲ့ပြီး အခုတစ်ခန်းကို ငွေကျပ်ငါးသောင်းခွဲ ထပ်မံပေးအပ်ခဲ့ပါတယ်။ မူလနေရာမှာ အခိုင်အမာပြန်လည်ဆောက်လုပ်ဖို့အတွက် အချို့စတင်ဆောက်လုပ်လျက်ရှိပြီး ကျန်အများစုမှာ မိုးရာသီကုန်လွန်မှ စတင်ဆောက်လုပ်ကြမှာ ဖြစ်ပါတယ်"ဟု ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က ပြောသည်။

မီးဘေးသင့်အိမ်ထောင်စုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၂၃၀၀၀ ကျော် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



နမ့်ဆန်မြို့ကို တွေ့ရစဉ်။

### ရှမ်းပြည်နယ်

## မူဆယ်၌ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနရုံးသစ်ဖွင့်

ရှမ်းပြည်နယ် မူဆယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မူဆယ်ခရိုင်ရုံး)၏ ရုံးသစ်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက်က ၁၀၅ မိုင် မိုင်းယုကျေးရွာရုံးသစ် အဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါရုံးသစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၁၂၃ ဒသမ ၇၅ သန်းဖြင့် မူဆယ်မြို့ ၁၀၅ မိုင် မိုင်းယုကျေးရွာ ကွင်းအမှတ် (၁၃)၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံ၏ ဧရိယာ စတုရန်းမှာ (၇၀×၆၀) ဖြစ်ပြီး RC တစ်ထပ် အမျိုးအစားဖြစ်သည်။

**အယ်လ်စိုး(ပြန်/ဆက်)**

### စစ်ကိုင်းတိုင်းဒေသကြီး

## ဂန့်ဂေါ၌ မြေငှားဂရန်များ ထုတ်ပေး

ဂန့်ဂေါမြို့နယ် တောင်ပြင်ကျေးရွာ၌ နောက်ဆုံးအကြိမ် မြေငှားဂရန်ထုတ်ပေးပွဲကို မတ် ၃၀ ရက် နံနက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားရာ လယ်ယာမြေအခြားနည်း အသုံးပြုခွင့်ရရှိပြီးဖြစ်သူ ၃၇ ဦးကို မြေငှားဂရန်ထုတ်ပေးခဲ့သည်။

အဆိုပါ မြေငှားဂရန်ထုတ်ပေးပွဲသို့ မြို့နယ်မြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့ဝင်များနှင့် ကျေးရွာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(၁၀၁)**

### ရှမ်းပြည်နယ်တောင်ပိုင်း

## ခိုလမ်မြို့ ၂၉ မိုင်ကျေးရွာ အလင်းရောင် စာကြည့်တိုက်ဖွင့်

ကျေးလက်နေပြည်သူများ စာပေဗဟုသုတရရှိရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျေးရွာစာကြည့်တိုက်များကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့ ၂၉ မိုင်ကျေးရွာရှိ အလင်းရောင်စာကြည့်တိုက်သစ်ဖွင့်ပွဲကို မတ် ၃၀ ရက်က အဆိုပါကျေးရွာစာကြည့်တိုက်သစ်ရှေ့တွင် ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲကို လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရွှေမြင့်၊ ခိုလမ်မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဖွဲ့စာရေးကြီးဦးစိုးထွန်းဦး၊ ခိုလမ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်လေးဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်ရေဗက္ကာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိနှင့်တာဝန်ရှိသူများက သုတရသစာအုပ်များကို စာကြည့်တိုက်ကော်မတီ အဖွဲ့ဝင်များထံသို့ လှူဒါန်းပြီးနောက် ရပ်မိရပ်ဖ ဦးကြာဘော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ်သိန်း ၂၀ နှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၃၅ သိန်းဖြင့် အလျား ၂၄ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၁ ပေရှိ တစ်ထပ်၊ ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုးဆောက်လုပ်ပြီး ၂၉ မိုင်ကျေးရွာနှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ အသိပညာ၊ ဗဟုသုတတိုးပွားရရှိရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

### တနင်္သာရီတိုင်းဒေသကြီး

# ပိုလီယိုအကြောသေကာကွယ်ဆေး ပြောင်းလဲသုံးစွဲရေး အသိပေးဆွေးနွေး

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ၂၀၁၆ ခုနှစ် တိုးချဲ့ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၌ ပိုလီယိုအကြောသေကာကွယ်ဆေးကို တစ်နှစ်အထိတိုက်ကျွေးရာတွင် TOPV (Tri Oral Polio Vaccine) မှ BOPV ( Bi Oral Polio Vaccine) သို့ ပြောင်းလဲအသုံးပြုမည့် အစီအစဉ် အသိပေးဆွေးနွေးပွဲကို မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက မြိတ်ခရိုင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးမှူး ဒေါ်ကေဇင်ထွန်းက မြို့ပေါ် ၁၂ ရပ်ကွက်၌ ဧပြီလ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုကို ကလေးငယ် ၅၁၆ ဦးအား ဧပြီ ၂ ရက်မှ ၆ ရက်အထိ စုရပ် ၄၉ ရပ်ဖြင့် TOPV ဆေးကို တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်း၌ ဧပြီ ၂၉ ရက်တွင် TOPV မှ BOPV သို့ ပြောင်းလဲအသုံးပြုမည့်ရက် သတ်မှတ်ထားပြီး မေလမှစ၍ BOPV ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# EL CLASICO ပွဲမှာ စောင့်ကြည့်ရမည့် ရော်နယ်ဒိုရဲ့ ခြေစွမ်း

ဝေမိုးဆက်

သူ့နာမည်က ခရစ္စတီယာနိုရော်နယ်ဒို။ လက်ရှိ သူရပ်တည်နေတဲ့အဆင့်က ကမ္ဘာ့ဘောလုံးလောကရဲ့ အဆင့် ၂ နေရာ။ ပြီးတော့ ဒီရာသီမှာ ရီးရဲမက်ဒရစ် အသင်းအတွက် ဂိုးသွင်းအများဆုံးကစားသမား။ ဒါ့အပြင် ဒီနှစ် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲ အတွင်းမှာလည်း ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နေတဲ့သူ။ လာလီဂါ ပြိုင်ပွဲအတွင်းမှာလည်း ဂိုးသွင်းအများဆုံး ကစားသမား အဖြစ် တည်ရှိနေသူ။

ဒါပေမယ့် သူ့အသက်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၅ ရက်က ၃၁ နှစ် ပြည့်ခဲ့ပြီ။ တစ်နည်းပြောရရင် သူ့ရဲ့ အသက်အရွယ်အပိုင်းအခြားက ၃၂ နှစ်ထဲမှာ။ ဒီတော့ သူနဲ့ပတ်သက်ပြီး မေးခွန်းတွေလည်း နက်နက်နဲနဲ ထွက်ပေါ်လာတယ်။ အဓိကကတော့ လက်ရှိသူရပ်တည် နေတဲ့အဆင့်မှာ သူ့အနေနဲ့ အချိန်ဘယ်လောက်ကြာကြာ ဆက်လက်ရပ်တည်နိုင်မလဲဆိုတဲ့ အကြောင်းအခြင်းအရာ တစ်ခုသာဖြစ်ပြီး အဲ့ဒီအရာက ဆွေးနွေးချင်စရာခေါင်းစဉ် တစ်ရပ်လို ဖြစ်မှန်းမသိဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေါ့။ သူ့ရဲ့ လက်ရှိသွင်းဂိုးအနေ အထားက ထိပ်တန်းအဆင့်မှာ ရှိနေဆဲဆိုတာ လက်သင့် ခံနိုင်လောက်တဲ့ အခြေအနေမှာတော့ ရှိသေးတယ်။ အထူးသဖြင့် လာလီဂါမှာ သူဟာ ပွဲ ၃၀ အပြီး ၂၈ ဂိုး အထိ သွင်းယူပေးထားတယ်။ ချန်ပီယံလိဂ်မှာလည်း အုပ်စုပွဲ ခြောက်ပွဲနဲ့ ၁၆ သင်းအဆင့် နှစ်ပွဲအပါအဝင် စုစုပေါင်း ရှစ်ပွဲမှာ ၁၃ ဂိုးအထိ သွင်းထားတယ်။ အရှင်း ဆုံးပြောရရင် သူဟာ ဒီရာသီမှာ ရီးရဲမက်ဒရစ်အသင်း အတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၄၁ ဂိုးအထိ သွင်းယူပေး ထားနိုင်တဲ့အခါ။ သူ့ရဲ့ဂိုးသွင်းနှုန်းအရ သူ့ရဲ့အဆုံးသတ် အရည်အသွေးဟာ ကျဆင်းမသွားသေးဘူးဆိုတာ မြင်သာ သလို ဖြစ်လာတယ်။

အထူးသဖြင့် ပြီးခဲ့တဲ့ ၂၀၁၅ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားရွေးချယ်ပွဲမှာ သူ့ကိုကျော်ပြီး ကမ္ဘာ့ အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခြင်းခံခဲ့ရတဲ့ မက်ဆီထက်တောင်မှ သူ့ရဲ့ လတ်တလောဂိုးသွင်းနှုန်းက မြင့်နေဆဲဖြစ်တယ်။ လက်ရှိအချိန်မှာ သူက ပြိုင်ပွဲ အရပ်ရပ်မှာ ရီးရဲအတွက် ၄၁ ဂိုးအထိ သွင်းယူပေးထား သော်ငြား မက်ဆီက ပြိုင်ပွဲအရပ်ရပ်မှာ ၃၇ ဂိုးသာ ဘာစီလိုနာအတွက် သွင်းထားနိုင်တယ်။

အရှင်းဆုံးပြောရရင် သူ ၂၈ ဂိုး သွင်းထားနိုင်တဲ့ လာလီဂါမှာ မက်ဆီက ၂၂ ဂိုးသာ သွင်းထားနိုင်တယ်။ သူ ၁၃ ဂိုးသွင်းယူထားနိုင်တဲ့ ချန်ပီယံလိဂ်မှာလည်း မက်ဆီက ခြောက်ဂိုးသာ သွင်းထားနိုင်တယ်။ ပြောရမယ် ဆိုရင် ရီးရဲက ဒီရာသီမှာ ချန်ပီယံလိဂ်၊ လာလီဂါနဲ့ စပိန် ဘုရင့်ဖလားပြိုင်ပွဲသုံးရပ်သာ ကစားရပြီး အဲ့ဒီအထဲမှာမှ ရော်နယ်ဒိုဟာ ဒီရာသီမှာ စပိန်ဘုရင့်ဖလားပြိုင်ပွဲအတွင်း တစ်ပွဲမှမကစားခဲ့ရဘူး။ ဒီတော့ ရော်နယ်ဒိုကစားရတဲ့ လာလီဂါနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ နှစ်ရပ်တည်းမှာသာ ရော်နယ်ဒိုနဲ့ မက်ဆီကို နှိုင်းယှဉ်ကြည့်ရင် ရော်နယ်ဒိုက စုစုပေါင်း ၄၁ ဂိုးသွင်းယူနိုင်သော်ငြား မက်ဆီက ၂၈ ဂိုးသာ သွင်းထားနိုင်တော့။ လက်ရှိ အနေအထားအရ သူဟာ မက်ဆီထက်တောင်မှ ဂိုးသွင်းနှုန်း သိသိသာသာ မြင့်လာသလို သူ့ရဲ့အဆင့်အတန်းဟာလည်း ပုံမှန်အခြေ အနေမှာ ဆက်ရှိနေဆဲလားဆိုတာ မေးစရာပိုဖြစ်လာတယ်။

ဒါပေမယ့် တချို့ကတော့ အဲ့ဒီလိုအခြေအနေမှာ ရော်နယ်ဒိုရဲ့ အရည်အသွေးကို သံသယစွက်တဲ့အမြင်နဲ့ ကြည့်ရှုထောက်ပြကြတယ်။ ပြောမယ်ဆိုရင် ရော်နယ်ဒိုရဲ့ ခြေစွမ်းခြေစဟာ ဒီရာသီမှာ သိသိသာသာကျဆင်းလာ ပြီလို့ ဆိုကြတယ်။ သူ့ရဲ့ဂိုးသွင်းနှုန်းကိုက မနှစ်ကရာသီကို မမီဘူးလို့လည်း ဆိုကြတယ်။ ပြောမယ်ဆိုရင် လာလီဂါ မှာ မနှစ်ကရာသီအတွင်း စုစုပေါင်း ၃၅ ပွဲမှာ ၄၈ ဂိုးအထိ သွင်းယူနိုင်ခဲ့မှုမျိုး ဒီရာသီမှာရဖို့ သိပ်ခက်တယ်လို့တောင် ဆိုကြတာဖြစ်တယ်။

ပြောမယ်ဆိုရင် မနှစ်က လာလီဂါပြိုင်ပွဲမှာ ရော်နယ်ဒိုဟာ စုစုပေါင်း ၃၅ ပွဲကစားရာမှာ အဲ့ဒီ ၃၅ ပွဲမှာ ၁၀ ပွဲ ဂိုးသွင်းယူနိုင်မှုမရှိခဲ့ဘူး။ ဒါပေမယ့် ဒီနှစ် ပွဲ ၃၀ ကစားပြီးချိန်မှာတင် ရော်နယ်ဒိုဟာ စုစုပေါင်း ဂိုးမသွင်းနိုင်တဲ့ပွဲက ၁၅ ပွဲအထိတောင် ရှိခဲ့တဲ့အခါ။ လာလီဂါပြိုင်ပွဲအတွင်း ဂိုးမသွင်းနိုင်တဲ့ပွဲကအစ မြင့်တက် လာတာ တွေ့လာရတယ်။ ပြီးတော့ မနှစ်က တစ်ရာသီလုံး မှာမှ ရော်နယ်ဒိုဟာ လာလီဂါပြိုင်ပွဲအတွင်း ပယ်နယ်တီ ကနေ ရယူတဲ့ဂိုး ၁၀ ဂိုးသာရှိခဲ့ပေမယ့် ဒီရာသီမှာတော့ ပွဲ ၃၀ အပြီးမှာတင် ပယ်နယ်တီကနေ သွင်းယူတဲ့ဂိုးက ခြောက်ဂိုးအထိ ရှိလာတယ်။ ဒီတော့ ရော်နယ်ဒိုအနေနဲ့ ဂိုးတွေ သွင်းယူနေသော်ငြား သူ့ရဲ့ အဲ့ဒီအဆုံးသတ် အားကိုကအစ ကျရိပ်ပြလာပြီဆိုတာ မြင်သာပါတယ်လို့ ထောက်ပြလာကြတယ်။



ရော်နယ်ဒိုအနေနဲ့ သူဟာ လက်ရှိရရှိနေသေးတဲ့ နေရာတစ်ခုနဲ့ ထိုက်တန်မှုရှိသေးကြောင်း၊ သူ့မှာ ထိပ်တန်းအဆင့် အရည်အချင်းတွေရှိနေသေးကြောင်း ပြသနိုင်ပါ့မလားဆိုတာကိုတော့ စောင့်ကြည့်ရဖို့သာရှိ

အထူးသဖြင့်ပေါ့။ ဒီလိုအဆုံးသတ် အရည်အသွေး ကျဆင်းလာတဲ့အပြင် ရော်နယ်ဒိုဟာ အသင်းရဲ့တိုက်စစ်ကို ဦးဆောင်ဦးရွက်ပြုနိုင်မှု အခန်းကဏ္ဍမှာပါ ကျဆင်းလာ တယ်လို့ ယူဆလာကြတယ်။ အရင်ကပွဲကြီးပွဲကျပ်တွေမှာ ရော်နယ်ဒိုဟာ သူ့ရဲ့သွင်းဂိုးတွေနဲ့ ရီးရဲကို အကြိမ်ကြိမ်ကို ကယ်တင်နိုင်ခဲ့သော်ငြား ဒီရာသီမှာ သူ့ရဲ့သွင်းဂိုးတွေနဲ့ အသင်းကို အရှုံးနွံက ဆွဲထုတ်နိုင်မှုမှာပါ နည်းပါးလာ တယ်လို့ ထောက်ပြလာကြတာပဲဖြစ်တယ်။

ပြောချင်တာက ပြီးခဲ့တဲ့လာလီဂါ ပွဲစဉ် ၂၅ မှာ ရီးရဲဟာ မာလာဂါနဲ့ တစ်ဂိုးစီသရေကျတယ်။ အဲ့ဒီပွဲမှာ သူဂိုးသွင်းယူပေးလို့သာ ရီးရဲတစ်မှတ်ရခဲ့သလိုမျိုး ဒီရာသီ မှာ သူ့ရဲ့စွမ်းဆောင်ရည်နဲ့ အခက်အခဲကြားက ရီးရဲ အမှတ်ရရှိမှုဟာ အတော်နည်းပါးလာတယ်။ ဂီဂျွန်နဲ့ ဂိုး မရှိသရေကျတဲ့ပွဲ၊ မာလာဂါနဲ့ တစ်ဂိုးစီ သရေကျတဲ့ပွဲ၊ အက်သလက်တီကိုနဲ့ တစ်ဂိုးစီသရေကျတဲ့ပွဲ၊ ဆီဗီလာကို ၃-၂ နဲ့ ရှုံးတဲ့ပွဲ၊ ဗီလာရီးရဲကို ၁-၀ နဲ့ ရှုံးတဲ့ပွဲ၊ ဗလင်စီယာနဲ့ နှစ်ဂိုးစီသရေကျတဲ့ပွဲ၊ ဘက်တစ်နဲ့ တစ်ဂိုးစီသရေကျတဲ့ပွဲ၊ အက်သလက်တီကိုကို ၁-၀ နဲ့ ရှုံးနိမ့်ခဲ့ရတဲ့ ပွဲတွေမှာဆိုရင် သူဟာ အသင်းကို ရလဒ်ဆိုးကြားကနေ သွင်းဂိုးတွေနဲ့ ကယ်တင်ပေးနိုင်မှုမရှိခဲ့ဘူး။

ထပ်ပြောရရင် ဒီရာသီမှာ ရီးရဲအနေနဲ့ လာလီဂါ ပြိုင်ပွဲတွေအတွင်း အခက်အခဲကြားက ကပ်အနိုင်ရခဲ့တဲ့ပွဲ တွေလည်း အတော်များများရှိတယ်။ ဒါပေမယ့် အဲ့ဒီလို ကပ်နိုင်ခဲ့တဲ့ပွဲတွေမှာ အသင်းအတွက် အဖိုးတန် သုံးမှတ်ကို ရှာဖွေပေးခဲ့သူတွေအထဲမှာ ရော်နယ်ဒို မပါခဲ့ဘူး။ ဂရန်နာဒါကို ၁-၀ နဲ့ နိုင်တုန်းက ဘင်ဇီမာက အနိုင်ဂိုးသွင်းပေးခဲ့တာ။ ဘီလ်ဘာအိုကို ၂-၁ နဲ့ ကပ်နိုင် တုန်းကလည်း ဘင်ဇီမာကပဲ နှစ်ဂိုးစလုံးကို သွင်းပေးခဲ့တာ။ ဂရန်နာဒါကို ၂-၁ နဲ့ နိုင်တုန်းကလည်း အဖိုးတန်အနိုင်ဂိုး ကို မိုဒရစ်က သွင်းယူပေးခဲ့တာဖြစ်ပြီး ဘက်တစ်နဲ့ ၁-၁ သရေကျခဲ့တဲ့ပွဲတုန်းကလည်း အဖိုးတန်ချေပဂိုးကို သွင်းပေးခဲ့တာက ဘင်ဇီမာဖြစ်နေကာ ယုတ်စွအဆုံး လက်စ်ပဲလ်မက်စ်ကို ၂-၁ နဲ့ နိုင်ရာမှာလည်း အဖိုးတန် အနိုင်ဂိုးကို ကာဆီမီရိုက သွင်းယူပေးခဲ့တာဆိုတော့ ရော်နယ်ဒိုရဲ့ ရီးရဲအတွက် ကွင်းအတွင်း အရေးပါမှု အခန်းကဏ္ဍဟာ လျော့ကျလာတယ်ဆိုတာမြင်သာတယ်။

အထူးသဖြင့် ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပထမအကျော့ မှာ ပြိုင်ဘက်ရိုးမား ခံစစ်ကို လျင်မြန်မှုနဲ့ထိုးဖောက်ပြီး လိုက်လံ ဟန့်တားနေတဲ့ခံစစ်မှူးကို လှလှပပကျော် ဖြတ်ကာ အကောင်းဆုံးကန်သွင်းယူပြခဲ့တဲ့ သူ့ရဲ့ အရည် အသွေးမျိုးဟာ ဒီရာသီမှာ တွေ့ရခဲလာတယ်။ သူ့ရဲ့ ထိုးဖောက်မှုနဲ့ ပြိုင်ဘက်ခံစစ်ကိုကျော်ဖြတ်နိုင်အားတွေ ကအစ ကျဆင်းလာပြီဆိုတာ ပွဲတွေအ တွင်းသိသိသာသာ ကို မြင်တွေ့လာရတဲ့အခါ။ တချို့က ရော်နယ်ဒိုရဲ့ ထွန်းတောက်ချိန်ဟာ သိပ်မကျန်တော့ဘူးလို့ ဆိုလာကြ တယ်။

ဒီတော့ ဒီလိုအခြေအနေမှာ ရီးရဲရဲ့ ဆုံးဖြတ်ချက် ဟာ ပိုပြီးစိတ်ဝင်စားဖို့ကောင်းလာတယ်။ပြောချင်တာက လက်ရှိရီးရဲမှာ ရော်နယ်ဒိုကို ပေးအပ်ထားတဲ့ အခန်းကဏ္ဍ က လျှော့ချနိုင်မလား။ ဒါမှမဟုတ် အဲ့ဒီလိုစွမ်းဆောင်ရည် ကျဆင်းလာပြီဖြစ်တဲ့ ရော်နယ်ဒိုကို အရင်တိုင်း ဆက်ပြီး အဓိကနေရာမှာထားမလား။ ပြောရမယ်ဆိုရင် ရော်နယ်ဒို ဟာ ရီးရဲမှာ အခွင့်ထူးခံကစားသမားတစ်ဦး ဖြစ်လာခဲ့ တာကြာပြီ။ ရီးရဲကို စတင်ရောက်ရှိတဲ့ ၂၀၀၉-၁၀ ဘောလုံးရာသီမှာ ရော်နယ်ဒိုဟာ ပွဲကစားနေစဉ်အတွင်း လူစားလဲခံရမှု လေးကြိမ်ရှိခဲ့သော်ငြား။ အဲ့ဒီနောက်မှာ ပွဲကစားနေစဉ်အတွင်း ရော်နယ်ဒိုကို လူစားလဲမှုဟာ တဖြည်းဖြည်းနည်းပါးလာပြီး မနှစ်ကနဲ့ တစ်နှစ်ကဆိုရင် လာလီဂါပြိုင်ပွဲအတွင်း သုံးပွဲစီသာ လူစားလဲခံခဲ့ရသလို ဒီနှစ်မှာဆိုရင် ပွဲတိုင်းပွဲထွက်ကစားသမားဖြစ်ခဲ့တဲ့ အပြင် တစ်ပွဲမှ လူစားလဲခံရခြင်းမရှိခဲ့ဘဲ ပွဲတိုင်း ပွဲပြည့်ကစား ခဲ့ရတယ်။

ပြောချင်တာက အရင်တုန်းက ရော်နယ်ဒိုဟာ အဲ့ဒီလိုအဓိကထားခံရခြင်းနဲ့ ထိုက်တန်သော်ငြား။ လက်ရှိရာသီရဲ့ ခြေစွမ်းခြေစအရ ခြေစွမ်းမပြနိုင်တဲ့ ပွဲတွေမှာပါ ရော်နယ်ဒိုကို ပွဲတိုင်းထုတ်သုံးသလို ပွဲတိုင်း ပွဲပြည့်အသုံးပြုနေတဲ့အခါ။ ရီးရဲအပေါ် ရော်နယ်ဒိုရဲ့ လွှမ်းမိုးမှုကို မြင်သာစေသလို အဲ့ဒီလွှမ်းမိုးမှုကို မဖျောက်နိုင်သမျှကာလပတ်လုံး ရီးရဲရဲ့တိုးတက်မှုဟာ လည်း တည်ငြိမ်ဖို့ခက်တယ်လို့ ဆိုကြတာပဲဖြစ်တယ်။

ဒီတော့ လာမယ့်လာလီဂါပွဲစဉ် (၃၁)မှာ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တွေ့ရမယ်။ ဒီပွဲက ရီးရဲမက်ဒရစ်အတွက် လာလီဂါချန်ပီယံအိပ်မက်ကို အဆုံးအဖြတ်ပေးမယ့်ပွဲ လည်းဖြစ်တယ်ဆိုတော့။ ဒီလိုပွဲမျိုးမှာ ရော်နယ်ဒိုအနေ နဲ့ သူဟာလက်ရှိရရှိနေသေးတဲ့ နေရာတစ်ခုနဲ့ ထိုက်တန်မှု ရှိသေးကြောင်း၊ သူ့မှာထိပ်တန်းအဆင့် အရည်အချင်း တွေရှိနေသေးကြောင်း ပြသနိုင်ပါ့မလားဆိုတာကိုတော့ စောင့်ကြည့်ရဖို့သာ ရှိပါတော့တယ်။

# ဂနိုင်ငံတကာဘောလုံး

မြန်မာ့အလင်း

၁-၄-၂၀၁၆ (သောကြာနေ့)

# မန်ယူနိုင်ပွဲဆက်နိုင်မလား

MANCHESTER UNITED | KICK-OFF - 21:30 | DATE - 3 APRIL | EVERTON

ပရီမီယာလိဂ် ပွဲစဉ်တွေကို ဧပြီလ ၂ ရက်၊ ၃ ရက်တွေမှာ ပြန်လည်ကျင်းပပြုလုပ်သွားဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ ပွဲစဉ် ၃၁ တုန်းက မန်ယူက မန်စီးတီးကို အနိုင်ရခဲ့သလို မန်စီးတီး၊ မန်ယူ၊ ဝက်စ်ဟမ်း တို့ရဲ့ အမှတ်ကွာဟမှုက ကျဉ်းမြောင်းသွားကာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်အားပြိုင်မှုကလည်းပိုမို အကြိတ်အနယ်ရှိလာနိုင်ပါတယ်။ ဒ့ါအပြင် နယူးကာဆယ်၊ နော့ဝှစ်ချ်၊ ဆန်းဒါးလန်းတို့ရဲ့ တန်းမဆင်းရရေး အားပြိုင်မှုလည်း အကြိတ်အနယ်ရှိနေကာ ပရီမီယာလိဂ်ပြိုင်ပွဲက ပိုမိုစိတ်ဝင်စားဖို့ကောင်းလာပါတယ်။ အခုကျင်းပပြုလုပ်မယ့် ပွဲစဉ် (၃၂)လည်း လီဗာပူးနဲ့ စပါး၊ မန်ယူနဲ့ အဲဗာတန်တို့ဆုံတွေ့တဲ့ပွဲစဉ်တွေပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ပိုမိုကောင်းမွန်ကာ မန်ယူအနေနဲ့ နိုင်ပွဲဆက်နိုင်မလားဆိုတာကို ဆက်လက်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။



## ဗီလာ vs ချဲလ်ဆီး

| ပ-ကျော့ | ချဲလ်ဆီး | ၂ | ၀ | ဗီလာ |
|---|---|---|---|---|

ဗီလာဟာ တန်းမဆင်းရဖို့အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းကအားနည်းမှုတွေ များလွန်းနေကာ ခံစစ်ပိုင်းက အားနည်းနေတာကြောင့် ချယ်လ်ဆီးရဲ့ဖိအားပေးမှုကို တောင့်ခံနိုင်ဖို့ဆိုတာ ခက်ခဲလွန်းနေပါတယ်။ ချန်ပီယံလိဂ်ကနေ ထွက်ခဲ့ရပြီဖြစ်တဲ့ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ပြိုင်ပွဲအပေါ်မှာသာ အားစိုက်ကစားလာဖို့ရှိနေသလို လက်ရှိအမှတ်ရရှိမှုအနေအထားအရလည်း ဥရောပဝင်ခွင့်အနည်းငယ် မျှော်လင့်နိုင်သေးတာကြောင့် ချယ်လ်ဆီးတို့ အနိုင်ပြန်ရရေးအားစိုက်လာမှာ သေချာနေပါတယ်။ ချယ်လ်ဆီးပဲ အနိုင်ရမယ်။

## ဘုန်းမောက် vs မန်စီးတီး

| ပ-ကျော့ | မန်စီးတီး | ၅ | ၁ | ဘုန်းမောက် |
|---|---|---|---|---|

မန်ယူကို ရှုံးနိမ့်ခဲ့ရမှုနဲ့အတူ မန်စီးတီးဟာ ထိပ်ဆုံးလေးသင်း စာရင်းဝင်နိုင်ဖို့အတွက်တောင်မှ သေချာမှုမရှိတော့ပါဘူး။ ဒါကြောင့် မန်စီးတီးအနေနဲ့ နိုင်ပွဲပြန်ရရေးအပြင် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ပါ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း တန်းမဆင်းရဖို့အတွက် လုံလောက်တဲ့အမှတ် ရယူထားနိုင်ခြင်း မရှိသေးတာကြောင့် အားစိုက်ကစားနေသလို ခြေစွမ်းလည်း ကောင်းမွန်နေကာ အိမ်ကွင်းဖြစ်တယ်။ ဒါကြောင့် မန်စီးတီးတို့ အခက်အခဲနဲ့ရင်ဆိုင်ရနိုင်ကာ အဝေးကွင်းမှာ ကပ်ပြီးသာနိုင်မယ်။

## စီးရီးအေပွဲစဉ် (၃၁)

| | | | |
|---|---|---|---|
| **စနေနေ့ (၂-၄-၁၆)** | | | |
| ည ၁၀း၃၀ | ကာပီ | - | ဆက်ဆူအိုလို |
| နံနက် ၁း၁၅ | ဂျူဗင်တပ်စ် | - | အမ်ပိုလီ |
| **တနင်္ဂနွေနေ့ (၃-၄-၁၆)** | | | |
| ညနေ ၅း၀၀ | အူဒီးနိစ် | - | နာပိုလီ |
| ည ၇း၃၀ | ဂျီနိုအာ | - | ဖရိုစီနိုနီ |
| ည ၇း၃၀ | အတ္တလန်တာ | - | အေစီမီလန် |
| ည ၇း၃၀ | ချီယေဗို | - | ပါလာမို |
| ည ၇း၃၀ | လာဇီယို | - | ရိုးမား |
| ည ၇း၃၀ | ဗီအိုရင်တီးနား | - | ဆမ်ဒိုးရီးယား |
| နံနက် ၁း၁၅ | အင်တာမီလန် | - | တိုရီနို |
| **တနင်္လာနေ့ (၄-၄-၁၆)** | | | |
| နံနက် ၁း၁၅ | ဘိုလော့ဂ်နာ | - | ဗီရိုနာ |

## ဂျာမန်ဘွန်ဒက်စ်လီဂါ (၃၁)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁-၄-၁၆)** | | | |
| နံနက် ၁း၀၀ | လေဗာကူဆင် | - | ဝုဖ်ဘတ် |
| **စနေနေ့ (၂-၄-၁၆)** | | | |
| ည ၈း၀၀ | ဘိုင်ယန် | - | ဖရန့်ဖတ် |
| ည ၈း၀၀ | ဟန်နိုဗာ | - | ဟမ်းဘတ် |
| ည ၈း၀၀ | မိန့်ဇ် | - | အော့ဘတ် |
| ည ၈း၀၀ | အင်ဂိုစတက် | - | ရှော်လ်ကေး |
| ည ၈း၀၀ | ဒရမ်စတတ် | - | စတုဂတ် |
| ည ၁၁း၀၀ | ဒေါ့မွန် | - | ဝါဒါဘရီမင် |
| **တနင်္ဂနွေနေ့ (၃-၄-၁၆)** | | | |
| ည ၈း၀၀ | ဂလာဘတ် | - | ဟာသာဘာလင် |
| ည ၁၀း၀၀ | ဟော့ဖန်ဟိမ်း | - | ကိုလုံး |

## စတုတ် vs ဆွမ်ဆီး

| ပ-ကျော့ | ဆွမ်ဆီး | ၀ | ၁ | စတုတ် |
|---|---|---|---|---|

စတုတ်ဟာ လက်ရှိအမှတ်ရရှိထားတဲ့ အခြေအနေအရအဆင့် ၅ နေရာကဝက်စ်ဟမ်းနဲ့ ၄ မှတ်သာကွာတာကြောင့် ဥရောပဝင်ခွင့်ရယူနိုင်လောက်တဲ့အထိ အခွင့်အရေးရှိနေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေသလို စတုတ်ဟာ အိမ်ကွင်းပွဲတွေမှာလည်း ခြေက ပိုကောင်းတတ်ပါတယ်။ ဒါပေမယ့် ဆွမ်ဆီးကလည်း တန်းဆင်းဇုန်ထဲကအသင်းတွေနဲ့ အမှတ်ကွာဟမှု သိပ်မရှိတာကြောင့် နိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာဖြစ်သလို ခြေကလည်းကောင်းမွန်နေပါတယ်။ ဆွမ်ဆီးသရေလောက်ရမယ်။

## လီဗာပူး vs စပါး

| ပ-ကျော့ | စပါး | ၀ | ၀ | လီဗာပူး |
|---|---|---|---|---|

စပါးဟာ ပရီမီယာလိဂ် ချန်ပီယံဆုအတွက် လက်စတာကို ဖိအားပေးနိုင်ဖို့ နောက်ပိုင်းပွဲတွေမှာ အမှားမခံစတမ်းယှဉ်ပြိုင်ကစားနေပါတယ်။ ယူရိုပါလိဂ်ကနေလည်း ထွက်ခဲ့ရပြီဖြစ်လို့ ပရီမီယာလိဂ်ကိုသာ အားစိုက်ကစားလာနိုင်ကာ အဓိက ကစားသမားတွေလည်း ခြေစွမ်းပြနေနိုင်ပါတယ်။ အသင်းလိုက်ကစားပုံလည်းကောင်းမွန်နေပါတယ်။ ဒါပေမယ့် လီဗာပူးကလည်း လက်ရှိအချိန်မှာ အသင်းလိုက်ခြေစွမ်းကောင်းမွန်နေသလို ကော်တင်ညိုခြေစွမ်းပြသနေလို့လည်း တိုက်စစ်ပိုင်းက ထက်မြက်နေပါတယ်။ စပါး သရေလောက်ပဲရမယ်။

## အာဆင်နယ် vs ဝက်ဖို့ဒ်

| ပ-ကျော့ | ဝက်ဖို့ဒ် | ၀ | ၃ | အာဆင်နယ် |
|---|---|---|---|---|

အခုနောက်ပိုင်းမှာ ရလဒ်တွေမတည်ငြိမ်မှုနဲ့အတူအာဆင်နယ်ဟာ ချန်ပီယံဖြစ်နိုင်ဖို့ အလှမ်းဝေးလာတဲ့အပြင် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့တောင်မှ သေချာမှုမရှိတော့ပါဘူး။ ဒါကြောင့် အာဆင်နယ်အနေနဲ့ နိုင်ပွဲရယူနိုင်ရေး အားစိုက်လာမှာသေချာနေပေမယ့် အခုလက်ရှိခြေက အကောင်းဆုံးပုံစံမှာမရှိပါဘူး။ ဒီပွဲမှာလည်း အာဆင်နယ်တို့ အိမ်ကွင်းအားနဲ့ဖိအားပေးနိုင်ဖို့ ရုန်းကန်လာမှာ ဖြစ်ပေမယ့် တန်းတင်ကျန်နိုင်ရေး အားစိုက်ကစားလာမယ့် ဝက်ဖို့ဒ်ရဲ့ခံကစားကြောင့်အခက်တွေ့နိုင်ပါတယ်။ အိမ်ကွင်းမှာ အာဆင်နယ်ကပ်ပြီးသာနိုင်မယ်။

## လက်စတာ vs ဆောက်သမ်တန်

| ပ-ကျော့ | ဆောက်သမ်တန် | ၂ | ၂ | လက်စတာ |
|---|---|---|---|---|

လက်စတာဟာ ချန်ပီယံဖြစ်ခွင့်အတွက် အမှားခံလို့မရတဲ့အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့်လည်း လက်စတာဟာပွဲတိုင်းကို အားစိုက်ကစားနေပေမယ့် ခြေကအနည်းငယ် ကျဆင်းလာပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေကျလာပါတယ်။ ဒ့ါအပြင် ဆောက်သမ်တန်ကလည်း ဥရောပဝင်ခွင့် မျှော်လင့်နိုင်သေးလို့ အားစိုက်ကစားလာဖို့ရှိနေကာ လက်ရှိခြေကလည်း ကောင်းမွန်နေပါတယ်။ ဒါကြောင့် လက်စတာတို့ အိမ်ကွင်းအားနဲ့ဖိအားပေးကစားသွားမှာ ဖြစ်ပေမယ့်လည်း ဆောက်သမ်တန်ကိုအသာရဖို့ ခက်ပြီး ကပ်ပြီးသာအနိုင်ရမယ်။

## ဆန်းဒါးလန်း vs ဝက်စ်ဘရွန်း

| ပ-ကျော့ | ဝက်စ်ဘရွန်း | ၁ | ၀ | ဆန်းဒါးလန်း |
|---|---|---|---|---|

ဝက်စ်ဘရွန်းက ခြေစွမ်းပိုင်းကောင်းမွန်နေတယ်ဆိုပေမယ့် တင်းခံကစားနိုင်လောက်တဲ့ မျှော်လင့်ချက်မျိုးမရှိတာကြောင့် အားစိုက်ကစားမှုမှာ သာမန်လောက်ပဲရှိနိုင်ပါတယ်။ ဆန်းဒါးလန်းကတော့ တန်းမဆင်းရဖို့အတွက် နယူးကာဆယ်၊ နော့ဝှစ်ချ်တို့နဲ့ အားပြိုင်နေရလို့ နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို ခြေကလည်း ကောင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အရှုံးတစ်ပွဲသာရှိခဲ့တဲ့အထိ ဆန်းဒါးလန်းခံကစားအား ကောင်းမွန်နေပါတယ်။ ဆန်းဒါးလန်းရဲ့အိမ်ကွင်းလည်းဖြစ်လို့ ဝက်စ်ဘရွန်း အမြင့်ဆုံးသရေလောက်ပဲရမယ်။

## မန်ယူ vs အဲဗာတန်

| ပ-ကျော့ | အဲဗာတန် | ၀ | ၃ | မန်ယူ |
|---|---|---|---|---|

မန်ယူဟာ မန်စီးတီးနဲ့ပွဲမှာ အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ပြန်လည်မျှော်လင့်လာနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့် မန်ယူဟာ ဒီပွဲစဉ်မှာလည်း နိုင်ပွဲဆက်နိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် မန်ယူရဲ့ခြေက အကောင်းဆုံးပုံစံမှာ မရှိပါဘူး။ တိုက်စစ်ကလည်း ဂိုးသွင်းခြေ တည်ငြိမ်မှုမရှိသေးတာကိုလည်း သတိပြုရမှာပါ။ အဲဗာတန်ကတော့ အာဆင်နယ်ကိုအရေးနိမ့်ခဲ့ရပြီး ပရီမီယာလိဂ်မှာ နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရလို့ နိုင်ပွဲပြန်ရရေး အားစိုက်ကစားလာမှာပါ။ အိမ်ကွင်းဖြစ်ပေမယ့် မန်ယူကပ်ပြီးသာနိုင်မယ်။

## နော့ဝှစ်ချ် vs ကာဆယ်

| ပ-ကျော့ | ကာဆယ် | ၆ | ၂ | နော့ဝှစ်ချ် |
|---|---|---|---|---|

ဒီပွဲကလက်ရှိအချိန်မှာ တန်းမဆင်းရရေး ရုန်းကန်နေရတဲ့နှစ်သင်းဆုံတွေ့ပွဲဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာသေချာနေပါတယ်။ နယူးကာဆယ်ဟာ မန်နေဂျာအပြောင်းအလဲလုပ်ပြီး ဘင်နီတက်ဇ်ကို မန်နေဂျာသစ်အဖြစ် ခန့်အပ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ နိုင်ပွဲမရသေးပါဘူး။ ကစားပုံကောင်းလာပေမယ့် တိုက်စစ်က အဆုံးသတ်မသေချာတာကို တွေ့ရပါတယ်။ ဒ့ါအပြင် နော့ဝှစ်ချ်ကလည်း လက်ရှိအချိန်မှာ ခံကစားအား ကောင်းမွန်နေကာ အိမ်ကွင်းပွဲတွေမှာ ခြေပိုကောင်းတတ်ပါတယ်။ နယူးကာဆယ်တို့နိုင်ပွဲရယူနိုင်ဖို့ခက်နေပြီး သရေလောက်ပဲရမယ်။

## ဝက်စ်ဟမ်း vs ပဲလေ့စ်

| ပ-ကျော့ | ပဲလေ့စ် | ၁ | ၃ | ဝက်စ်ဟမ်း |
|---|---|---|---|---|

ဝက်စ်ဟမ်းဟာ လက်ရှိအချိန်မှာ မန်စီးတီးနဲ့ တစ်မှတ်သာကွာတော့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်လောက်တဲ့အထိ အခွင့်အရေးရှိလာပါတယ်။ ဒါကြောင့် ဝက်စ်ဟမ်းအနေနဲ့ ဒီအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒ့ါအပြင် ဝက်စ်ဟမ်းရဲ့ လက်ရှိခြေစွမ်းကလည်းကောင်းမွန်မှုရှိနေသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေတာကြောင့် လက်ရှိခြေပျက်နေတဲ့ ပဲလေ့စ်ကို ဖိအားပေးကစားသွားနိုင်မှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဝက်စ်ဟမ်းပဲအနိုင်ရသွားမှာပါ။

## ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့

CHAMPIONS LEAGUE

| အင်္ဂါနေ့ (၅-၄-၁၆) | ဗုဒ္ဓဟူးနေ့ (၆-၄-၁၆) |
|---|---|
| နံနက် ၁း၁၅ | နံနက် ၁း၁၅ |
| ဘိုင်ယန် - ဘင်ဖီကာ | ဝုဖ်ဘတ် - ရီးရဲ |
| ဘာစီလိုနာ - အက်သလက် | ပီအက်စ်ဂျီ - မန်စီးတီး |